www.burmeseclassic.com

သစ္စာမွန်စာပေ

အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်

# ရွှေဘဝင်ကြိုး



BURMESE CLASSIC

လင်း
09 420040335

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခြင်း - ၂၀၀၁ခုနှစ်၊မတ်လ၊ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - (၅၀၀)ကျပ်
ထုတ်ဝေသူ - ဦးသက်လွင်(သစေမွန်စာပေ)(၀၀၇၇၃)
အမှတ်(၃၀)၊မလွှကုန်းလမ်း
ကျောက်မြောင်း၊တာမွေ၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ - ဦးသက်လွင်(၀၀၆၅၁)
သစေမွန်ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊
တာမွေလမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ရန်ကုန်မြို့။
တွဲနှင့်ချုပ်ရာ - ဝန်းအိမ်
ဖြန့်ချိရေး - သစေမွန်စာပေ
စာအုပ်ချုပ် - သစေမွန်

၀၅၅-၀၃

ရွှေသဝင်
ကြိုး/ရွှေသဝင်း-ရန်ကုန်
သစေမွန်စာပေ၊ ၂၀၀၁၊
၂၀၄-စာ၊ ၁၂ x ၁၈ စင်တီ။
(၁)ကြိုး

သစေမွန်စာပေတိုက်
၂၀၁၊ဒုတိယထပ်၊(၃၂)လမ်းအထက်
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၁၄၂၁


www.burmeseclassic.com

www.burmeseclassic.com

## အမှာ

ညနေခင်းဆည်းဆာချိန်နှင့်အတူ မြစ်ကမ်းနံဘေးတွင် ရေလှိုင်းဂယက်လေးတွေက ရိုက်ခတ်နေဆဲ အချိန်ကလေး တစ်ခု

မြစ်ဆိပ်ကမ်းကလေးပေါ်တွင် မိန်းကလေး(၂)ဦးနှင့် ယောကျ်ားလေး(၂)ဦးတို့ ခရီးဆောင်အိတ်ကိုယ်စီနှင့် တစ်စုံတစ်ယောက်ကိုစောင့်နေကြသည်။ စောင့်နေကြသူတွေမှာ ..

မင်းလှိုင်...ရက္ခဗေဒနှင့် ဘွဲ့ရထားသူ၊ နေကျော်... သမိုင်းဘာသာဖြင့် ဘွဲ့ရထားသူ၊ အိအိသူ.... အင်္ဂလိပ်ဘာသာဖြင့် ဘွဲ့ရထားသူ နောက်ဆုံးတစ်ဦးကတော့ ရန့်ဒီဒီ ဆေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူတို့ဖြစ်ပြီး ရန့်ဒီဒီတို့စောင့်နေသူတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



မှာ ရန်နဒီဒီထက်ကျောင်းစောပြီး၍ဆေးရုံတွင် အလုပ်သင် ဆရာဝန်တာဝန်ကို ဆောင်ရွက်နေသော သော်လွှိုင်အောင်ဖြစ်၏။

“မင်းလွှိုင် ဘယ်နှစ်နာရီထိုးပြီလဲ…ဟ”

“(၅:၀၀)နာရီတောင် ထိုးတော့မယ် ဒီကောင်လုပ်ပုံက မဟုတ်တော့ဘူး”

“နဂိုကတည်းက ငါပြောသားပဲ၊ ဒီဆရာဝန်စုတ်ကို မခေါ်ပါနဲ့ဆိုတာ၊ အိသူမကအတင်းခေါ်ချင်နေတာ”

“ခေါ်ချင်မှာပေါ့ ရန့်ရဲ့ယ်၊ ဒင်းကဆရာဝန်ကတော် ဖြစ်ချင်နေတာပဲ“

“နေကျော် နင့်ပါးစပ်နော်… စည်းမဲ့ကမ်းမဲ့မပြောနဲ့ ခွေးစုတ်”

“အိသူ နင်နဲ့ငါတို့က အစုဝဲဆိုကတည်းက ပေါင်းလာကြတဲ့သူတွေပါဟာ နင့်ဗိုက်ထဲမှာဘာတွေရှိလဲဆိုတာကို သိတယ်”

“ဘာတွေလည်း ချီးတွေလား ဟား ဟား ဟား”

“ချီးတွေမဟုတ်ဘူး အချစ်တွေကွ၊ သော်လွှိုင်ကို ကြိုက်တာမှင်မ်းကိုဆွဲနေတာပဲ…(၁၈)တန်းတုန်းကဆို သော်လွှိုင် အကြောင်း





ကို ရင်ဖွင့်ချင်လွန်းလို့ ငါ့ကိုလက်ဖက်ရည် တိုက်ရတာတစ်မျိုး၊ စာကူးပေးရတာ တစ်မျိုးနဲ့နားဒုက္ခပေးခဲ့တာ… ဒါတောင်တက္ကသိုလ်ရောက်လို့ ကျောင်းမတူလို့ စိတ်ချမ်းသာရမလားမှတ်တယ်၊ ငါ့အိမ်ထိကို လိုက်လာပြီး ရင်ဖွင့်ရတာ အမောပဲ”

“ခွေးစုတ်…ခွေးနာ…ပေါက်ကရပြောဦး”

“အား… သေပါပြီဗျ”

အိအိသူ နေကျော့်ဗိုက်ကို လိမ်ပြီးဆွဲလိုက်တော့သည်။

ရန့်ဒီဒီတို့ သူငယ်ချင်း(၅)ယောက်ဟာ မူလတန်းကျောင်းသားကျောင်းသူဘဝကနေ အထက်တန်းကျောင်းသား ကျောင်းသူဘဝအထိ စိတ်တူကိုယ်တူပေါင်းသင်းလာခဲ့ကြသော သူငယ်ချင်း(၅)ယောက်ဖြစ်သည်။ သူတို့ထဲတွင် သော်လွှိုင်အောင်ကအသက်ကြီးသူဖြစ်တာမို့ ရန့်ဒီဒီထက်စောပြီး ဆေးကျောင်းပြီးကာ ဆရာဝန်ဖြစ်သွားသူပင် ခုသူတို့သွားမယ့် ခရီးကားလေ့လာရေးခရီးတစ်ခုကို ထွက်ခဲ့ကြခြင်းဖြစ်သည်။

သူတို့(၅)ဦးဟာ တစ်နှစ်ကို တစ်ခါလောက် ခရီးတစ်ခုကိုသွားနေကျဖြစ်သည်။ တောင်တက်ခြင်း၊ တောထဲဝင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေကို ဝါသနာတူကြသူများဖြစ်၏။ ယခုရန့်ဒီဒီတို့ ထွက်လာကြသော ခရီးစဉ်ကို စီစဉ်သူမှာ နေကျော်ပင်ဖြစ်သည်။

ရန့်ဒီဒီတို့ (၄)ယောက်လုံး နွေရာသီကျောင်းပိတ်ရက်ကို ရောက်ပြီဆိုရင် မြန်မာပြည်မြေပုံကြီးကို ကြည့်ပြီး ဘယ်ကိုသွားရမလဲဆိုတာကို တိုင်ပင်ကြလေသည်။ မိဘတွေကိုတော့ အထက်မြန်မာပြည်ဘုရားဖူး၊ ချောင်းသာ၊ စသည့်နေရာ အမျိုးမျိုးပြောပြီး သူတို့သွားချင်သော နေရာသို့သွားကြသူများ ဖြစ်သည်။ ရန့်ဒီဒီတို့အိမ်တွင် မင်းလှိုင်၊ အိအိသူ၊ ရန့်ဒီဒီတို့ (၃)ယောက်ကသာ အရင်ဆုံပြီး နေကျော်က မရောက်လာသေးပေ။ သော်အောင်လှိုင်ကတော့ ဆေးရုံတွင် အလုပ်ဝင်နေရခြင်းကြောင့် ဒီခရီးစဉ်ကို မလိုက်နိုင်ဘူးလို့ သတ်မှတ်ထားကြသည်။

"နေကျော်နောက်ကျနေပါလား… ငါတို့ဆုံမယ်ဆို တာကို မင်းလှိုင် နင်ပြောထားသေးလား"

"ပြောတာမှ ဖုန်းနဲ့မဟုတ်ဘူး မနက်က ငါနဲ့အတူ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းပြောလိုက်တာ"

"တီ…တီ"





"ဟော…ပြောရင်းဆိုရင်းကြွလာပါပြီး သေခဲဦးမယ်"

နေကျော်ကားလေးကို ခြံဝန်းထဲမောင်းလာပြီး ရန့်ဒီဒီတို့ ဝိုင်းဘက်ကို လျှောက်လာသည်။ လက်ထဲမှာလည်း စာအုပ်တစ်အုပ်ကို ကိုင်လျက်…

"နေကျော်နင့်လက်ထဲက စာအုပ်က ဘာလုပ်ဖို့ယူ လာတာလဲ"

"အိသူရယ် သူ့အမေ အကြွေးလိုက်ပြီး တောင်းနိုင်းတဲ့ စာရင်းစာအုပ်ဖြစ်မှာပေါ့"

"မင်းလှိုင် မင်းလိုမနက်မိုးမလင်းသေးဘူး ကားတစ်စီးနဲ့ ချစ်တီးတွေလို ငွေတွေလိုက်ပြီး သိမ်းနေတဲ့ ကောင်များ မှတ်နေလား၊ ဒီစာအုပ်က ငါတို့အတွက် အရမ်းကို စိတ်ဝင်စားဖို့ ကောင်းတဲ့စာအုပ်ကွ"

"နေကျော် နင်ပေါက်ကရအပြောစာအုပ်တွေလုပ်မလာနဲ့နော်၊ ခွေးကောင်(၁၀)တန်းတုန်းက နင်စိတ်ဝင်စားဖို့ ကောင်းတဲ့စာအုပ်ဆိုပြီး ငါနဲ့အိသူကို ပေါက်ကရစာအုပ်ကြီး ပေးတာ မမေ့ဘူး"

"ဟဲဟဲ… အဲဒီတုန်းက နောက်တာ ခုဟာကတကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားဖို့ကောင်းတဲ့ စာအုပ် ဒီနှစ်ခရီးသွားဖို့ နေရာ အခက်အခဲကိုဖြေရှင်းပေးမယ့် စာအုပ်ပဲ"

ရှုံ့ဒီဒီတို့နေကျော် စာအုပ်ကို စိတ်ဝင်စားသွားကြသည်။

"ဒီစာအုပ်ထဲမှာ ကျွန်းတစ်ကျွန်းပေါ်က ကျောက်ဆောင်ကြီးတစ်ခုအကြောင်းကို မှတ်တမ်းတင်ရေးထားတာ။ မြန်မာပြည်ကပ္ပလီပင်လယ်ပြင်အစွန်ဆုံးကျတဲ့ ကျွန်းကလေးပေါ်မှာ ပင်လယ်ရေအောက်ကနေ ကျွန်းကြီးဗဟိုကို ဖောက်ထွက်ပြီး ကျောက်ဆောင်ကြီးတစ်ခုထွက်ပေါ်နေတာ"

"အံ့ဩစရာပဲနော် ကျောက်ဆောင်ကြီးက ဘယ်လောက်မြင့်လဲ နေကျော်"

"အမြင့်ပေကို မတိုင်းတာရသေးဘူး ကျောက်ဆောင်ပေါ်ကို တက်မယ်ဆိုရင်တစ်ညအိပ်တက်ရတယ်"

"ဟင်…ဒါဆို အတော်ကြီးကို မြင့်တာပဲဟ"

"ဒါကို သမိုင်းသုတေသီအဖွဲ့တွေက လေ့လာဖို့တော့ ပြင်ဆင်နေကြပါပြီ၊ ငါက သူတို့မသွားခင် အရင်သွားပြီးတော့ လေ့လာချင်တယ်ဟာ နင်တို့ရော ဘယ်လိုစိတ်ကူးရလဲ"





"မင်းပြောတဲ့ကျောက်ဆောင်ကြီးက သွားချင်စရာပဲ"

"အင်း သွားရမယ့်ခရီးက ဝေးမယ်နော်၊ ရေကြောင်းလမ်းကနေသွားရမှာဆိုတော့ အရင်ခရီးတွေလို ခပ်လွယ်လွယ်နဲ့သွားတော့မရဘူး သေသေချာချာစဉ်းစားကြဦး"

"နေကျော်သွားတာတော့ ဟုတ်ပါပြီ၊ ငါတို့က နယ်ခံအသိမရှိဘဲ အလွတ်သက်သက်ကြီးတော့ မဖြစ်ဘူးဟာ"

"ဒီအတွက်မပူပါနဲ့ ငါစီစဉ်ပေးပါ့မယ် ဒီစာအုပ်ကို ပေးတဲ့ဆရာဦးထွန်းဖုံဆီက အကူအညီယူပြီးသွားမှာပါ"

"ဆရာဦးထွန်းဖုံဆိုတာ နင်တို့သမိုင်းဌာနက ဆရာ မဟုတ်လား"

"ဟုတ်တယ်လေ…ငါ့မွေးနေ့တုန်းက နင်တို့နဲ့ မိတ်ဆက်ပေးတဲ့ဆရာ၊ သူက တစ်ခေါက်ရောက်ခဲ့ပြီးပြီ၊ တောင်ပေါ်ထိတော့ မရောက်ခဲ့ဘူး၊ ခရီးတစ်ဝက်ကနေ ပြန်ပြီးဆင်းခဲ့ရတယ်"

"ဘာကြောင့်လဲ"

"ကျန်းမာရေးကြောင့်ပေါ့ဟ၊ သူသွားတုန်းက ကျောက်ဆောင်ဆီကိုမဟုတ်ဘူး ရှေးဟောင်းစေတီလေး တစ်ဆူကို သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီးလေ့လာရင်းက ကျောက်ဆောင်ကြီးကို တွေ့ခဲ့တာနဲ့ ဆက်ပြီး တက်ခဲ့တာတဲ့ ဆရာပြောပုံအရဆိုရင် အရမ်းကို စိတ်ဝင်စားဖို့ကောင်းတာတွေ တွေ့ခဲ့ရတယ် နှစ်ပေါင်း(၃၀၀)လောက်က ရွက်လှေကြီးတွေက ကျောက်ဆောင်ပေါ်မှာ မြန်ပြီးတွေ့ရသလို ပင်လယ်ထဲမှာ နှစ်မြုပ်ပျောက်ကွယ်နေတဲ့ အရာတော်တော်များများကိုလည်း ကျောက်ဆောင်ပေါ်မှာ တွေ့ရတယ်တဲ့"

"ပင်လယ်ရေအောက်ကနေ အပေါ်ကို ကျောက်သားတွေ အဖြစ်နဲ့ တက်လာတော့ ဒါတွေပါလာမှာပေါ့ဟ"

"မင်းလှိုင် မင်းအတွက်စာတန်းတင်လို့ရတဲ့ ရေအောက်သစ်ပင်တွေကို ကျောက်ဆောင်ကြီးပေါ်မှာ ပေါက် နေတဲ့နှစ်ပေါင်းရာချီပြီးရှိခဲ့ဘူးတဲ့ ရေအောက်သစ်ပင်ကြီးတွေ တောင် တွေ့ရမှာနော်"

"ငါတစ်ယောက်တည်းအတွက်ထက် အားလုံးသဘောတူဖို့က အရေးကြီးတယ်၊ ဘယ်လိုသဘောရလဲ ရန့်"

"သွားချင်စရာနေရာလေးပဲ အိသူ"

"စိတ်မကောင်းဘူးဟာ"





"နှင်မလိုက်ဘူးပေါ့"

"မနက်တောင် ထပြီးသွားချင်တယ်"

"ခွေးမ…"

"ဟဲ့…နှင်တို့သော်လှိုင်ကို မခေါ်တော့ဘူးလား"

"သူက ငါတို့လို မဟုတ်တော့ဘူး အလုပ်သင်ဝင်နေရပြီ အားမှာမဟုတ်တော့ဘူး"

"ဘာပဲဖြစ်ဖြစ် သူ့သဘောကိုတော့ မေးကြည့်လိုက်ဦး ပေါ့ဟ"

"အိသူ နှင့်ကောင်ကို နှင်သွားပြီးပြော၊ ဆရာဝန်ဖြင့် ခုမှဖြစ်ခါစ ရှိသေးတယ်၊ ရုပ်ကိုက ပါရဂူရုပ်နဲ့ ကြည့်မရဘူး"

"ကြည့်ရမလား သူက နင့်လို မြက်ပင်တွေကိုနှုတ် ပြီးဆေးဖော်ဖို့လုပ်နေတဲ့သူမှ မဟုတ်တာ၊ ရက္ခဗေဒဘွဲ့သာရပြီး ခုထိသခွားသီးပင်တောင် မတွေ့ဘူးသေးတဲ့ကောင်"

"သူဟာထိတော့ ဆတ်ဆတ်ကို ခါနေတာပဲ နင့်ရုပ်က ဆရာဝန်ကတော်ဖြစ်မယ့်ရုပ်မဟုတ်ဘူး ဗိန္ဓောဆရာမိန်းမ ဖြစ်မှာ"

"အကောင်အစုတ်ပလုတ်"



www.burmeseclassic.com

www.burmeseclassic.com



“တွဲ---ဒါနဲ့တော့ မလုပ်နဲ့ အိသူ”

နေကျော်က လက်ဖက် ပန်းကန်လေးကို အတင်းယူ လိုက်ရသည်။

“အငတ်ကောင်”

“ကဲ…ငါတို့သွားမယ်ဆိုရင် နေကျော် နင်ကသွားရမယ့် ခရီးစဉ်နဲ့ ပတ်သက်ပြီး စုံစမ်းတော့၊ စုံစမ်းပြီးတာနဲ့ ငါတို့ ဘက်က ပြင်ဆင်စရာတွေကို ပြင်ဆင်ကြမယ်”

“ OK ငါ့တာဝန်ထား (၃)ရက်အတွင်း အာလုံး စုံစမ်းပြီးသားဖြစ်ရမယ်”

သူငယ်ချင်း(၄)ယောက်လုံး သဘောတူညီစွာနှင့် ဆုံးဖြတ်ချက်ချခဲ့သောခရီးပင်ဖြစ်သည်။ အိသူက သော်လှိုင်အောင်ဆီသို့ သွားပြီးခရီးစဉ်ကို ပြောပြသည်နှင့် သော်လှိုင်အောင်ပါ လိုက်ခဲ့ခြင်းဖြစ်သည်။

‘ဝူး’

သူတို့နားကို တက္ကစီတစ်စီးထိုးရပ်လာပြီး သော်လှိုင်အောင် ရောက်လာခြင်းဖြစ်သည်။





“နောက်ကျလိုက်တာ သော်လှိုင်”

“နောက်ကျဆို ဆေးတွေ ဝင်ဝယ်ရင်း ဆေးရုံအုပ်ကြီးနဲ့တွေ့ပြီး စကားပြောနေရလို့ကွ”

“မင်းဘယ်လိုလုပ်ခဲ့လဲ”

“ဘယ်လိုလုပ်ရမှာလဲ နယ်ကအဘွားက သူမသေခင် ပဋ္ဌာန်းတက်ပေးချင်လို့ဆိုပြီး ခွင့်ပါတင်ခဲ့ရတာလေ၊ ဆေးအိတ်တွေ ပိုင်းသယ်ဦး”

“သော်လှိုင်”

“ဘာလဲကွ”

“မင်းဆေးတွေက ခရီးသွားရင်း ကုသဖို့ ဆေးတွေနဲ့မတူဘူး ဆေးခန်းဖွင့်ဖို့များ မင်းသယ်လာတာလား”

“နေကျော့် မင်းဆိုတဲ့ကောင်က သမိုင်းနဲ့သာ ဘွဲ့ရတယ် ကျန်စစ်သား အဖေဘယ်သူလဲဆိုတာတောင် ခုထိ မသိတဲ့ကောင်၊ ဒီဆေးတွေပိုပြီး သယ်လာတာ ငါတို့သွားမယ့် အရပ်မှာက ကျန်းမာရေးဆေးကုသမှု အားနည်းတယ်၊ ဒါကြောင့် ခရီးကြုံရင်း ကုသ ပေးနိုင်ဖို့ ဝယ်လာတာကွ၊ ငတုံးရ”



www.burmeseclassic.com

www.burmeseclassic.com



"သောရိုး"

"သွားကြမယ်ဟေ့"

ဆိုင်ကယ်လေးတစ်စီးက ပင်လယ်ရွာဆီသို့သွားတဲ့ မော်တော်ကြီးဆီသို့လာခဲ့ကြတော့သည်။

--------



ရန်နှင့်ဒီဒီတို့လိုက်ပါလာခဲ့ကြသော မော်တော်လေးမှာ မှောင်စပျိုးချိန်ညနေခင်းလေးကို အဖော်ပြုပြီး ခုတ်မောင်းလျက် မော်တော်ဦးခန်း(၂)ခန်းကို ရထားတာကြောင့် ရန်နှင့်ဒီဒီနှင့် အိအိ သူတို့က တစ်ခန်း၊ နေကျော်တို့(၃)ယောက်က တစ်ခန်းခွဲပြီး အိပ်ဖို့ရခဲ့ကြသည်။ (၅)ယောက်လုံးမော်တော်ဦးပိုင်းတွေမှာ ထိုင်လျက် ညနေခင်းကမ်းခြေရဲ့ အလှတွေကိုကြည့်နေကြရင်း...

"အိအိသူ လက်ဖက်သုပ်လေးဘာလေး လုပ်လေဟာ"

"အငတ်ကောင် စားဖို့ပဲ.... နင်ပါ ခါတ်ဘူးနဲ့ ခွက်တွေလိုက်ယူ"



www.burmeseclassic.com

www.burmeseclassic.com



မင်းလှိုင်နဲ့ အိအိသူတို့ဆီမှ အသင့်ပြင်ဆင်လာသော လက်ဖက် သုပ်နှင့် ရေနွေးဓာတ်ဘူးတွေကို သွားပြီး ယူကြသည်။

"ကဲ…စားကြတော့"

ငါးယောက်လုံး လက်ဖက်သုပ်စားကြရင်း နေကျော်မှ

"နင်တို့ကို စိတ်ဝင်စားဖို့ကောင်းတဲ့ သမိုင်းကြောင်းလေး တစ်ခုပြောပြမယ်"

"တော်…တော် နေကျော်…မင်းပြောမယ့်သမိုင်းကြောင်းက သူငယ်တန်းဖတ်စာအုပ်ထဲက ရာဇဝင်ကြောင်း မဟုတ်လား"

"သော်လှိုင် မင်းဆိုတဲ့ကောင်က ကံကောင်းထောက်မပြီး အမှတ်ခြစ်တဲ့ဆရာမတွေ မျက်စိမှောက်လို့ ဆေးလိုင်းရောက် သွားတာကို ဘဝင်မြင့်မနေနဲ့၊ ငါလောက်တော်ရင်မပြောဘူး ဆေးတိုးအပ်တောင် ဖင်မှန်းမသိ ခေါင်းမှန်းမသိတဲ့ ကောင်"

"ကဲပါ…မယားညီအစ်ကို နှစ်ယောက်ရဲ့ ဟုတ်ဟုတ် မဟုတ်ဟုတ် အပျင်းပြေတာပေါ့ နေကျော်ပြော"

"ငါပြောပြမယ့် သမိုင်းကြောင်းတစ်ခုက လွန်ခဲ့တဲ့ နှစ်





ပေါင်း(၅၀၀)လောက်က ဖြစ်စဉ်တစ်ခုကွ၊ ဟိုတလောက ငါနဲ့ ဆရာထွန်းဖေ သမိုင်းစာတမ်းသစ်တင်ဖို့ လုပ်နေတုန်း ဆရာ့ဆီကို ဦးဇေယျနိုင်ဆိုတဲ့ လူတစ်ယောက်ရောက်လာတယ်၊ သူ့ဆီမှာ ရှေးဟောင်းပုရပိုက်တစ်ခုပါလာတယ် ပျူခေတ်က စာတွေကွ၊ သူဒီပုရပိုက်ကို ပင်လယ်ရေအောက်ထဲက ရခဲ့တာတဲ့"

"သူက ဆင်းပြီးရှာတာလား"

"မဟုတ်ဘူး ဦးဇေယျနိုင်က ပင်လယ်ရေအောက်မှာ ရှိတဲ့ သင်္ဘောတွေနဲ့ တခြားပစ္စည်းတွေကို ပြန်ပြီးဆယ်ယူတဲ့ လုပ်ငန်း ကြီးကို လုပ်ကိုင်နေတာ"

"သူက ဘယ်လိုရှာတွေ့ခဲ့တာလဲ"

"သူတို့အဖွဲ့တွေ ပင်လယ်ထဲမှာ နစ်မြုပ်နေတဲ့ သင်္ဘော တစ်စင်းထဲက ပစ္စည်းတွေကို ရသလောက်ပြန်ပြီး ဆယ်နေကြ တုန်း ရှေးဟောင်းသေတ္တာလေး ဇွစ်လုံးကိုရလိုက် ကြတယ်တဲ့"

"နှစ်ပေါင်း(၅၀၀)လောက်က သေတ္တာဆိုတော့ ဘယ်လို သေတ္တာမျိုးလဲကွ"

"သံသေတ္တာ မဟုတ်ဘူး သစ်သားသေတ္တာတစ်လုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ပင်လယ် ဆားငံရေတွေနဲ့ ထိတွေ့နေတာ မဆွေးဘူးလား"

"မဆွေးဘူး မင်းလှိုင်၊ အလွန်ရှားပါးတဲ့ သစ်နက်သားနဲ့ထွင်းပြီး လုပ်ထားတာ၊ သူရတဲ့ ပုရပိုက်တွေဟာ အရင်နှစ်ပေါင်း(၅၀၀)ကလိုပဲ ဘာမှပျက်စီးခြင်းမရှိဘဲ သေတ္တာထဲကနေရလိုက်တာပဲ သူ့ပုရပိုက်စာတွေကိုဘာသာ မပြန်တတ်လို့ ဆရာထွန်းဖေဆီကို လာပြီးပြတာ၊ ဆရာထွန်းဖေက (၅)ရက် လောက်အချိန်ယူပြီး ဘာသာပြန်ပေးလိုက်ရတယ်"

"ပုရပိုက်ထဲမှာ ဘာတွေရေးထားတာလဲ"

"သိရမှာပေါ့ . . လက်ဖက်သုပ်လေးတော့ စားပါရစေဦး"

"တော် . . . တော် . . ."

နေကျော် လက်ဖက်သုပ်ကို စားရင်း ပုရပိုက်ထဲက အကြောင်းကိုပြောပြလေတော့သည်။

– – – – – – –



## နေ့ရက်ကာလမျှ မိန့်ခြာ...

ကျွန်ုပ်ယခု ရေးခဲ့သော ကျမ်းစာမှာ ကြောက်မက်ဖွယ် ဝမ်းနည်းဖွယ်ကောင်းသော ရဒီဖျူးနိုင်ငံတော်ကြီး၏ နောက်ဆုံးနေ့ရက်တွေကို ကျွန်ုပ်အသက်ရှင်ခဲ့ရသော နောက်ဆုံးအချိန်ထိ ရေးခဲ့ခြင်းဖြစ်၏။

ရဒီဖျူးနိုင်ငံတော်ကြီးမှာ ယဉ်ကျေးမှုနှင့် ဘာသာရေး တရားထိုင်းရှိုင်းပြီး အလွန်တင့်တယ်လှပသော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်ုပ်တို့နိုင်ငံတွင် ဆန်စပါး၊ ဂျုံ၊ နှမ်း၊ သစ်သီးဝလံတွေ ပေါများထွက်ရှိပြီး မိမိနိုင်ငံအတွင်းသာမက တခြားသော တိုင်းပြည်များကိုပါ ရောင်းချရသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ထို့အပြင် တခြားနိုင်ငံများနှင့်မတူနိုင်သော အချက်တစ်ခုမှာ ပတ္တမြားတောင်တစ်လုံးကို ပိုင်ဆိုင်ထားသော တိုင်းပြည် ဖြစ်ခြင်းကြောင့် တခြားသောနိုင်ငံများမှ မျက်စိကျပြီး သိမ်း ပိုက်လိုသောကြောင့်ဖြစ်သည်။

ရဒီဗျူးနိုင်ငံကြီးတွင် စစ်သည်အင်အား၊ လက်နက် အင်အားရှိပြီး ထို့အတူ တိုင်းပြည်ကြီးကို ကာရံထားသော ခံတပ်တံတိုင်းကြီးမှာ တစ်ဖက်နိုင်ငံမှရန်သူများ နှစ်နဲ့ချီပြီး ဝိုင်းရံ တိုက်ခိုက်ကြသော်လည်း မရခဲ့ချေ။

တိုင်းပြည်အတွင်းရှိ စစ်သေနာပတိနှင့် တပ်မှူးကြီးများသည် စစ်ရေးဘက်မှာတင်သာမက နှလုံးရည်ပါကောင်းကြသူများဖြစ်သောကြောင့် ရန်သူတို့ကျူးကျော်စော်ကားခြင်းကိုမခံကြရပေ။

ကျွန်ုပ်တို့၏ ဘုရင်မင်းမြတ်ကြီးမှာ ပြည်သူပြည်သားများ





အပေါ်တွင် ဖခင်ရင်းသဖွယ် အုပ်ချုပ်ခြင်းကြောင့် ပြည်သူပြည် သားတို့၏ လေးစားချစ်ခင်မှု ကြည်ညိုမှုတွေကို ပိုင်ဆိုင်ထား သော ကေရာဇ်မင်းဖြစ်သည်။

ကေရာဇ်မင်းကြီးသည် စစ်ရေးဘက်တွင် အားမသန်ပေ။ သူတို့တိုင်းပြည်ကို လုံခြုံမှုအပြည့်နှင့် ကာကွယ်ထားရုံကလွဲပြီး တခြားသော စစ်ပွဲတွေကို မလိုလားသော မင်းတစ်ပါးပင်ဖြစ်သည်။ တခြားသော တိုင်းပြည်များနှင့် သင့်မြတ်အောင် ဆက်ဆံပြီး ငြိမ်းချမ်းရေးကို ထိန်းသိမ်းထား၏။ ကေရာဇ်မင်းကြီး၏ လိုက် [illegible]စွာဆက်ဆံမှုကြောင့်…

ကျွန်ုပ်တို့ ပိုင်ဆိုင်သော အောက်ပိုင်းနယ်မြေတချို့ကို လူရိုင်း မျိုးနွယ်စု တိုင်းပြည်မှ သိမ်းယူထားသည်။

"အရှင်မင်းကြီး ခုကိစ္စကို လျစ်လျူရှုထားလို့ မသင့်မြတ် ပါဘုရား"

မင်းကြီး၏ ညီလာခံတွင် တပ်မှူး ဗိုလ်ပါတွေတင် သာမက အမတ်ကြီးများ စစ်သေနာပတိချုပ်ကြီးများက နယ်မြေ သိမ်း ပိုက်မှုကို လျှောက်တင်ကြပေမယ့် ဘုရင်မင်းမြတ်က နယ်မြေ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်မည့် စစ်ပွဲကို ခွင့်မပြုခဲ့ပေ။

“ငါတို့ပြန်ပြီးရမယ့် နယ်မြေဟာ ငါတို့တိုင်းပြည်ရဲ့ ပိုင်ဆိုင်ထားတဲ့ နယ်မြေတွေရဲ့ အစွန်အဖျားလောက်သာရှိတယ်၊ ဟန္နိတာလူရိုင်းတွေဟာ ခုလိုလာရောက်ပြီး သိမ်းပိုက်ထားခြင်းဖြစ်သည်။ အကြောင်းမဲ့မဟုတ်၊ သူတို့ရဲ့ထောင်ချောက်ကျော့ကွင်းတစ်ခုကို ပြုလုပ်ထားခြင်းဖြစ်သည်။ ထို့အပြင် ငါတို့သွားရောက်ပြီး စစ်ခင်းသည်နှင့် ကေန်မုချ အောင်ပွဲရမည်ဆိုတာကို ငါယုံကြည်တယ်၊ ဒါပေမဲ့ဤစစ်ပွဲတွင် ငါတို့ စစ်သည်တွေ အသက်များစွာကို စတေးခံရမှာ မလွဲပေ။ ငါတို့ပြန်ပြီးရမည့် နယ်မြေကို ပေးဆပ်ရမှာ မတန်လှပေ၊ ဤအတွက်ကြောင့် ငါဘုရင်မင်းမြတ် ခွင့်မပြုရခြင်းဖြစ်တယ်”

ကျွန်ုပ်အပါအဝင် ညီလာခံကြီးထဲတွင်ရှိနေကြသောသူအားလုံး ဘုရင်မင်းမြတ်ကို ဆက်ပြီး မလျှောက်တင်ကြတော့ပဲ ညီလာခံကြီးကို ရုပ်သိမ်းကာ ဟန္နိတာ လူရိုင်းတွေ လက်ထဲကို ကျွန်ုပ်တို့ပိုင်ဆိုင်သော နယ်မြေကြီးကို ပေးထားခဲ့သည်မှာ နှစ်ပေါင်း(၂၀)အကြာတွင် ပြောင်းလဲမှုတစ်ခုဖြစ်ခဲ့ရ၏။





ဘုရင်မင်းမြတ်ကြီး ကံတော်ကုန်ပြီး သမီးတော် နေနတ်သမီးဒေဝီပန်တြွာ ဘုရင်မနန်းတက်လာချိန်တွင် ဟန္နိတာတို့ သိမ်းပိုက်ထားသော ကျွန်ုပ်တို့မြေကို ပြန်လည်သိမ်းယူဖို့ စစ်ပြင်နိုင်းတော့သည်။

နေနတ်သမီးကို စတင်မွေးဖွားကတည်းက နေစကြာတစ်ခုလုံးကို လွှမ်းခြုံသူဖြစ်ရမည်ဆိုတဲ့ နက္ခတ်ပညာရှင်ကြီးတွေ တွက်ချက်တဲ့အတိုင်း ဒေါသကြီးပြီး စစ်ကိုခုံမင် မက်မောသော ဘုရင်မဖြစ်လာခဲ့သည်။

ဒေဝီပန်တြွာနန်းတက်ပြီး (၃)ရက်မြောက်အတွင်း မြောက်အရပ်တွင်ရှိသော တိုင်းပြည်ငယ်တစ်ခုကိုသိမ်းပိုက်ခဲ့ပြီး မြောက်ပိုင်းတိုင်းပြည်တွေကိုပါ စစ်ဦးလှည့်ခဲ့သော ဘုရင်မဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရင်မလက်ထက်တွင် စစ်ပွဲများကိုတိုက်ပွဲဝင်နေရသောကြောင့် ကျွန်ုပ်တို့လက်တွင် သွေးညှီနံ့တွေကအမြဲလိုလို ကပ်တွယ်နေလေသည်။

ယခုစစ်ပွဲကတော့ ကိုယ်ပိုင်ဆိုင်သော နယ်မြေကို ပြန်ပြီးသိမ်းပိုက်ရမည့် စစ်ပွဲတစ်ခုပင်ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ ရဲမက်ဗိုလ်ပါတို့သည် စစ်ပန်းနေကြလေပြီ၊ တိုင်းပြည်တွင်ယောကျ်ားဟူသမျှ လက်နက်တွေကို ကိုင်စွဲပြီး တိုက်ပွဲထဲသို့ မဖြစ်မနေဝင်ရမည်ဟု ဘုရင်မမှ အမိန့်ထုတ်ပြန်ထားသည်။

ကျွန်ုပ်တို့ တိုင်းပြည်မှ ပြည်သူပြည်သားတို့သည် စစ်ကို ကြောက်ရွံ့နေကြလေပြီ……။

ဘုရင်မဒေဗီ ပန်တြွာ၏အမိန့်နှင့် အောက်ပိုင်းနယ်မြေကို ထိုးစစ်ဆင်ပြီး တိုက်ပွဲဝင်ခဲ့သည်မှာရက်ပေါင်း(၃၀)ပြည့်ခဲ့ပြီးမှ နယ်မြေကိုပြန်ပြီးရခဲ့၏။

ကျွန်ုပ်တို့ဘုရင်မင်းမြတ်ကြီး ညီလာခံတွင် ပြောခဲ့သော စကားတွေကို ပြန်ပြီး ကြားယောင်မိသည်။ ကျွန်ုပ်တို့ ပြန်ပြီး ရခဲ့သော နယ်မြေလေးအတွက် ပေးဆပ်ခဲ့ရသော စစ်သည် ရဲမက်ဗိုလ်ပါတို့မှာ ထောင်ချီရှိခဲ့သည်။ ထို့အပြင် ပြန်ပြီး ရခဲ့သော နယ်မြေမှာ သုသာန်ပြင်တစ်ခုအဖြစ်ကလွဲပြီး ဘာမှ အသုံးမဝင်တော့ချေ။

ကျွန်ုပ်တို့အတွက် ထိုစစ်ပွဲဟာ အကြီးမားဆုံးထိတ်လန့်စရာ





စစ်ပွဲကြီးတစ်ခုဖြစ်ခဲ့လေသည်။ ကျွန်ုပ်လက်တွင် ကိုင်စွဲထားသော သွေးစွန်းဓါးကိုပင် မကြည့်ဝံ့အောင်ဖြစ်ခဲ့ရသော စစ်ပွဲတစ်ခုပင်ဖြစ်၏။

ကျွန်ုပ်တို့အောင်ပွဲခံဖို့မဆိုထားနှင့် မသေမပျောက် ကျန်ရစ်သူတွေအားလုံး အလောင်းတွေထပ်နေတဲ့ မြင်ကွင်းကြီးကို ကြည့်ပြီး မှိုင်တွေနေကြသည်။ စစ်ပွဲကြောင့် ကြားခံသေဆုံးခဲ့ရသော အပြစ်မဲ့ပြည်သူတွေ ရှုမမယ်ကလေးတွေဟာ ကျွန်ုပ်တို့အားလုံးကို ခြောက်လှန့်နေလေပြီ…

ကျွန်ုပ်တို့(၃)ရက်မြောက် တပ်စွဲပြီး နေချိန်တွင် တိုင်းပြည်မှ ခြေမြန်တော်ဆင့်ခေါ်ခြင်းကို ခံလိုက်ရသည်။

ကျွန်ုပ်တို့တိုင်းပြည်ကို လူရိုင်းတွေက ဝိုင်းဝန်းတိုက်ခိုက်နေသောကြောင့် တပ်ကိုပြန်ပြီး ဆုတ်ခဲ့ဖို့ ဘုရင်မအမိန့်သဝဏ်လွှာ ဝင်ဖြစ်သည်။

ကျွန်ုပ်တို့ရန်သူ၏ ထောင်ချောက်ကျော့ကွင်းထဲကို ရောက်သွားခဲ့ပြီဆိုတာကို ကောင်းကောင်းကြီး သဘောပေါက်ခဲ့လေပြီ။ ကျွန်ုပ်တို့တပ်တွေ တိုင်းပြည်ကို ပြန်ပြီးဆုတ်ချိန်မှာ ရန်သူ၏



www.burmeseclassic.com

www.burmeseclassic.com



ကြားဖြတ်ချောင်းမြောင်းတိုက်ခိုက်မှုများကို ခံခဲ့ရပြီး ကျွန်ုပ် အပါအဝင် ရဲမက်(၁၀)ဦးသာ တိုင်းပြည်ထဲကို ဝင်ရောက်နိုင်ခဲ့လေသည်။

ရဒီပျူနိုင်ငံကြီးမှာ မီးတောက်မီးလျှံတွေနှင့် မြင်၍မကောင်းလှအောင် ပျက်စီးနေပြီ၊ တိုင်းပြည်ထဲတွင် ကျွန်ုပ်တို့၏ စစ်သည်အလောင်းတွေ ရန်သူအလောင်းတွေမှာ လမ်းပင်မမြင်ရတော့ပါ။

ကျွန်ုပ်တို့ရဒီပျူး နိုင်ငံတော်ကြီးမှာ စစ်ပွဲအောက်တွင် ပျက်စီးသွားခဲ့ပြီဆိုတာကိုပဲ သိလိုက်ရတော့သည်။

ဧကရာဇ်မင်းအဆက်ဆက် စိုးစံခဲ့သော နန်းတော်ကြီးမှာ…သွေးချောင်းစီးလျက် မီးတောက်မီးလျှံတွေနှင့် တွေ့လိုက်ရပြီး ဘုရင်မဒေဝီပန်တြွာကို ကျွန်ုပ် နောက်ဆုံးရှာရသောသူအဖြစ်နဲ့ ရှာဖွေခဲ့ရသည်။

ဘုရင်မဒေဝီပန်တြွာတစ်ယောက် အသက်မသေသေးပါ၊ ကျွန်ုပ်နှင့် ရဲမက်စစ်သည်(၃၀)လောက် တိုင်းပြည်၏ အနောက်ဘက်ဆီမှ ရွက်လှေကြီးဖြင့် တိုင်းပြည်ကိုစွန့်ခွာခဲ့ကြသည်။

ရွက်လှေကြီးထဲတွင် အဖိုးမဖြတ်နိုင်သော ပတ္တမြားများ





ရတနာတွေနှင့် တော်ဝင်မိသားစုနှင့် ကျန်အခြွေအရံတို့ လိုက်ပါလာပါပြီး ကျွန်းတစ်ကျွန်းသို့ ပြောင်းရန်ထွက်ခဲ့ကြတော့သည်။

ဘုရင်မဒေဝီပန်တြွာမှ ကျွန်ုပ်တို့ဘာကြောင့် စစ်ရှုံးခဲ့ရသလဲဆိုသောအမေးကို မေးသဖြင့် ကျွန်ုပ်ဖြေကြားခဲ့ရပါသည်။ ကျွန်ုပ်တို့ စစ်ရှုံးရသော အကြောင်းအရင်းမှာ…

(တစ်) ဘုရင်မသည်စစ်ပွဲတွေကို ခုံမင်ပြီး စစ်နည်းဗျူဟာနည်းပရိယာယ်ကို နားမလည်ခြင်း။

(နှစ်) စစ်တပ်အင်အားကိုသာ ဖြန့်ပြီး စစ်တပ်အင်အားကို ပြန်လည်မဖြည့်တင်းခဲ့ခြင်း။

(သုံး) မိမိစစ်သည်တွေ၏ စိတ်ဓါတ်အင်အားပိုင်းကို မြှင့်တင်နိုင်သော ကိစ္စများကို မဆောင်ရွက်နိုင်ခြင်း။

(လေး) ဘုရင်မ၏ ယုံကြည်ကိုးစားသော စစ်ပွဲ အားပေးကြသူများမှာ သစ္စာဖောက်ဖြစ်နေခြင်း။

(ငါး) တိုင်းပြည်ခံတပ်တံတိုင်းကိုသာ အားကိုးပြုပြီး စစ်အင်အားကို တခြားသော နေရာများတွင် အသုံးပြုထားခြင်းကြောင့် စစ်ပွဲကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုခုံမင်သော ဘုရင်မသည် သူ၏မှားယွင်းသော အမိန့်များနှင့် နတ်ကိုးကွယ်မှုပိုင်းမှာ အကြီးမားဆုံးအမှားကို ပြုလုပ်ခဲ့မိခြင်းကြောင့် နောင်တတရားကို ရရှိခဲ့သော်လည်း ထိုနောင်တသည်များစွာ နောက်ကျသွားခဲ့လေပြီဖြစ်သည်။

ကျွန်ုပ်တို့အတွက် နောက်ထပ်တိုင်းပြည်တစ်ခုကိုတည်ထောင်ရန်ပင်လယ်ပြင်ကြီးကို ရှက်လွှင့်ပြီး ကျော်ဖြတ်ခဲ့လေပြီ။

နေကျော်၏ နေနတ်သမီးဒေဝီပန်တြွာ သမိုင်းကြောင်းကအဆုံးသတ်သွားသဖြင့်..

"မင်းဟာကလဲ ဘာလဲဟ... ဆက်ပြီး ဘာဖြစ်တယ်ဆိုတာပြောဦးလေ"

"ဟုတ်ပါ့ဟယ်... သူတို့က ဘယ်ကိုရောက်သွားကြလဲဘာ တွေဆက်ပြီးဖြစ်လဲဆိုတာပါ ပြောလေ"

"ငါတို့ဖတ်ရတဲ့ ပုရပိုက်ထဲမှာ ဒီအထိပဲပါတာ၊ ဆက်ပြီးတော့ ဘာတွေဖြစ်လဲဆိုတာတော့ မပါဘူး၊ ဆရာထွန်းဖဲကတော့သူတို့ဘာတွေဆက်ပြီး ဖြစ်သလဲဆိုတာကိုတော့ သူ့အတွေးနဲ့ပြောဖော သူတို့အားလုံးပင်လယ်ကြီးထဲမှာ မုန်တိုင်းကြောင့် ဖြစ်စေ၊





သဘာဝ အန္တရာယ် တစ်ခုခု ကြောင့် ဖြစ်စေ ရှက်လှေကြီးနစ်မြုပ်သွား လို့သာဒီသေတ္တာကိုပင်လယ်ရေအောက်ကရခဲ့တာဖြစ်နိုင်တယ်"

"အင်း..ဆရာဦးထွန်းဖဲတွေးသလို ဖြစ်နိုင်ပါတယ်၊ ရှက်လှေ ကြီးမှာပါသွားတဲ့ ပတ္တမြားတွေနဲ့ ရတနာတွေကနည်းမှာမဟုတ် ဘူး"

"ဦးဖေယျနိုင်ကတော့ ဒီရှက်လှေကြီးကို သူတို့သေတ္တာတွေ့တဲ့နေရာကနေ ရှာဖွေမှုတွေပြုလုပ်နေပြီလို့ ကြားတာပဲ"

"ဒီလူကြီးက လောဘကြီးသားပဲ"

"သူက ဒီလိုရေအောက်က ပစ္စည်းတွေနဲ့ ချမ်းသာနေတဲ့လူဆိုတော့ ခုလိုပတ္တမြားတွေများစွာပါတဲ့ ရှက်လှေကြီးကို မရမကရှာဖွေမှာပေါ့ဟ"

"နှစ်ပေါင်းရာချီပြီးကြာခဲ့တဲ့ ရှက်လှေကို ရှာတွေ့ဖို့ ဆိုတာစိတ်ကူးယဉ်သလိုပါပဲဟာ"

"သော်လှိုင် လောဘတရားတွေပူးကပ်တယ်ဆိုရင် ဖြစ်နိုင်တာ မဖြစ်နိုင်တာကို သိပ်ပြီးမစဉ်းစားကြတော့ဘူး။ မင်းလှိုင်



www.burmeseclassic.com

www.burmeseclassic.com



အမေကို ကြည့်ပါလား လောဘတက်ပြီး အစ်ကိုဖြစ်သူကို ငွေအတိုးနဲ့တိုက်ကြီးကို သိမ်းပိုက်တာလေ… မဟုတ်ဘူးလား"

"နေကျော် မင်းမာမီလိုမဟုတ်ဘူးကွ၊ ငါ့ဦးလေးက သူ့နိုင်ငံခြားကို အပြီးပြောင်းလို့ရောင်းသွားတာ၊ မင်းမာမီကသာ ကားတွေကို အောက်ဈေးနဲ့ဝယ်ပြီးတစ်ပတ်ပြန်ပြီး ရိုက်တာ"

"မင်းအမေကပိုပြီး ဆိုးတာပေါ့"

တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ရင်းနဲ့ ညကလေးတစ်ညကို ကျော်ဖြတ်ခဲ့ကြတော့သည်။

---



## အခန်း (၁)

"ဘော်ဘူ…ဘော်…."

မော်တော်ဥဩသံကြောင့် ရုန့်ဒီဒီ မျက်လုံးလေးဖွင့်ပြီးကြည့်တော့ အခန်းထဲတွင် အိအိသူတစ်ယောက် သူ့ဘေးတွင် အိပ်ပျော်နေဆဲ… အိပ်ခန်းကုတင်ကလေးပေါ်မှ ဆင်းပြီး အခန်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ဖွင့်ပြီးကြည့်လိုက်သောအခါ…

"အဲ…တော်"

ပြာလဲ့နေသောကောင်းကင်ကြီးအောက်ရှိ ပင်လယ်ပြင်ကြီးတွင် ကမ်းခြေကို မတွေ့ရဘဲ ပင်လယ်ကို တွေ့လိုက်ရသည်။

"ဒီဒီတောင် နိုးပြီလား"

"အင်း…"

သော်လိုင်တစ်ယောက်တည်း မော်တော်ဘေးရှိဘောင်တန်းကလေးကို ကိုင်လျက်ရပ်နေသည်။

"ဟိုကောင်တွေရော မနိုးသေးဘူးလား"

"နိုးပါလိမ့်မယ်၊ တစ်ညလုံးပေါက်ကရတွေ ပြောပြီး မိုးလင်းကာနီးမှ အိပ်ကြတာ၊ ပင်လယ်ပြင်ကြီးရဲ့အရသာကို ဘာမှ ခံစားတတ်တဲ့ကောင်တွေမှ မဟုတ်တာ"

ရန်နိုင်ဒီဒီ ရေသန့်ဘူးလေးကိုဖွင့်ပြီး သွားတိုက် မျက်နှာသစ် ကိုယ်လက်သန့်စင်လိုက်ပြီးမှ သော်လိုင်ဘေးမှ ထိုင်ခုံလေးတွင် ဝင်ပြီးထိုင်လိုက်သည်။

"နင်ကော်ဖီသောက်မလား"





"ကောင်းတာပေါ့ဟ"

"ခဏစောင့်"

သော်လိုင် မော်တော်ပဲ့ပိုင်းကို လျှောက်သွားပြီး သိပ်မကြာခင်ပြန်ပြီးရောက်လာသည်။

"နင်ပြောတဲ့ ကော်ဖီက ဘယ်မှာလဲဟ"

"ရောက်လာမှာပေါ့ ဒီဒီရယ် ဆန္ဒတွေက စောလိုက်တာ"

"ငါတို့ပင်လယ်ထဲကို ရောက်နေကြတာနော်"

"ပင်လယ်တော့ ပင်လယ်ပဲ၊ ပင်လယ်အစစ်ကြီးတော့ မဟုတ်ဘူး"

"နင့်စကားက ဘာလဲ"

"ပင်လယ်ထဲရောက်နေတာဆိုပေမယ့် ပင်လယ်ဝတစ်ခုကို ဖြတ်ပြီးမောင်းနေတာဟ၊ နင်မနိုးခင် မော်တော်ဆလင် နဲ့စကားပြောနေတာ သူတို့ပြောပြလို့ သိရတာ…"

"ဆရာတို့ ကော်ဖီနဲ့မုန့်ရပြီ တခြားစားချင်တာရှိလည်း အလို့ရတယ်နော်"

"မင်းတို့ မော်တော်ပေါ်မှာ ဘာစားစရာတွေ ရှိနိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ပိုင်းဆို ထမင်းကြော်၊ မုန့်ဟင်းခါး၊ အသုပ်၊ လက်ဖက်ရည်၊ ကော်ဖီနဲ့မုန့်တွေရပါတယ်"

"ဘယ်ဆိုးလို့လည်းကွ၊ စားကြတဲ့သူတွေများရဲ့လား"

"မော်တော်ပေါ်မှာ ပါလာတဲ့သူတွေနဲ့ မော်တော်သမားတွေ ကတော့ မဖြစ်မနေစားရတာပဲလေ၊ ခရီးက(၂)ရက်နဲ့တစ်ညသွား ရတဲ့ခရီးလေ"

"ခု ပင်လယ်ဝကို ဘယ်လောက်ကြာကြာ မောင်းရမလဲ"

"ခုလိုရေစုန်နဲ့ကြုံရင် ငါးနာရီလောက်ပါပဲ၊ ရေဆန်နဲ့များ သွားပြီးကြုံရင်တော့ ခုချိန်ကမောင်းရင် မိုးချုပ်လောက်မှ ရောက်သွားမှာဆရာ"

"တော်တော်လေးကို ဝေးတာပဲ"

"သံချောင်းရေ သံချောင်း"

"ဗျာ… လာပါပြီခင်ဗျာ၊ သွားဦးမယ်နော်"

မော်တော်ထဲမှ ခရီးသည်တစ်ဦးလှမ်းပြီး ခေါ်သောကြောင့် ဆိုင်အလုပ်သမားလေး ရန့်ဒီဒီတို့နားမှ ပြန့်ပြီး ထွက်သွားတော့၏။

"သူတို့ဘဝနဲ့သူတို့ကတော့ ပျော်စရာပဲပေါ့"





"ပင်လယ်ပြင်ကြီးထဲမှာ လုပ်ကိုင်နေကြတဲ့သူတွေ ခရီးသွား နေကြတဲ့သူတွေရဲ့ဘဝကို တွေ့ပြီး ပျင်းဖို့ကောင်းမှာပဲနော်၊ ဒီဒီ တို့တောင် နာရီပိုင်းလောက်နဲ့သွားနေရတာတောင် ပျင်းစရာကြီး ဖြစ်နေတယ်၊ ဘာမှရှုခင်းဆိုတာ တွေ့မှမတွေ့ရဘဲ ရေပြင်ကြီးကို ပဲကြည့်နေရတာ၊ ပြီးတော့ ကမ်းဆိုတာ ဘာမှန်း တောင်မသိရဘူး"

"ငါတို့သွားမယ့် ရွာလေးကို ဒီမော်တော်နဲ့ တစ်ခါတည်း မရောက်ဘူး"

"ဟင်…ဘာနဲ့ဆက်ပြီးသွားရဦးမှာလဲ"

"မော်တော်ကြီးခရီးဆုံးတဲ့ ရွာမှာ တစ်ညအိပ်ပြီး စက်လှေကြီးတွေနဲ့ ဆက်ပြီးသွားရမှာ လိုင်းမော်တော်လေး တွေတော့ရှိတယ်၊ စီးတဲ့သူကများတယ်တဲ့၊ သီးသန့်စက်လှေငှားပြီး သွားရမှာပဲ"

"ကောင်းသလိုပေါ့ဟာ"

"ဒီ…ဒီ…ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…"

"ဟာ…ဘာဖြစ်တာလဲ၊ ဒါ…အချက်ပေးဘဲ(လ်)ဆွဲသံဖြစ်ရမယ်"

"ဒီကညီလေးနဲ့ညီမလေး မော်တော်အခန်းထဲကိုပြန်ပြီးဝင်ကြပါ။ အထဲမှာ သက်ကယ်ဝတ်စုံတွေရှိတယ် ဝတ်ထားကြပါ"

"အစ်ကို ဘာဖြစ်လို့လဲ"

"မိုးသက်မုန်တိုင်းတစ်ခုကျမယ် ခန့်မှန်းထားလို့ပါ"

"ဟုတ်ကဲ့"

ရန့်ဒီဒီ… အိအိသူကို အခန်းထဲဝင်ပြီး နှိုးလိုက်သလို သော်လျှိုင်အောင်မှ နေကျော်နှင့် မင်းလှိုင်တို့ကိုပါ အိပ်ရာမှ နှိုးပြီး တစ်ခန်းတည်းတွင် စုပြီးနေလိုက်ကြသည်။

"ဘာဖြစ်လို့ ငါတို့ကို နှိုးပြီး တစ်ခန်းတည်းမှာ နေခိုင်းရတာလဲ သော်လျှိုင်"

"မင်းပတွေး မုန်တိုင်းကျမယ်လို့ ပြောလို့ဟေ့၊ သက်ကယ်ဝတ်စုံတွေ ဝတ်ထားကြ"

ရန့်ဒီဒီနှင့် အိအိသူက ဝတ်ဆင်ထားပြီးဖြစ်သည်။ သော်လျှိုင်အောင်





နှင့် မင်းလှိုင်တို့ (၂)ဦးဝတ်ထားပေမယ့် နေကျော်ကတော့ မဝတ်ဘဲ ကိုင်ထားသဖြင့်…

"ဟဲ့…မသာကောင်ဝတ်စရာရှိတာကို ဝတ်ထား"

"ဒီပင်လယ်ပြင်လောက်ကတော့ နေကျော်အတွက် ရေအိုင်ထလေးလောက်ပဲ ရှိတာပါ၊ ဟဲ…ဟဲ…"

"နေကျော် ဘာမဟုတ်တဲ့ရေကူးကန်မှာ ကူးပြီး ကိုယ့်ကိုယ်ကို အထင်မကြီးနဲ့၊ မင်းပတွေးပင်လယ်ရေပြင်က အဝီစိကို ဝိုလိမ့်မယ်"

"မင်းလှိုင် မင်းအကုသိုလ်များတိုင်း ငါ့ကို အဝီစိရောက်မယ်လေး ဘာလေးနဲ့၊ ပင်လယ်ထဲမှာ တစ်ခုခုဖြစ်ရင်တောင် မခလာနတ်သမီးက စပိဘုတ်လေးနဲ့လာပြီးကယ်မှာသေချာတယ်"

"ဝေါ…ဝုန်း…"

"အမေ့…ဟာ…ဟင်…ဟိုက်…လုပ်ပါဦးဟ"

ရန့်ဒီဒီတို့ မော်တော်ကြီးကို လေပြင်းကြီးနှင့်အတူ လှိုင်းလုံးကြီးရိုက်ချလိုက်သောကြောင့် သိမ့်ခနဲဖြစ်သွားကာ အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် အားလုံးယိမ်းယိုင်သွားကြသည်။

"ချေးမသားပြောတော့ လေကြီးမိုးကြီးနဲ့၊ ခုငါ့သားမှာ သွေးမရှိတဲ့မျက်နှာနဲ့ကပ်နေတယ်၊ ဝတ်စရာရှိတာ ဝတ်ထားလိုက်"

"အေး…အေးပါကွာ"

"ဒေါက်…ဒေါက်"

အခန်းတံခါးကို ခေါက်သဖြင့် ဖွင့်ကြည့်တော့ မော်တော်မှတစ်ယောက်ကို တွေ့လိုက်ရသည်။

"ငါ့ညီတို့တစ်တွေက ညှိသည်တွေဆိုတော့ ဒီအတွေ့အကြုံကိုသိမှာ မဟုတ်ဘူး၊ အခန်းထဲမှာ ဆက်ပြီးနေကြရင် မူးပြီးအန်ကုန်မယ် ထွက်ခဲ့ကြ"

"ဟာ… ဒီလောက်လှုပ်ခါနေတဲ့ကြားက ဘယ်လိုလုပ်ပြီးထွက်မလဲ အစ်ကိုရယ်"

"ဘေးကနေတစ်ယောက်ချင်း အစ်ကိုခေါ်သွားမှာပါ"

ရန့်ဒီဒီကိုအရင်ဆုံးခေါ်သွားပြီး မော်တော်မောင်းခန်းကို ပို့ကာတစ်ယောက်ပြီးတစ်ယောက်ကိုခေါ်ခဲ့တော့၏။

မော်တော်မောင်းခန်းကိုရောက်မှ ရန့်ဒီဒီတို့(၅)ဦးစလုံး





သိပ်ပြာလွင့်မတတ်မြင်ကွင်းတွေကိုတွေ့လိုက်ရသည်။ လှိုင်းလုံးကြီးတွေမှာ မော်တော်ကြီးကို လွှမ်းမိုးလျက် ကျောက်တောင်ကြီးများလားမှတ်ရသည်။

"မိုးကုတ်စက်ဝိုင်းအောက်မှာ… ခါဦးမိုးတို့အကြိမ်ကြိမ်ခါဆိုဝသဿန်မိုးသဲရင်း ငိုမိတယ်"

"အိ.."

ရန့်ဒီဒီ မော်တော်မောင်းနေသည့် ဆလင်ကို အံ့သြမိတယ်၊ ဒီလောက်အန္တရာယ်ကြီးအောက်မှာ သီချင်းလေးညည်းလို့ဘာမှ ဖြစ်သလိုပင်..။

"မင်းတို့အတွက်တော့ ကြောက်စရာကောင်းချင်ရင် ကောင်းများပေါ့ကွာ၊ ငါတို့အတွက်ကတော့ ဒီလှိုင်းတွေက ကစားစရာကောက်ပဲရှိပါတယ်၊ တစ်ခုတော့ရှိတယ်အတွေ့အကြုံနဲ့ သွေးအေးဖို့တော့ လိုတယ်"

"ဝုန်း…ဝုန်း…ဝုန်း"

မော်တော်ဆီသို့ ဒေါသတကြီးနှင့် ပြေးဝင်လာသော လှိုင်းကြီးများကို မော်တော်ဦးနှင့် ထိုးလျက်



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်းဘယ်လောက်ကြီးကြီး လှေအောက်မှာဆိုတဲ့ စကားပုံလိုပဲ၊ ခုလှိုင်းတွေဟာ မော်တော်အောက်မှာပဲ ရှိရမှာပါ၊ ငါတို့ကြောက်တာ လှိုင်းမဟုတ်ဘူး သောင်တင်မှာကို ပဲကြောက်တာ၊ ခုနှစ်တွေမှာ ကမ်းပြိုမှုတွေများပြီး သောင်တွေက ဟိုနေရာ ထွန်းလိုက် ဒီနေရာထွန်းလိုက်နဲ့၊ သွားနေကျ ငါတို့တောင် တစ်ခါတစ်ခါ သောင်နဲ့ တိုးတတ်တယ်"

"သောင်နဲ့တိုးပြီဆိုရင် ဘာဖြစ်တတ်လဲ"

"ဘာမှတော့မဖြစ်ပါဘူး ခရီးကြန့်ကြာတာပေါ့၊ သောင်တင်ပြီဆိုတာနဲ့ အလုပ်ကရှုပ်ရော၊ ရေထဲဆင်းရ၊ ပန်ကာဖော်ရနဲ့ပြီးတော့ ရေတက်ကို စောင့်ပြီး မောင်းရတာ တစ်ခါတလေ ရေကျနဲ့တိုးရင် ညပါအိပ်ရရောပေါ့"

"မုန်တိုင်းက ခုလိုပဲ မကြာခဏပေါ်တတ်လား"

"တစ်လမှာ တစ်ခါလောက်တော့ ကြုံရတတ်တယ်၊ ဗိုအရင်နှစ်တွေက ခုလိုမုန်တိုင်းလေးတွေ မရှိပါဘူး။ ကမ္ဘာကြီးဘာတွေဖြစ်လို့လည်း မပြောတတ်ဘူး ရာသီဥတုတွေက မမှန်သဘာဝကြီးကဖောက်ပြန်နဲ့ လုပ်ကိုင်ရတာ မလွယ်ပါဘူး"





လေပြင်းတွေကသိပ်အကြမ်းကြီးမဟုတ်တော့ပဲ တဖြည်းဖြည်းငြိမ်သက်လာနေပြီ…

"အော့…အော့"

"နေကျော်"

နေကျော်တစ်ယောက် လှိုင်းမူးပြီး အန်ထုတ်လေတော့သည်။ သော်လှိုင်အောင် တစ်ယောက်…အခန်းဆီသို့ ပြန်သွားပြီး ဆေးပြားလေးတစ်ပြားကိုယူလာပြီးတိုက်လိုက်တော့မှ နေကျော်အအန် ရပ်သွားတော့၏။

"မေခလာနတ်သမီး စပိဘုတ်နဲ့ ကယ်မယ့်ကောင်က ဘယ်လို ဖြစ်ရတာလဲကွ ဟား…ဟား…ဟား…"

မင်းလှိုင်စကားကို နေကျော်ဘာမှပြန်မပြောနိုင်ဘဲ မှိန်း၍နေတော့သည်။

"ဒုတ်…ဒုတ်"

"ဟာ…သွားပြီ"

"ဘာဖြစ်ပြန်ပြီလဲ"

မော်တော်ကြီးမှာ ထိုးရပ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလည်းကွာ ငါပြောတဲ့ သောင်ကြီးနဲ့တွေ့တာလေ"

"သောင်တင်တာလား ဦးလေး"

"ဟုတ်တယ်"

ရန့်ဒီဒီတို့ မော်တော်မောင်းခန်းထဲမှ ထွက်ခဲ့ကြပြီး အပြင်ကို ကြည့်ကြရာ သောင်ကိုမတွေ့ပင်လယ်ရေပြင်ကြီးကိုသာ တွေ့ရေ ရသည်။

"ဖိုးတာတို့ ပစ္စည်းတွေယူပြီးဆင်းကြ"

မော်တော်အလုပ်သမား(၃)ဦး ရေထဲသို့ဆင်းကာ မတ်တတ် ရပ်နေသည်။

"အား… ပါး ပါး ကိုယ်ဖော့ပညာကတော့ တရုပ်ကား ထဲကသိုင်းသမားတွေလား မှတ်ရတယ်"

ဒူးဆစ်လောက် ရေမြုပ်ပြီး ရပ်နေကြသည်ကို တွေ့လိုက်ရ ခြင်းဖြစ်သည်။

"မင်းလှိုင် မင်းကလုပ်ချလိုက်ပြန်ပြီ၊ ရေတိမ်လို့ဖြစ်မှာပေါ့ ကွာ မော်တော်က သောင်တင်နေတာ တော့ရဲ့"





"မသိဘူးလေကွာ"

မော်တော်အလုပ်သမားလေးတွေ လုပ်ဆောင်နေကြသည်ကို စိတ်ဝင်စားစွာကြည့်ပြီးနေကြသည်။

"ဆရာရေ မလွယ်ဘူး သောင်ပေါ်မှပဲ ပန်ကာကို ဖော်လို့ ရမယ်၊ တော်တော်ကိုမြုပ်နေတာ"

"ဒါဆိုလည်း ထားလိုက်ကွာ၊ ဟူး…သောင်ပေါ်မှာ ညအိပ်ရ ဦးမယ်၊ ကဲငါ့တူတို့ ရေဆင်းချိုးရင် ချိုးကြပါလား၊ မိန်းကလေးက တော့ မဆင်းကြနဲ့နော်၊ ဆင်းလို့မရဘူး"

"မိန်းကလေးက ဘာလို့မဆင်းရတာလဲ ဦးလေး"

"ဦးလေးမော်တော်မောင်း လုပ်ခဲ့တာနှစ်(၂၀)လောက် ရှိပြီ၊ ငါ့တူမ မေးတဲ့ ဘာလို့လဲဆိုတာကို ခုထိမသိသေးပါဘူး၊ ရှေး လူကြီးတွေပြောခဲ့တာကို ဦးလေးတို့လည်း လိုက်နာနေရတာ၊ အနီး စပ်ဆုံးပြောရရင် သောင်စောင့်နတ်က မိန်းကလေး ရေချိုးတာကို ကြိုက်ဘူးတဲ့"

မင်းလှိုင်၊ နေကျော်နှင့် သော်လှိုင်အောင်တို့ (၃) ယောက် သောင်းဘီတိုနှင့် ရေထဲဆင်းသွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်အဝေးကြီးမသွားကြနဲ့၊ ခုသောင်ကို ခုမှတွေ့ တာဆိုတော့အနေအထားမသိသေးဘူး"

မော်တော်ပေါ်မှ တခြားခရီးသည်တွေနှင့်အတူပင်လယ်ရေချိုးကြပြီးပြန်တက်ခဲ့ကြတော့သည်။

"ဆလင်ကြီး ဆလင်ကြီး လုပ်ပါဦး"

"ဒေါ်ခင်ပု ဘာဖြစ်တာလဲဗျ"

"အေးမိ မိုက်နာနေလို့"

"ဟာ...ပြဿနာပဲ၊လက်သည်တစ်ယောက်မှ မပါဘူးလား"

"မပါဘူး ဆလင်ကြီးရယ်"

"ကျုပ်လည်း ဘာလုပ်တတ်မှာလဲဗျာ"

ရန့်ဒီဒီတို့ ကြားလိုက်ရပြီး...

"သော်လှိုင် နင်မွေးပေးနိုင်လား"

"မွေးပေးနိုင်တယ် နင်တို့ပါဝင်ကူလေ"

"အင်း..."

"သော်လှိုင် ကြည့်လည်းလုပ်ဦးနော်၊ ဆေးရုံမှာ အလုပ်ဝင်တာ





မှ တစ်နှစ်မပြည့်သေးဘူး၊ ဆရာဝန်လက်မှတ် အသိမ်းခံနေရဦးမယ်"

"နေကျော် မင်းတို့ ခုနက အမူးပြေဆေး မတိုက်ဘဲ အိပ်ဆေးပြားတစ်ခါတည်း တိုက်လိုက်ရမှာ"

သော်လှိုင်၏အရည်အချင်းကို ရန့်ဒီဒီတို့ ယုံကြည်ပြီးသားပါ၊ သော်လှိုင်ဆရာဝန်ဖြစ်တာသူ၏ဝါသနာနှင့် ကြိုးစားမှုကြောင့် ဆရာဝန်ဖြစ်ခဲ့သူ၊ ဆေးကျောင်းသားဘဝထဲမှ ဆေးခန်း ဆေးရုံတို့တွင် သွားရောက်ပြီး လုပ်ကိုင်နေသူ....

"ဦးလေး ဘာမှစိတ်မပူနဲ့ ကျွန်တော်တို့ ကူညီမယ်"

"ဟေ... မင်းတို့က ဆရာဝန်တွေလား"

"ဆရာဝန်ဆိုလို့ ကျွန်တော်တို့(၂)ယောက်ပဲ၊ ကျန်တဲ့သူတွေရဲ့ ဥပဓိရုပ်တွေကိုဦးလေးပဲကြည့်၊ ဒေါက်တာမပြောနဲ့ ကြက်ခြေနီတောင်မပေါက်ဘူး၊ သွားကြမယ်"

ရန့်ဒီဒီနှင့် သော်လှိုင်ဆေးအိတ်ကိုဆွဲပြီး မိုက်နာနေသော [illegible]တလေးဆီသို့သွားကာ နောက်ဘက်အခန်းတစ်ခု တွင်နေရာယူပြီး တစ်နာရီအတွင်း မွေးဖွားနိုင်ခဲ့တော့သည်။



www.burmeseclassic.com

"ဟော့… မွေးပြီ၊ ယောက်ျားလေး"

"တော်သေးတာပေါ့ကွာ၊ မော်တော်ပေါ်မှာ ဆရာဝန်လေးတွေက အသင့်ပါလာလို့"

သော်လှိုင် မွေးလူနာကို လိုအပ်တဲ့ဆေးထိုး ဆေးပေးပြီး ပြန်လာခဲ့သည်။

"ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်"

"ကျေးဇူးတင်စရာမလိုပါဘူး ဒေါ်ဒေါ်ရယ်၊ ဆရာဝန်ဆိုတာ လူနာတွေ့ရင် ကုသပေးရမှာ တာဝန်တစ်ခုပါ"

"ဒေါ်ဒေါ့်နာမည်က ဒေါ်ခင်ပုလို့ခေါ်ပါတယ်၊ အေးချောင်းရွာမှာ ဘယ်သူ့ကိုမေးမေး မေးလို့ရပါတယ်"

"ကျွန်တော်တို့လည်း အေးချောင်းရွာကိုသွားကြမှာပါ"

"ဟန်ကျတာပေါ့ကွယ်၊ ရွာရောက်ရင် ဒေါ်ဒေါ့်အိမ်မှာ တည်းခိုလို့ရတယ်နော်၊ မင်းတို့က ဘယ်မှာတည်းကြမှာလဲ"

"ဦးပိုင်ဆီမှာပါ"

"ရွာလူကြီးအိမ်ကိုး၊ သူ့အိမ်ဆိုတော့ ငါတူတို့ ကျယ် ကျယ်ဝန်းဝန်းနေလို့ရတာပေါ့၊ ဒေါ်ဒေါ့်ဆီကိုတော့ ထမင်းစား လာကြ





ရယ်နော်"

"စိတ်ချပါ ဒေါ်ဒေါ်"

သော်လှိုင်… ဒေါ်ခင်ပုကို နှုတ်ဆက်ပြီး ဆေးအိတ်ကို သိမ်းဆည်းပြီး ဝိုင်းဖွဲ့ထိုင်နေကြတော့သည်။

"ဟယ်…ခုနက ရေတွေ ဘယ်ရောက်သွားပြီလဲ"

မော်တော်ကြီးဘေးဘက်တွင် သဲသောင်ကြီး ကိုတွေ့လိုက်ရတော့သည်။

"ခုကြည့်စမ်း သဲသောင်ကြီးက အရှည်ကြီးပဲဟော့"

"သောင်ပေါ်ဆင်းပြီးဘောလုံးကန်လိုက်ရင် ကောင်းမယ်"

"ငါကတော့ ခရုလိုက်ပြီး ကောက်ချင်တယ်"

"မိန်းကလေးမှ မဆင်းရတာ"

"ဟိုမှာ နင့်မိတွေးတွေ ဆင်းနေကြတာ မတွေ့ဘူးလား၊ ခုပဲဆင်းပြီး မချိုးရဘူးလို့ပြောတာ… ဒီဒီဆင်းရအောင်နော်"

"အေး"

ရန့်ဒီဒီတို့သည် သဲသောင်ပြင်ကြီးမှာ ခရီးစဉ်ရဲ့ အပျော်ခရီးလေးတစ်ခုဖြစ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိသူ…အိသူ…ဟိုမှာဝါးဆစ်ပိုင်းလေး"

"ဒီဒီရယ် ဝါးဆစ်ပိုင်းကလေးတစ်ခုပဲ အထူးအဆန်း လုပ်လို့ဟာ၊ ဒီမှာ ခရုလေးတွေလှမှလှ"

ရန့်ဒီဒီ သောင်ပေါ်တွင် တင်နေသော ဝါးဆစ်ပိုင်းလေးဆီကို သွားပြီး ကောက်ယူကြည့်လိုက်သည်။ ဝါးဆစ်ပိုင်းလေးမှာ သပ်သပ်ရပ်ရပ်လေး ပြုလုပ်ထားပြီး အဝတွင် ရေမဝင် အောင် ပိတ်ထားသဖြင့်…

"အိသူ…အိသူ…လာပါဦးဟ"

"ဒီဒီရယ် ဘာလဲ…ပြော"

"ဒီဝါးဆစ်ပိုင်းလေးကို ဖွင့်ကြည့်ချင်လို့"

"ဒီဒီ မလုပ်နဲ့ အထဲမှာ ဘာတွေပါမှန်းမသိဘဲနဲ့ဟာ၊ ပြန်ပြီးရေထဲချလိုက်ပါ"

"နင်မဖွင့်ရဲရင် ငါဘာသာဖွင့်မယ်"

"ဒီဟာမကတော့ပြောရဆိုရခက်ပြီ ဖွင့်ချင်မှတော့ ဖွင့်ဟာ"

"ဖောက်…"

ရန့်ဒီဒီ ဝါးဆစ်ဘူးအဝကို ဖွင့်လိုက်တော့ ဝါးဆစ်ဘူးထဲတွင်





ကျောက်ဖြူတစ်ခုနှင့် ထုဆစ်ထားသော နှင်းဆီပွင့် လေးတစ်ခုကို တွေ့လိုက်ရသည်။

"ဟယ်…လှလိုက်တာ ကျောက်ဖြူနှင်းဆီရုပ်ကလေး"

နှင်းဆီပွင့်ကလေးရဲ့အောက်တွင် 'ကြိုး'ဆိုတဲ့ စာလေးကို ဒါတွေ့လိုက်ရသည်…။

"ငါ့ကိုပင်လယ်စောင့်နတ်မင်းကြီးက လက်ဆောင်ပေးတာပဲ ဖြစ်ရမယ်"

"ထားလိုက်ပါတော့ ဒေါ်ရန့်ဒီဒီရယ်"

"ဟေး… ဟိုနှစ်ယောက် ရေတက်တော့မယ်တဲ့၊ သွားကြ စို့ဟေ့"

နေကျော်လှမ်းပြီး ခေါ်သဖြင့် မော်တော်လေးဆီကို အပြေး ကလေး ပြန်လာခဲ့သော ရန့်ဒီဒီလက်ထဲတွင်ကျောက်ဖြူ နှင်းဆီ ပွင့်လေး ပါလာခဲ့တော့သည်။

ပင်လယ်ပြင်ကြီး၏အနောက်ဘက်တွင် နေဝန်းနီနီကြီးမှာ ချောင်းအောက်သို့ ငုပ်လျှိုးသွားသလို တဖြည်းဖြည်း ပျောက်ကွယ် သွားမည်။



www.burmeseclassic.com

"မင်းတို့(၅)ယောက်အတွက် ဒေါ်ခင်ပုက ညစာ ကျွေး ပါရစေ ဆိုပြီးဖိတ်ခေါ်ထားတယ်"

"အားနာစရာကြီး ဦးလေးရယ်"

"မင်းလိုင် မင်းလိုက်ပြီးမစားဘူးပေါ့၊ ဒါဆိုနေခဲ့ ငါတို့ပဲ သွားစားမယ်"

"လိုက်ရမှာပေါ့ကွ"

N O P Q



## အခန်း (၂)

ရန့်ဒီဒီတို့လိုက်ပါလာသော မော်တော်ခရီးစဉ်မှာပြီးဆုံးသွားခဲ့ ပြီ···ဆိပ်ကမ်းလုပ်ထားသော နေရာလေးမှာ သစ်သားချောင်းနှင့် တွေကိုညှပ်ပြီး ခင်းထားသော ဆိပ်ကမ်းကလေး တစ်ခုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆိပ်ကမ်းပေါ်တွင် သွပ်မိုးနှင့် အဆောက်အဦလေးတစ်ခု ပြုလုပ်ထားပြီး အောမှာ သစ်သားခင်းနှင့် ခုံတန်းလျားလေးတစ်ခု ခရီးသည်နှင့်အလုပ်သမားတွေ အနားယူဖို့ ပြုလုပ်ထားခြင်းဖြစ် သည်။ ထိုအဆောက်အဦလေးတွင် "အုန်းတန်းကျေးရွာစု" အမည်လေးကို ချိတ်ဆွဲထားသည်။

"တက်ကြမယ်ဟေ့..."

မော်တော်ပေါ်တွင် ခရီးသည်တွေ ကုန်သလောက်ရှိနေပြီး... ဆိပ်ကမ်းပေါ်ကို တင်ဆောင်ရန် ပစ္စည်းတွေသာ ကျန်တော့၏။

ရှေ့ဆုံးမှ မင်းလှိုင်ဦးဆောင်ပြီး ကမ်းပေါ်သို့ တက်သွားသဖြင့်

"မင်းလှိုင်က ဟုတ်တိပတ်တိနဲ့ ရှေ့ကသွားပြီး ဘယ်ကို သွားလဲ"

"သိဘူးလေ"

"လစ္စိ...သူကသိသလိုလိုနဲ့ ဆရာကြီး လေသံနဲ့ ပြောသွား ချည်ရှိသေး"

"နေကျော် မင်းပါးစပ်တွေ ဘာလုပ်ဖို့ ထားတာလဲ"

"ထမင်းစားဖို့"





"ထမင်းမစားနဲ့ ချီးစား"

ကမ်းပေါ်ရောက်သည့်ထိ ရန့်ဒီဒီတို့အုပ်စု ဘယ်ကို သွားရမှန်း သိ...

"ဟဲ့...ငါ့သားတို့ သမီးတို့ ဘာရပ်ပြီး လုပ်နေကြတာ တုံး"

"ဪ...ဒေါ်ဒေါ်.. အေးချောင်းရွာကို ဆက်ပြီးသွားဖို့ကို ဘယ်လိုသွားရမလဲမသိဖြစ်နေတာ"

သော်လှိုင်နှင့် ရန့်ဒီဒီတို့ ကလေးမွေးဖွားပေးခဲ့သော မိန်း မလေး မိခင်ဒေါ်ခင်ပုပင်ဖြစ်သည်။

"ဒေါ်ဒေါ်တို့လည်း အေးချောင်းရွာသွားကြမယ့် သူတွေပဲ ကွယ်၊ မော်တော်ပေါ်မှာ ပျောက်သွားလို့ ရှာသေးတယ်၊ လာကြ... သားကြ... အေးချောင်းရွာကို တစ်ခါတည်းသွားလို့ မရဘူး၊ နောက်ကျမှ သွားကြလို့ရမှာ ဟိုမှာရပ်ထားတဲ့ လှိုင်းမော်တော်နဲ့ သွားကြရမှာ"

"ဟင်..."

ဒေါ်ခင်ပုလှမ်းပြီး ပြလိုက်သော လှိုင်းမော်တော်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူတွေများစွာကို တွေ့လိုက်ရသည်။

"သူတို့က လိုက်ကြမယ့်သူတွေလား ဒေါ်ဒေါ်"

"ဟုတ်တယ် ခုကတည်းက ညအိပ်စောင့်ပြီး နေရာ ယူထားကြတာ"

"အံ့ရားရေ"

မြို့ကလိုင်းကား စီးရတာထက် အခြေအနေ ပိုပြီးဆိုးမည့်ပုံ ရန့်ဒီဒီတို့ (၅)ယောက်စလုံး စိတ်ပျက်စွာနှင့် မော်တော်ကိုကြည့်မိတော့၏။

"ဒေါ်ဒေါ်တခြားစက်လှေ တစ်စီးလောက် ငှားလို့ရော မရဘူးလား"

"ရပါတယ် ဒေါ်ဒေါ် စီစဉ်ပေးပါ့မယ်ကွယ်၊ ဒီညတော့ ရွာဦးကျောင်းဇရပ်မှာ သွားပြီးအိပ်ကြတာပေါ့"

"ဒေါ်ဒေါ်မိန်းကလေးတွေ တည်းလို့ကောင်းပါ့မလား"

"ဒီရွာမှာ ဒီဇရပ်က ခရီးသွားဧည့်သည်တွေ တည်းခိုဖို့ ဆရာတော်ကြီးက ဆောက်ပေးထားတာပါ၊ ပွဲတော်ရက်တွေဆိုရင် ကျောင်းပေါ်မှာတောင် တက်ပြီးအိပ်ကြရတာ၊ ခုရက်တွေက သာမန်ရက်တွေဆိုတော့ အသွားအလာ သိပ်ပြီးမရှိကြဘူး"





ခရီးသည်တွေ အသွားအလာနည်းတာတောင် မော်တော်ပေါ်မှာ ဒီလောက်လူများနေတာ ပွဲတော်ရက်ဆို ဘယ်လိုများစီးကြမလဲမသိ။

ဇရပ်ဆိုပေမယ့် ခပ်သေးသေးမဟုတ် လူ(၁၀၀) နီးပါးလောက် အိပ်လို့ရတဲ့ဇရပ်တစ်ခု ဇရပ်ပေါ်တွင် လူက (၁၀) ယောက်လောက်ပဲရှိသဖြင့် လွတ်လွတ်လပ်လပ်နေထိုင်၍ရသည်။

ရန့်ဒီဒီတို့ (၅)ယောက် နေရာထိုင်ခင်းတွေ ခင်းကျင်းပြီး ရေချိုးဖို့ပြင်ကြတော့သည်။ ရေချိုးသည့်နေရာကို မိန်းကလေးသပ်သပ် ယောကျ်ားလေးသပ်သပ် စီလုပ်ပေးထားသဖြင့် ရေကိုစိတ်တိုင်းကျချိုးရတော့သည်။

"သမီးတို့ ရေချိုးလို့ပြီးရင် ထမင်းစားဖို့ လိုက်ခဲ့ကြဟော့"

"ဟင်... ဒေါ်ဒေါ်ဆိုင်မှာ စားကြရမှာလား"

"ဆိုင်မှာစားရင်တော့ သမီးတို့အတွက် ကုန်ကျမခံနဲ့နော်"

"မဟုတ်ရပါဘူးကွယ် ဒေါ်ဒေါ့်သမက်အိမ်မှာ ကျွေးမှာပါ၊ အစောကတည်းက ထမင်းစားဖို့ကို ချက်ပြုတ်နိုင်းထားပြီးပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အားနာစရာမလိုဘူးနော်”

ရန့်ဒီဒီတို့ မွေးဖွားခဲ့သော ကလေးနှင့်မိခင်ကို သော်လှိုင်ဆေးတိုက် ဆေးထိုးလေးပါ ပြုလုပ်ပြီးသည်နှင့် ဒေါ်ခင်ပု နောက်သို့ လိုက်ခဲ့ကြတော့သည်။

အိအိသူ…ဒေါ်ခင်ပုဘေးနားမှာ ကပ်ပြီးလျှောက်ရင်း…

“ဖေါ်ဒေါ်ကို တစ်ခုလောက်မေးချင်တယ်၊ စပ်စုတာတော့ မဟုတ်ဘူးနော်”

“အင်တာဗျူးတာပေါ့ မေးလေ”

“အဲ…”

ဒေါ်ခင်ပုမှာ ခေသူမဟုတ် မြို့နှင့်ထိတွေ့မှုရှိသူတစ်ဦးဖြစ်နိုင်သည်။

“သမက်အိမ်ရှိရက်နဲ့ ဘာလို့ ဇရပ်မှာ တည်းခိုရတာလဲဟင်…”

“ဒါလား…ခုဒေါ်ဒေါ်နဲ့ပါလာတဲ့ သမီးလေးကြောင့် ဆိုရမှာပေါ့၊ ဒီရွာမှာ အိမ်ထောင်ကျနေတဲ့ သမီးကဒေါ်ဒေါ်သမီးအရင်း။ ဇရပ်ပေါ်က သမီးလေးက မွေးစားသမီးလေ၊ သူတို့ညီမချင်း





စကားများထားပြီး မခေါ်ကြဘူး၊ ဒါကြောင့် ဒေါ်ဒေါ်သမီးငယ်နဲ့ လိုက်ပြီး ဇရပ်မှာနေပေးရတာ”

“သြော်…”

“ရှင်းသွားပြီးနော်၊ မေးချင်တာ ကျန်သေးလား”

“မကျန်တော့ပါဘူးဒေါ်ဒေါ်”

ဒေါ်ခင်ပု ခေါ်ဆောင်လာသော နေရာလေးမှာ ပင်လယ်ကမ်းခြေနှင့် အနီးကပ်ဆုံးနေရာလေးတစ်ခု…

“ဒီရွာလေးက ကျွန်းစုရွာလေးတစ်ခုပါ၊ ဘေးပတ်လည်မှာ ပင်လယ်ပြင်ပဲရှိတယ်”

သောင်စပ်နှင့် သိပ်ပြီးမဝေးသော ခြံကလေးတွင် ပျဉ်ထောင်အိမ်နစ်ထပ်ကြီးကိုဆောက်ထားသည်။ အိမ်ကလေးထဲသို့ ဝင်လိုက်သည်နှင့်…

“ဆရာမကြီးတို့ လာကြပြီဟေ့”

အိမ်ရှေ့တွင် ပုစွန်ခြောက်တွေလှန်းနေသော အမျိုးသမီးကြီးတစ်ဦးလှမ်းပြီးအော်လိုက်သည်နှင့် ထိုင်နေကြသော မိန်းကလေး ယောက်ျားလေးတွေထပြီး မတ်တတ်ရပ်ကြသည်ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပြန်သည်။ ထို့အပြင် အိမ်ပေါ်မှာ ရှိနေကြသော သူတွေပါ ဆက်ပြီးကြိုကြသည်။

"မင်္ဂလာပါ ဆရာမကြီး"

"မင်္ဂလာပါကွယ် မောင်ချစ်··မင်းအဖေနေမကောင်းလို့ဆို"

"ကောင်းသွားပါပြီဆရာမကြီး အိမ်ပေါ်ကိုကြွပါ"

မောင်ချစ်ဆိုတဲ့လူက ရန့်ဒီဒီတို့ကို ခရီးဦးကြိုပြုပြီး အိမ်ပေါ်သို့တက်ခိုင်းလေသည်။

"မေမေ·· အေးမိကလေးမွေးလို့ဆို"

"နှင်းသိပြီးပြီပဲ ဘာလို့ မေးတာလဲ စကားအပိုတွေ မပြောနဲ့၊ ငါခုလာတာ ဧည့်သည်တွေကို ထမင်းကျွေးဖို့လာတာ အေးမိအကြောင်းပြောဖို့လာတာမဟုတ်ဘူး နှင်းမမ···"

"ဆရာမကြီး···ထမင်းတစ်ခါတည်းပြင်လိုက်ရမလား"

"ပြင်လိုက်တော့ ပေါ့ဦး···"

"ဟုတ်ကဲ့"

ဒေါ်ခင်ပုသည် သာမန်အမျိုးသမီးတစ်ဦးလို့ ထင်ရပေမယ့် ရွာသူရွာသားများ၏ လေးစားကြည်ညိုသူ တစ်ဦးဖြစ်ပုံ တော့





ရသည်။

"သူက ဒေါ်ဒေါ့်သမက် ပေါ့ဦးတဲ့၊ ကျောင်းသားဘဝက တည်းက နှုတ်ကျိုးနေတော့ ဆရာမကြီးလို့ခေါ်ဖြစ်တာ"

"ဒေါ်ဒေါ်က ကျောင်းဆရာမကြီးပေါ့"

"ဟုတ်တယ် သမီး အုန်းတန်းရွာမှာ အရင်ကျောင်းအုပ်ဆရာမလုပ်ပြီးမှ အေးချောင်းရွာကျောင်းကိုပြောင်းသွားတာလေ၊ ဒေါ်ဒေါ့်ဇာတိချက်မြှုပ်က ရန်ကုန်ပါ၊ ပညာရေး တက္ကသိုလ်မှာ ဘွဲ့ရပြီး ခုလိုကျေးရွာဒေသလေးတွေမှာ ကျောင်းအုပ်ဆရာဘဝနဲ့ ရပ်တည်ပြီးနေခဲ့တာ ခုဆိုအနှစ်(၃၀) နီးပါးရှိပြီပေါ့ကွယ်၊ ရန်ကုန်ကို (၃)နှစ်ကျော်မှ တစ်ခါပြန် ဖြစ်တယ်"

"အိမ်ထောင်ကျတော့ရော ဒီမှာကျတာလား"

"ဒီရွာမှာ အနေကြာတော့ ဒီရွာသားနဲ့ပဲ ဖူးစာပါခဲ့တာပေါ့ ကွယ်၊ သူက ဒေါ်ဒေါ့်လိုပဲ ရွာခံကျောင်းဆရာလေးတစ်ဦးပါ။ ခုတော့ဆုံးသွားပါပြီ၊ သမီးကြီးနှင်းမမရယ်၊ သားလတ် ကျော်စိုး သမီးငယ် အေးမိရယ် (၃)ယောက်တော့ ဒေါ်ဒေါ့်ဘဝမှာ ကျန်ခဲ့တယ်ဆိုရမှာပေါ့··သားလတ်ကတော့ မြို့ကသူ့အဘွားတွေနဲ့နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေတယ်"

"မေမေ ညည့်သည်တွေစားလို့ရပြီ၊ မေမေပါ တစ်ခါတည်း ဝင်စားပါလား"

"မစားချင်ပါဘူး၊ ညနေဘက်ဆိုရင်ပြည့်ချင်သလို ဖြစ်ဖြစ်နေတယ်"

"သမီး ဆီမှာမြို့က ဝယ်လာတဲ့ အစာကြွေဆေးတွေ ရှိတယ် ယူသွားပါလား"

"မယူတော့ပါဘူး၊ ကဲ···သမီးတို့စားကြကွယ်"

"ဟုတ်ကဲ့"

ထမင်းစားပွဲဝိုင်းကွင် ပြင်ဆင်ထားသော ဟင်းခွက်တွေမှာ များပြားတာကြောင့် ဘယ်ဟင်းခွက်ကို စပြီးနှိုက်ရမှန်းတောင် မသိ၊ ပင်လယ်ကျေးရွာလေးတွင် ပထမဆုံးစားရတဲ့ ထမင်းဝိုင်းလေးကတော့ ထမင်းစားကောင်းလှသော နေ့ကလေးပင်ဖြစ်သည်။

"ပေါ်ဦး"

"ဗျာ···ဆရာမကြီး"





"ငါတို့အတွက် စက်လှေတစ်စင်းစီစဉ်ပေးဦး"

"ဟုတ်ကဲ့···ကျွန်တော်စီစဉ်ထားပါ့မယ်"

"သမီးလေးတို့ ရောက်တုန်း ရောက်ခိုက် ပင်လယ် ကမ်းခြေဘက်လမ်းလျှောက်ထွက်ကြပါလား၊ ဒေါ်ဒေါ်က ဇရပ်ကစောင့်နေမယ်၊ မိကြုတ် နင်လမ်းပြအဖော်လိုက်သွားလိုက်ပြီးရင် ဇရပ်ကိုလိုက်ပို့လိုက်"

ဒေါ်ခင်ပုသမီးနှင့်သမက်တို့ကို နှုတ်ဆက်ပြီး မိကြုတ်နှင့်အတူ ပင်လယ်ကမ်းခြေကို လမ်းလျှောက်ထွက်ခဲ့ကြတော့သည်။

"တကယ်သာယာတဲ့ နေရာလေးပဲနော်ဒီဒီ"

"ဟုတ်တယ် ငပလီတို့ ချောင်းသာတို့ သွားမယ့် အစား ဒီနေရာလေးကိုလာရင် မျက်စိရှုပ်သက်သာသေးတယ်"

နောက်တွင် မင်းလှိုင်၊ သော်လှိုင်၊ နေကျော်တို့ (၃)ဦး ရှေ့တွင် မျိုးဒီဒီတို့ စကားတပြောပြောနှင့် လျှောက်လာခဲ့ကြသည်။

"အရင်တုန်းကဆိုရွာကြီးက ဒီထက်(၂)ဆ ကျယ်တာ ပင်လယ်ရေတိုက်စားပြီး ခုလိုရွာကလေးက သေးသွားတာ မရေ၊ နောက်ဆိုရင် ရွာကလေးတောင်ပျောက်သွားမလားဆိုပြီး စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ၊ တချို့ဆိုတခြားရွာကို ပြောင်းရွှေ့သွားကြပြီလေ"

"ဒီလောက်ကြီးတော့မြန်မြန်ဆန်ဆန်မဖြစ်လောက်ပါဘူး၊ အုန်းတန်းရွာကလေး နောက်ထပ်နှစ်ပေါင်း(၅၀)လောက် တောင် ပျောက်ကွယ်မသွားနိုင်ပါဘူး"

"ဟုတ်ရဲ့လား အစ်ကိုရဲ့"

"သူပြောရင်လွှဲခဲတယ် ညီမလေး၊ တစ်ခုတော့ရှိတယ် မမှန်တာလောက်ပဲရှိတယ်··ဟား··ဟား··ဟား···"

နေကျော်စကားကိုသော်လိုင်မှ ဝင်ပြီးဖောက်လိုက်သဖြင့်···

"ဆရာဝန်စုတ်ကတော့ လုပ်ပြီ"

"ဘယ်သူတွေလဲကွ စကားကို ဆူညံဆူညံပြောလာကြတာ"

"ဟင်···ဟယ်···အို··"

ကျောက်ဆောင်ကွယ်ကြားမှာ လူ(၅)ယောက် အရက်ပုလင်းတွေ ကိုင်သူကိုင် တုတ်၊ ဓားတွေနှင့်ပါတွေ့လိုက်ရတော့သည်၊

"ကိုကုလားကြီး··· သူတို့က ဧည့်သည်တွေပါ၊ ပြဿနာ မလုပ်ပါနဲ့"

"ဘယ်သူလဲမှတ်တယ် ချစ်ချစ်လေး ကြုတ်ပါလား၊ အဲဒီတနှတ်မိမယ်လေးတွေပါလာတာကို"

"ကိုကုလားကြီး ဒါဆရာမကြီး ဧည့်သည်တွေနော်"

"ဆရာမကြီးနဲ့ ပတ်သက်ရင်ပိုပြီးတောင်ကောင်းတယ်၊ ငါ့ကိုရိုက်ထားတာ အရှိုးရာက ခုထိရှိတုန်းပဲ"

"ဒီကနောင်ကြီးတို့ကို တောင်းပန်ပါတယ် သွားခွင့်ပြုပါ"

"ဘယ်သူမှ မသွားရဘူး၊ ဒီနယ်မြေဟာ ကုလားကြီး နယ်မြေ ထဲင်ပြီးရင် ပြန်ထွက်သွားလို့မရဘူး"

"ကိုကုလားကြီး··ရှင်မူးရင် မူးသလိုနေ"

"ကြာတယ်ကွာ··ငါ့ကောင်တွေ ကြုံတုန်းကြုံခိုက် ကြုတ် ထားနဲ့နတ်မိမယ်လေးတစ်ယောက်ကိုခေါ်သွားရအောင်"

"ခင်ဗျားတို့ အနိုင်မကျင့်နဲ့နော်"

"မြို့ကကောင်က မင်းသားလိုလိုနဲ့··ကဲကွာ··"

"ခွပ်···အား"

"နေကျော်"

"ကျန်တဲ့ကောင်တွေ လှုပ်တာနဲ့ တွေ့လား ငါတို့ဓါးတွေက ဘာကြီးတွေမဟုတ်ဘူးခွေးပေါက်··· ကြုတ်လေးနဲ့ နောက်







www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဆွဲခေါ်လိုက်"

"လူယုတ်မာတွေ ခွေးကောင်တွေ"

"ရှင်…ရှေ့မတိုးနဲ့နော်"

နေကျော်တို့ကိုဓါးတွေနှင့် ထောက်ထားပြီး ရန့်ဒီဒီနှင့် မိကြုတ်ကို အတင်းဝင်ပြီး ဆွဲဖို့ကြိုးစားကြသည်။

"ကြည့်ရတာ မျက်စိထဲမှာ ပုံစံမကျဘူး"

"ဟာ…ကြိုး…ရွှင်း…မင်း"

"ဘယ်လိုဖြစ်တာလည်းကုလားကြီး၊ ငါ့မြင်တာနဲ့ ဘီလူး တစ်ကောင်မြင်ရတာ ကျနေတာပဲ၊ ငါ့ရုပ်က ဒီလောက်တောင် ကြောက်စရာကောင်းနေလို့လား"

လျှာထိုးဦးထုပ်အနက်လေးကို ခပ်စိုက်စိုက်ဆောင်းပြီး ဟောင်းနွမ်းနေသော ဂျင်းအင်္ကျီကို ဝတ်ဆင်ကာ ဂျင်းဘောင်းဘီ နှင့် လူတစ်ယောက် အုန်းပင်ပေါ်မှဆင်းလာပြီး ရန့်ဒီဒီတို့ရှေ့ ကိုရောက်လာသည်။

"မင်း…ကိစ္စမဟုတ်ဘူးနော်၊ ဝင်ပြီးမပါနဲ့"

"ကြိုး ဆိုတဲ့ကောင်ရာဇဝင်မှာ မျက်လုံးထဲသိပ်ပြီး [illegible]





ထိုးရဘူးဆိုရင် ပတ်သက်တာတွေ မပတ်သက်တာတွေကို အသာမပြန်တတ်ဘူး၊ သူတို့လမ်းကို သွားခွင့်ပြုလိုက်ပါ"

"မပြုနိုင်ဘူး ငါ့အတွက် ဒါအခွင့်အရေးကွ၊ ခွေးပေါက် မျောက်ညို ဘာလုပ်နေတာလဲ ရှင်းစမ်း"

ကုလားကြီးစကားကို သူ့ကောင်တွေက တုတ်တုတ်မှ မလှုပ်…

"မင်းစကားကို နားထောင်ပုံရတယ်၊ တစ်ကောင်မှ ရှေ့ကို တိုးမလာပါလားကွ၊ သူတို့မတိုးရင် မင်းတိုးဖို့ပဲ ကျန်တော့ တယ်ကုလားကြီး"

"ကဲ…ကွာ"

ကုလားကြီးသူ့လက်ထဲမှ ဓားရှည်နှင့်ဗိုင်းချလိုက်သည်ကို [illegible]ဘာသိကာလေးရှောင်လိုက်သည်ကိုကြည့်ရင်း ရန့်ဒီဒီတို့ [illegible]လုံးပင်မှိတ်လိုက်ရသည်။ အသည်းယားစရာ…

"မင်းဓားခုတ်ချက်က လူကိုမခုတ်နဲ့ တောထဲမှာ ထင်း [illegible]လောက်ပဲသွားပြီးခုတ်၊ ကုလားကြီး မင်းခုတ်တာ မထိခိုင် ချက်ကိုရှောင်လိုက်တော့"



www.burmeseclassic.com

ကုလားကြီး နောက်တစ်ချက်ခါးနှင့် ထပ်ပြီးခုတ်ရာ…

"ဖြောင်း…အီး…ဘုတ်"

ဓားမှာထိုလူဆီသို့ မရောက်လိုက်ဘဲ ကုလားကြီးမှာ ထိုလူ၏ခြေကန်ချက်ဖြင့် နောက်သို့ဖင်ထိုင်လျက်ကျသွားသည် ဓားက တခြား လူကတခြား ထိုလူကျသွားတဲ့ ဓားကို ကောက်ယူပြီး…

"မင်းတို့ထဲကဘယ်သူလှေ့ကျင့်ခန်းလုပ်ချင်သေးသလဲ"

"ဟာ…ကြိုး…ကုလားကြီးကိစ္စ၊ ငါတို့က အရက်သောက် ရှုံသက်သက်ပါ၊ သွား…သွားပါ့မယ်"

ထိုလူကို အတော်လေးပင်ကြောက်ပုံရသည်။ ကျန်သည့် လူ (၄)ယောက်မှာ အနောက်ဘက်ဆီကို သုတ်ခြေတင်တော့သည်။

"ကုလားကြီး မင်းသွားလို့မရဘူး"

"ကြိုး…ကြိုး…ငါတောင်းပန်ပါတယ်ကွာ၊ နည်းနည်း လေးမူးသွားလို့ပါ"

"ငါ့ကို ဓားနဲ့ခုတ်ရဲတဲ့ကောင်ကိုခွင့်လွှတ်ရမယ့်ကိစ္စကတော့ စဉ်းစားလို့တောင်မရဘူး၊ ကုလားကြီး အမှတ်တရတော့ပေးလိုက်





ရမယ်"

"ဒုတ်…အား"

"အမေ့…အဲ"

ရန့်ဒီဒီတို့ ပါးစပ်ကလေး ဟသွားသည်။ ထိုလူ့လက်ထဲ ဓားရှည်မှာ ကုလားကြီးပခုံးထက်ကို စိုက်ဝင်သွားသည်။

"မင်းဓားကို မင်းပြန်နှုတ်ပြီး ယူသွားတော့"

ရန့်ဒီဒီတို့ကို လှည့်တောင်မကြည့်တော့ဘဲ ထိုလူ ချူးထားသော အုန်းသီးတွေဆီကိုသွားပြီး ပခုံးပေါ်ကို ထမ်းကာ ထွက်သွားတော့သည်။

"ဘယ်လိုလူစားမှန်းတော့မသိ"

ရန့်ဒီဒီတို့ရှေ့ဆက်မသွားတော့ဘဲ နောက်ကြောင်းကို ပြန်ပြီး လှည့်ခဲ့ကြရင်းနှင့်…

"ခုနက လူကိုသိလားကျုတ်"

"သိတယ်မမ သူ့နာမည်က ကြိုးလို့ခေါ်တယ်၊ လူသတ်မှုနဲ့ထောင်ကနေပြန်ပြီး လွတ်လာတာ (၁)နှစ်လောက် ပဲရှိသေးတယ်၊ အေးချောင်းရွာမှာ နေရင်း စက်လှေမောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူမိုက်ကြီးနဲ့တူတယ်"

"လူမိုက်တော့ လူမိုက်ပဲ၊ ဒါပေမယ့် လူကောင်းတွေ ပေါ်မှာ တော့မဟုတ်ဘူး၊ လူဆိုးလူရမ်းကားတွေပေါ်မှာ မိုက်တာ၊ သူ့ဆို ရင်ဘယ်လောက်ပဲမိုက်နေတဲ့ ကောင်ဖြစ်ဖြစ် အမြီးလေး ကုတ်သွား တာပဲ၊ ကြိုးဆိုတဲ့လူက ဘာကိုမှကြောက်စိတ်မရှိ သလိုဘဲမမရဲ့ လူတွေနဲ့ ပေါင်းသင်းမှုလည်း သိပ်ပြီးမရှိဘူး၊ သူ့ဘာသာတစ် ယောက်တည်းနေတာ…"

"သူဘာကြောင့် လူသတ်ရတာလဲ သိလား မိကြုတ်"

ရန်နီဒီဒီ…ကြိုးနှင့် ပတ်သက်ပြီး စိတ်ဝင်စားမှု တစ်ခုစိတ်ထဲ မှာဖြစ်ပေါ်ခဲ့ပြီး မေးလိုက်သည်။

"အေးချောင်းရွာလူကြီးသား တောက်တွန်းကို မိန်းကလေး တစ်ဦးအတွက် သတ်ပစ်လိုက်တာ၊ ကျွန်မကြားသလောက် ကတော့ မိန်းကလေးကို တောက်တွန်းက ဖျက်ဆီးပြီး ကိုယ်ဝန် ရှိလာတော့ လက်မထပ်ဘဲ တခြားမိန်းကလေး တစ်ဦးကို ယူမယ့် မင်္ဂလာပွဲမှာ သတ်ပစ်လိုက်တာ"

"အဲ…မိန်းကလေးက သူနဲ့ဘာတော်လို့လဲ"





"ဘာမှမတော်ဘူး လူ့စိတ်ကင်းမဲ့ပြီး နှမချင်းစာနာမှု မရှိတဲ့ ကောင်ကို လူ့ပြည်မှာမထားသင့်ဘူးဆိုပြီး သတ်ပစ်လိုက်တာပဲ မမရေ"

မိကြုတ်ထံမှ ကြားရသော ကြိုးဆိုသောလူ၏ စိတ်ဓာတ် လေးသည် လူအများစုမှာရှိခဲလှသော စိတ်ဓာတ်လေးတစ်ခု…

"လေးစားစရာတော့ ကောင်းနေပြီ"

"နေကျော်…မင်းဆရာတင်လိုက်ပါလား"

"တင်သင့်ရင် တင်ရမယ် ဟိုခွေးမသား ကုလားကြီး သက်သီးကပြင်းလိုက်တာ၊ ကြယ်တွေ လတွေ မြင်သွားတာပဲ"

"ဟား…ဟား…ဟား…"

N O P Q



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရန်ဒီဒီတို့ ခရီးဆက်မည့်စက်လှေပေါ်သို့ တက်စဉ်…

"ဟင်…"

စက်လှေပဲ့ ကိုကိုင်ပြီး ထိုင်နေသူမှာ "ကြိုး"





"လူလေး စက်လှေပြန်ပြီးမောင်းနိုင်ပြီလား"

"ဟုတ်ကဲ့ဆရာမကြီး၊ အေးမိနေကောင်းတယ်နော်"

"ကောင်းပါတယ်ကြိုး၊ မော်တော်ပေါ်မှာ ကိုသားပြောတယ်၊ ကြိုး ဟိုရက်က ငုတ်စူးလို့ဆို"

"ကြိုးမေအတွက် ပုဇွန်ထုပ်သွားငုပ်ရင်းက စူးခဲ့တာ ပျောက်သွားပါပြီ၊ သြော်…ဆရာမကြီး လူအကုန်ပဲလား"

"ဟုတ်တယ် လူလေး သွားလို့ရပြီ၊ ရေကျသွားရင် မင်းခင်ပန်းမယ်"

"ဒေါက်…ဝူး…."

စက်လှေကလေးကို စက်နှိုးပြီးသည်နှင့် ဆိပ်ကမ်းမှ စတင်ပြီး ထွက်လာခဲ့တော့သည်။ တစ်လမ်းလုံးဆရာမကြီး ဒေါ်ခင်ပုမှ တော်ဝန်းကျင်၏အနေအထားလေးတွေကို ရှင်းပြရင်း စက်လှေကလေး မောင်းဝင်လာသော ချောင်းကလေးမှာ ကျောက်ဆောင်ကျောက်တုံးကြီးတွေကြားထဲမို့ မြင်တွေ့ရမှုတွေမှာ စိတ်ဝင်စားဖို့ကောင်းနေသည်။ ရန်ဒီဒီ သူ့လက်ထဲမှ ကင်မရာလေးနှင့် ရိုက်ယူရင်း လိုက်ပါတော့သည်။ တစ်ခါတစ်ခါ စက်လှေပဲ့ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှုခင်းတွေကို ရိုက်ယူရင်း ကြိုးပုံရိပ်က ကင်မရာထဲတွင်းဝင် လာသည်။ သူ၏ မျက်လုံးစုံကို အမှတ်မထင် အကဲခတ်မိ လိုက်သည်။

'ကြိုး'၏မျက်နှာပြင်တစ်ခုလုံးတွင် လောကကြီးနှင့် ကင်းဝေးနေသော မျက်နှာပိုင်ရှင်၊ စာတန်းခေါင်းစဉ်လေးတစ်ခုတပ်ရရင် ဥပက္ခာ လူသားတစ်ဦးဆိုရမလား၊ သူ၏မျက်လုံး နှာတံ နှုတ်ခမ်းပါးပါးတို့မှ ၃ဖြိမ်သက်နေသော ကျောက်သားတစ်ခုအလား ဆိုရမည်၊ ဒါပေမယ့် ကြိုးသည် သူ့ဘဝကို လူသားတွေ အတွက် ပေးဆပ် စတေးရမည်ကို ကြောက်ဝံ့သူတစ်ဦးတော့မဟုတ်.....။

"သြော်...လူလေး မင်းကို ရွာလူကြီးဟောင်းဦးသာချို ရွာထဲမှာနေခွင့်မပြုဘူးဆို၊ ဘယ်လိုဖြစ်ရတာလည်းကွယ်၊ ဆရာမကြီးရန်ကုန်ကိုသွားတာ (၁၀)ရက်တောင် မကြာသေးဘူး၊ လူလေးနဲ့ပတ်သက်ပြီး သတင်းကိုကြားရပြန်ပြီ"

"သူ့သားနဲ့ပတ်သက်ပြီး ကျွန်တော့်အပေါ်မှာ အပြိုး အတောနဲ့ဖြစ်သွားတာပါ ဆရာမကြီး၊ ခင်သူ့အိမ်ကိုညဘက်လူကပ်တယ်ဆိုတာ ကျွန်တော်ပါဆိုပြီး ထောင်ထဲကို ပို့ဖို့လုပ်ကြတာ၊ ဦးပိုင်တောင်းလို့ ရွာပြင်မှာပဲ နေခွင့်ရလိုက်တဲ့ အပြစ်ကိုပေးလိုက်တာ"





"ခင်သူကရော လူလေးမဟုတ်ဘူးဆိုတာကို မပြောပြဘူးလား၊ မင်းနဲ့ဒီလောက်ခင်နေတာ"

"ဆရာမကြီး သိတဲ့အတိုင်းပဲ၊ ဦးသာချိုရဲ့အကြွေးနဲ့ မကင်းတော့ ခင်သူလည်း သူတို့အကြိုက်လိုက်ရတာပဲ၊ ဒါတွေကို ဦးပိုင်သိပ်မိလို့ကြည့်ကောင်းအောင် အပြစ်ပေးလိုက်တာ"

"ခက်တော့ခက်နေပြီ၊ ဦးသာချိုတစ်ယောက် ခုထိကို နောင်တမရသေးဘူး၊ သားဆိုး သားမိုက်(၃)ယောက် မွေးပြီး သူပါရောပြီး မိုက်နေတုန်းပဲ၊ တို့ရွာကိုရောက်ရင် ဦးပိုင်နဲ့ ဆရာမကြီးစကားပြောရဦးမယ်"

"ပြောမနေပါနဲ့တော့ ဆရာမကြီးရယ်၊ ခုနေရတဲ့ နေရာလေးက ကျွန်တော်အတွက် ငြိမ်းချမ်းပါတယ်၊ ရွာမှာလည်း နေချင်ပါဘူး၊ ကြီးမေအတွက်နေပေးနေရတာ"

ရန့်ဒီဒီ ကြိုးနှင့်ဆရာမကြီးပြောဆိုသံတွေကို စိတ်ဝင်စားစွာပဲ နားထောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှူး…ဘုတ်…ဘုတ်"

စက်လှေစက်ကို သတ်လိုက်ပြီး ပန်ကာကို အပေါ်တင်လိုက်သည်ကိုတွေ့လိုက်ရပြီး…

"ဝုန်း…"

'ကြိုး'ရေထဲသို့ ခုန်ဆင်းသွားပြီး လှေဦးမှ ကြိုးစကို ယူကာ ချောင်းရိုးအတိုင်းဆွဲသွားတော့သည်။

"ဒီနေရာမှာက ရေအောက် ကျောက်ကမူတွေပေါတယ်။ ရေတက်ချိန်လောက်ပဲ မောင်းလို့ရတာ ရေကျချိန်ဆိုရင် ခုလိုဆွဲသွားရတာ"

"သြော်…"

ဆရာမကြီးပြောပြသည်ကို နားထောင်ရင်း ချောင်းရေကို ကြည့်လိုက်တော့ ရေအောက်ဆီမှ ကျောက်ကမူတွေနှင့် ရောင်စုံငါးပေါက်လေးတွေကို တွေ့မြင်နေရသည်။

'ကြိုး'မှာ သူတို့လိုက်ပါလာသော လှေကိုဆွဲပြီး ချောင်းရိုးအတိုင်းသွားနေသည်ကို စက်လှေပေါ်မှ အားနာနေမိသည်။

"နေကျော်နဲ့မင်းလှိုင် နင်တို့ပါဆင်းပြီးဆွဲပါလား"





"မဆင်းနိုင်နဲ့သမီး"

"ဘာဖြစ်လို့လဲ ဆရာမကြီး"

"ဒီချောင်းအထာကို မသိဘဲဆင်းရင် ခြေထောက်တွေကို ဘရိုက်ဓားနဲ့ခွဲသလို ဖြစ်သွားမယ်၊ အောက်မှာရှိတဲ့ ကမူတွေက ဓားသွားကျနေတာပဲကွဲ့"

"အိသူ…နင်…ငါ့ကိုကောင်းကောင်းမွန်မွန်နဲ့မမြင်ချင်တော့ဘူးနဲ့တူတယ်"

"ငါက ဟိုမှာတစ်ယောက်တည်း ဆွဲနေရတာကို အားနာလို့ပါဟ"

"သမီးရေ 'ကြိုး'တစ်ယောက်အတွက်တော့ ဘာမှမဟုတ်တော့ပါဘူးကွယ်"

နာရီဝက်နီးပါးလောက်ဆွဲပြီးမှ စက်လှေပေါ်သို့ 'ကြိုး' ပြန်တက်ပြီး စက်ကိုနိုးကာမောင်းတော့သည်။

"ဆရာမကြီး"

"ဘာများလဲ ငါ့တူ"

"ရွာကို ဒီလမ်းကလွဲပြီး တခြားလမ်းကသွားလို့ မရဘူး



www.burmeseclassic.com

www.burmeseclassic.com



လား”

“ပင်လယ်ဘက်ကနေ သွားရင်တော့ ရတယ်၊ လှိုင်းကြမ်းတော့သွားလို့မကောင်းဘူး၊ ပြီးတော့ အန္တရာယ်လည်း များတယ်၊ ဒီလမ်းကတော့ ဘာအန္တရာယ်မှ မရှိဘူးဆိုပေမယ့် တစ်ခါတလေ ရေကြောင်းများပြီး ဝင်လာတဲ့ လိပ်စွန်တို့ ငါးမန်းတို့လောက်ပဲ တွေ့ရတတ်တာပါ”

“ငါးမန်း…အီး”

အိသူ ငါးမန်းအသံကိုကြားသည်နှင့် ပခုံးလေးတွန့်သွားတော့သည်။ အိသူနှင့်ငါးမန်းကဘယ်လို ရေစက်ပါလာသလဲ မပြောတတ်၊ ငါးမန်းကိုအိသူမှာ အသက်ရှင်ရက်နှင့် မဆိုထားနှင့် ရုပ်ရှင်ထဲက ငါးမန်းများကိုတောင် အိအိသူ မကြည့်ရဲသူ၊ ရန့်ဒီဒီ သေးနားကို အတင်းတိုးကပ်ပြီး ထိုင်တော့သည်။

“ဘယ်လိုဖြစ်တာလဲ အိသူရယ်၊ ဆရာမကြီးက ရှိတယ်လို့ ပြောတာမှ မဟုတ်တာ၊ ရှိတတ်တာကို ပြောပြတာပဲဟာ ဖြစ်နေလိုက်တာ”

“ငါးမန်းကြီးရယ် အကောင်(၅၀)လောက်တွေ့လိုက်စမ်းပါ”





“နေကျော်ကောင်စုတ်၊ နှင့်ပါးစပ်ကို ပိတ်ထားနော်”

“မကြောက်စမ်းပါနဲ့ အိသူရယ်၊ ငါးမန်းလောက်ကတော့ င်းလှိုင်ဆိုတဲ့ကောင်က ဒိုင်ဗင်ပစ်ပြီး အရှင်တောင် ဖမ်းပြလိုက် ဦးမယ်”

“မင်းလှိုင် ငါးမန်းကို အရှင်ဖမ်းမပြနဲ့၊ ဟိုမှာမြင်နေရတဲ့ န်းနီတွေပဲ တစ်ကောင်လောက် ဖမ်းပြဦး”

“ဆရာဝန်အစုတ်ပလုတ်၊ မင်းကငါ့ရဲ့ဂုဏ်သတ္တိတွေကို င်သေးတယ်ပေါ့”

“အထင်သေးတာမဟုတ်ဘူး အထင်မကြီးတာ”

တစ်ယောက်တစ်ခွန်းပြောဆိုနေသည့်ကြားတွင် ရန့်ဒီဒီမှာ ့ ကင်မရာလေးနှင့် သေးပတ်ဝန်းကျင်ကို စိတ်ဝင်စားလို့ င်းနေဆဲ…

“ရှူး…ဘုတ်…ဘုတ်…”

‘ကြိုး’စက်လှေစက်ကို သတ်လိုက်သဖြင့်…

“လူလေး ဘာဖြစ်လို့လဲ…”

“ငါးမန်းရောက်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



"အဲတော့...."

ရန့်ဒီဒီတို့ အုပ်စု စကားပင်မဆုံးလိုက်သေးခင် ချောင်းထဲတွင် ငါးမန်းအသံကို ကြားလိုက်ရသဖြင့် စကားသံတွေ တိတ်ဆိတ်သွားသည်။

"ခင်ဗျားတို့ထဲက တစ်ယောက်လောက် အကူအညီပေးပါလား"

"ဘာလုပ်ပေးရမလဲ ပြောပါ"

"စက်ကိုနိုးပေးဖို့ပါ...ပြီးရင် 'တက်' ကိုဖြောင့်ဖြောင့်ကိုင်ထားရုံပဲ"

"ဒီလောက်တော့ ရပါတယ်"

မင်းလှိုင်ထိုင်နေရာမှ ပဲ့ပိုင်းကိုသွားပြီး စက်နေရာတွင် ထိုင်လိုက်သည် 'ကြိုး' သူ့စက်လှေဝမ်းထဲမှ သံချွန်ရှည်နှင့် ကြိုးတွေကိုထုတ်ပြီး လှေဦးမှာ ချည်နှောင်ထားလိုက်သည်။

"လက်တွေမြဲမြဲတော့ ကိုင်ထားကြပါ၊ အကောင်ကကြီးပုံရတယ်"

"ဘုရား...ဘုရား...ဘုရား..."





အိအိသူ တစ်ယောက် လက်ဖျားခြေဖျားတွေ တုန်ယင်ပြီးအေးစက်နေတော့သည်။ စက်လှေကို ကျောက်တုံးကြီးတွေ နံရံနှင့်တွန်းပြီး ဖြည်းဖြည်းချင်းသွားနေရသည်။

"ဟိုမှာ လာနေပြီ...သတိထားကြ"

ချောင်းရေပေါ်တွင် ဆူးတောင်ကြီးကိုသာ တွေ့ရပြီး အကောင်ကိုတော့ မမြင်ရ။ ငါးမန်းကြီးမှာ စက်လှေဆီသို့ တည့်တည့်မတ်မတ်ကြီးကို လာနေတော့သည်။

"ကျုပ်ရေထဲကို ဆင်းတာနဲ့ စက်လှေကို နှိုးမောင်းထွက်တော့"

"ကောင်းပြီ"

'ကြိုး' လှေဦးတွင် ခြေစုံရပ်ပြီး ငါးမန်းကြီးကို ရင်ဆိုင်ဖို့ ပြင်ထားသည်။

"စက်နှိုးတော့"

"ဝှန်း..."

"အမေ့...ဘုရား...ဒုတ်...ဝူး...ဝူး..."

'ကြိုး' ရေထဲကို သံချွန်ကြီးနှင့် ကြိုးကိုကိုင်လျက် ငါးမန်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုး စက်လှေနားသို့ မရောက်ခင်ဒိုက်ထိုးပြီး ဆင်းသွားတော့သည်။

"ဟယ်···သွေး···သွေး···ကွက်တွေ"

"အယ်···"

ရေပေါ်တွင်မြင်တွေ့နေရသော သွေးကွက်ကြီးတွေကြောင့် ရန့်ဒီဒီတို့ အားလုံး ထိတ်လန့်သွားကြသည်။ 'ကြိုး'နှင့် ငါးမန်းကြီး ဘယ်သူ့သွေးကွက်ဆိုတာကို ရင်တမမနှင့် ကြည့် နေကြလေသည်။ မင်းလှိုင် စက်လှေတက်မကို ကိုင်ကာ သူ့ မောင်းတတ်သလောက် မောင်းနေသည်။

"ဗွမ်း··"

"ဟို···ဟိုမှာ··ကြိုး···ကြိုး···"

စက်လှေနောက်မှ ကြိုးစကို ကိုင်ပြီး ပေါ်လာသော 'ကြိုး'မှ စက်လှေစက်ကိုသတ်ရန် လှမ်းပြောလိုက်သဖြင့် မင်းလှိုင် စက်သတ်လိုက်သည်။ စက်လှေနားဆီသို့ ကူးခတ်လာရင်း —

"ကျေးဇူးပဲဗျာ"

"ဟာ···မဟုတ်တာပဲ၊ ကျေးဇူးတင်ရမှာက ကျွန်တော်တို့ပါဗျ"



"လူလေး···အကောင်က တော်တော်ကြီးလား"

"ကြိုးတယ် ဆရာမကြီး ရေကြောင်းမှားပြီး ဝင်လာတာလား၊ အစားငမ်းပြီး ဝင်လာတာလားမသိ၊ ရေကျချိန်ပြန်ပြီး ထွက်နိုင်ဘဲ ကျန်ခဲ့တဲ့အကောင် တိုက်ငါးမန်းပဲ"

"တိုက်ငါးမန်းဆိုရင် ဈေးကောင်းရမှာပေါ့"

"ကြိုးမေ ဆေးကုချင်တာနဲ့ အတော်ဖြစ်သွားတာပေါ့၊ ငါးတာလော ချောင်းကပြန်ပြီးဆိုးနေတာ ဆေးထိုးတာနဲ့ ဆေးကုနေတာလည်းမသက်သာပါဘူး၊ မြို့ဆေးခန်းကိုပဲပြချင်တာ ဆရာမကြီးရဲ့"

"မင်းကြီးမေအတွက် စိတ်မပူနဲ့ ဒီကသားက ဆရာဝန်လေ"

"ဒါဆိုရင် ကျုပ်ကြီးမေရောဂါကို ကြည့်ပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ငွေကြေးကတော့ သိပ်ပြီး မတတ်နိုင်ဘူး"

"ကျွန်တော်ကြည့်ပေးပါ့မယ်၊ ငွေကြေးနဲ့တော့ မကုချင်ဘူး၊ စေတနာ သက်သက်နဲ့ပဲ ကုပေးသွားမှာပါ"


သစ္စာမှန်စာပေ

www.burmeseclassic.com

"ဒီတစ်ခါတော့ ကျေးဇူးတင်ပါရစေဗျာ"

"တင်ချင်ရင် ဆေးကုသလို့ ပျောက်ကင်းသွားမှသာ တင်ပါ။ ခင်ဗျားကျေးဇူးက ကျွန်တော်တို့ အပေါ်မှာ ရှိပြီးသားပါ"

"လူမိုက် လူရမ်းကားတွေကို မြင်ရင် မနေတတ်တဲ့ ကျော် အကျင့်လည်းပါပါတယ်ဗျာ"

စက်လှေလေးမှာ မှိုင်းညို့ညို့ရွာကလေးဆီသို့ ဦးတည် ရွေ့လျားနေလေသည်။

"ဟိုမှာ မြင်နေရတဲ့ အေးချောင်းရွာလေးပါ၊ သူ့နောက် ကကျောက်တောင်ကြီးက နေနတ်သမီးကျောက်တောင်ကြီးလို့ ခေါ်တယ်"

"ဩော်…ဆရာမကြီး ဒီကျောက်တောင်ကြီး ပေါ်လာတာ ကြာပြီးလား"

"အရင်လူကြီးတွေက တိတိကျကျ မှတ်တမ်းမပြုလုပ်ထား ကြတော့ နှစ်အရေအတွက်ကို ပြောလို့မရဘူး၊ တစ်ဆင့် စကား တစ်ဆင့်လောက်ပဲ သိခဲ့ကြတာ ဆရာမကြီး သိသလောက်က ပထမဦးဆုံး ပေ(၂၀)ဝန်းကျင်လောက် ကျောက်ဆောင်ငုတ်… ပေါ်ထွက်လာပြီး နောက်တော့ ကျောက်တောင်ကြီးထိတိုးထွက်လာ တော့တာပဲ ခန့်မှန်းပြီးပြောရမယ်ဆိုရင် နှစ်ပေါင်း(၆၀)ကျော် လောက် ရှိပြီသမီးရဲ့…"

"နှစ်ပေါင်း(၆၀)အတွင်းမှာ ဒီလောက်မြင့်တဲ့ ကျောက် ဆောင်ကြီးပေါ်ထွက်တယ်ဆိုတာ အတော်ကို အံ့ဩဖို့ကောင်း တယ်"

"ပညာရှင်တွေ တွက်ချက်တာကတော့ ရေအောက်မှာ မီး တောင်တွေရဲ့ တွန်းအားကြောင့် ရေအောက်ကြမ်းပြင်ပေါ်ကို တိုး ထွက်တဲ့သဘောလို့ ယူဆထားကြတယ်၊ သူတို့ခန့်မှန်း ချက်အရ ဒီကျောက်တောင်ကြီးဟာ နောင်တစ်ချိန်ချိန်မှာ ပင်လယ်ရေ အောက်ထဲသို့ ပြန်ပြီးရောက်သွားနိုင်တယ်၊ အောက်ခြေမီးတောင် တစ်ခုခု ပေါက်ကွဲတာနဲ့ ကျောက်တောင်ကြီး ရေအောက်ထဲကို ပြန်မြုပ်သွားမှာပဲ၊ ဒါမှမဟုတ်ပင်လယ် ရေအောက် မျက်နှာပြင် ရွေ့လျားမှုနဲ့လည်း နှစ်မြုပ်သွားနိုင်တယ်တဲ့"

"ဒီကျောက်တောင်ကို လူတွေမသွားကြဘူးလား ဆရာမကြီး"







www.burmeseclassic.com

www.burmeseclassic.com



"သမိုင်းအဖွဲ့တစ်ဖွဲ့ပဲ ဒီကျောက်ဆောင်ကြီးကို သွားခဲ့ဖူးတယ်၊ ဒေသခံလူတွေကတော့ မသွားရဲကြဘူး"

"ဟင်…ဘာကြောင့်လဲ"

"ကျောက်တောင်ကြီးမှာ အံ့ဖွယ်ကောင်းတဲ့ ရေသတ္တဝါတွေကို တွေ့လို့ရတဲ့၊ လွန်ခဲ့တဲ့ (၂)နှစ်လောက်က အေးချောင်းရွာသား (၅)ဦး ကျောက်တောင်ကြီးကို သွားကြတာ တစ်ယောက်ပဲ ပြန်နိုင်ခဲ့ပြီး (၄)ယောက်ကတော့ သတင်းအစအနတောင်မရတော့ဘူး ပြန်ရောက်လာတဲ့ တစ်ယောက်ကလည်း ရူးသွပ်သလိုဖြစ်နေတယ်"

"ဒီဒီ…"

"ဘာလဲ အိသူ"

"ငါ….ငါတို့ သွား… သွားလို့ဖြစ်ပါ့မလား"

"သမီးတို့က ကျောက်တောင်ကြီးဆီကို သွားဖို့လာကြတာပေါ့"

"ဟုတ်ပါတယ် ဆရာမကြီး စိတ်ဝင်စားစရာ ကောင်းတယ် သတင်းကြားလို့လာပြီး လေ့လာကြတာပါ"



ရွယ်၊ သွားသင့်မသွားသင့်ကို ရွာမှာ စဉ်းစားဆုံးဖြတ်ကြပါဦး"

"ဟုတ်ကဲ့ ဆရာမကြီး"

ရန့်ဒီဒီတို့ သူငယ်ချင်း(၅)ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်လျက်…။

\- - - - - - - - -

အခန်း(၄)



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးဦးပိုင်အိမ်တွင် ရန့်ဒီဒီတို့ ရောက်နေခဲ့သည်မှာ (၃) ရက် မြောက် ခဲ့ လေပြီ။ ကျောက် တောင် ကြီး သတင်း နှင့် ပတ် သက် ပြီး ကောင်းသောသတင်းကို မရခဲ့ကြပေ။ ကျန်တဲ့ လူ(၄)ယောက် အတွက် ဘာမှအလုပ်မရှိပေမယ့် သော်လှိုင်အတွက်တော့ ရွာတွင် အလုပ်ဖြစ်နေသည်။ ရွာခံသူနာပြုဆရာမတစ်ယောက် ခွင့်ယူပြီး ပြန်ချိန်မို့ရွာတွင် ဆေးဝါးကုသဖို့ အခက်ကြုံနေချိန်ဖြစ်သဖြင့် သော်လှိုင်ဆေးခန်းတွင် ထိုင်ပေးရတော့သည်။ ရန့်ဒီဒီလည်း ဝင်ရောက်ကူညီပေးရသည်။

"ဟူး··ငါတို့ခရီးစဉ်လေးတော့ ပျက်ဖြီးထင်တယ် ဒီဒီရယ်"

"ဟုတ်ပါ့ဟာ ငါတို့ကိုပြောတဲ့လူမှန်သမျှ မသွားကြဖို့ပဲ ပြောနေကြတယ်၊ နေကျော်နှင့် မင်းလှိုင် နင်တို့ဘယ်လို သဘောရလဲ၊ ငါကတော့ သွားချင်တယ်ဟာ"

"နင့်ဆန္ဒနဲ့ ထပ်တူပဲ ဒီဒီ၊ နေကျော်···မင်းဆန္ဒရော"

"မင်းတို့ သွားမှတော့ သွားရမှာပေါ့"





"အိသူ နင့်သဘောကရော"

"ကျောက်တောင်ကြီးကို သွားဖို့လာခဲ့ကြတာ၊ ရောက်အောင် ကိုသွားမယ်"

"ဟိုကောင် ဆရာဝန်စုတ်ကတော့ လိုက်နိုင်မယ့်ပုံမပေါ်ဘူး သူ့လူနာတွေနဲ့ အလုပ်ကို ရှုပ်နေတာပဲ"

"သူရောက်လာလို့ တော်သေးတာပေါ့ဟာ၊ရွာမှာ ရာသီဥတု ခယ်ဆိုးဆိုးကြောင့် ရောဂါဖြစ်တဲ့သူတွေ မနည်းဘူး"

"ဒါနဲ့ ဟို'ကြိုး'···ကြီးမေဆိုတာက သက်သာလား ဒီဒီ"

"မနေ့ကတောင် သော်လှိုင်နဲ့ ငါသွားပြီး ဆေးထိုးပေးတဲ့ ဆီတော့ အခြေအနေတော်တော်ကိုကောင်းနေပါပြီ သူ့ရောဂါ အဆုတ်အားနည်းပြီး ဖြစ်တာပါ"

"ဟော့··သူငယ်ချင်းတွေစုပြီး ဘာတိုင်ပင်နေကြတာလဲ"

"ဦးလေးပိုင်"

ရွာလူကြီး ဦးလေးပိုင် ရန့်ဒီဒီတို့ ဝိုင်းတွင်ဝင်ပြီး ထိုင် လိုက်ပြီး···

"မင်းတို့ကိုကြည့်ရတာ နေနတ်သမီးတောင်ကို သွားဖို့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မလျှော့ချင်တဲ့ပုံစံတွေပဲ"

"ဟုတ်တယ် ဦးလေးပိုင်၊ သမီးတို့သွားချင်တဲ့နေနတ်သမီး ကျောက်တောင်ကို ရောက်အောင်သွားချင်တယ်၊ ငါမသိလို့ မေး ချင်တယ် နေကျော်"

"ဘာလဲ ဒီဒီ"

"ဆရာထွန်းစံပြောပြတဲ့ထဲမှာ ခုလိုအန္တရာယ်ကြီးတာတွေ မပါပါလား"

"ဒါက ဒီလိုတူမရဲ့ ခုလိုနေနတ်သမီးတောင်မှာ ကြော စရာကောင်းတဲ့ အဖြစ်အပျက်တွေ ဖြစ်ခဲ့ရတာ (၅)နှစ်လောက် ရှိသေးတယ်၊ အရင်ကမသွားကြဘူးဆိုပေမယ့် ကျောက်တောင်ကြီး အောက်ခြေလောက်ကိုတော့ တံငါသည် တွေနားခိုကြတယ် အပေါ်ကိုတော့ ဆရာထွန်းစံတို့လောက်ပဲတက်ခဲ့ဘူးကြတော့ ဒေသခံတွေထဲမှာ တက်ခဲ့ဖူးတာဆိုလို့ 'ကြိုး' တစ်ယောက်ပဲရှိ တယ်"

"ဟင်"

"သူကတော့ နေနတ်သမီးတောင်ပေါ်ထိတက်ပြီး အပေါ်မှာ





(၁၀)ရက်လောက်နေခဲ့ဖူးတယ်၊ ငါတူမတို့ မဖြစ်မနေ သွားချင်ရင် ကြိုးကို အကူအညီတောင်းကြပေါ့ကွယ်၊ သူနဲ့ ဆိုရင်တူမတို့ အတွက် အကာအကွယ်တောင်ရသေးတယ်၊ 'ကြိုး' ကသတ္တိ ကောင်းတယ်"

'ကြိုး' နှင့်ပတ်သက်ပြီး ရန့်ဒီဒီတို့ ဦးပိုင်ကိုမေးရန် ပြင်လိုက် စဉ်...

"သူကြီးရေ..သူကြီး.."

"ဘာလဲ ချက်ဖောင်း..."

"လှေပျောက်လို့ လာပြီးတိုင်နေကြတယ်"

"အေး...အေး...ခုလာခဲ့မယ် ရုံးခန်းက စောင့်နိုင်းလိုက်၊ ဒီတလော စက်လှေတွေ မကြခဏပျောက်ပျောက်နေတယ် သူခိုး ကတော့ မိအောင်ဖမ်းရတော့မယ်"

ဦးလေးပိုင်သူတို့ပိုင်းကနေ ကျေးရွာရုံးခန်းလေးဆီသို့ ထွက် သွားတော့သည်။

"ဒီဒီ ထိုင်နေရတာပျင်းတယ် ကမ်းခြေဘက်ကို လမ်း လျှောက်ထွက်ကြရင်ကောင်းမလား၊ နေကျော်နဲ့မင်းလိုင်..နင်တို့



www.burmeseclassic.com

လိုက်ဦးမလား"

"မလိုက်တော့ဘူး ကိစ္စလေးရှိတယ်"

"မင်းလှိုင်နှင်ထုတ်လို့ မဟုတ်လား၊ ရွာအလယ်ပိုင်းမှာ အအေးရောင်းတဲ့ ကြေးကြေးဆိုတဲ့ကောင်မလေးကိုသွားပြီး ကြောင်နေတာမသိဘူး မှတ်နေလား"

"နေကျော်...သစ္စာဖောက် မင်းပြောတာ မဟုတ်လား"

"သူငယ်ချင်း အချင်းချင်း အသိပေးတာပေါ့ကွ"

"မင်းလှိုင်ရယ် ကိုယ့်ကြောင့် တစ်ဖက်သား ခံစားရမယ့် ကိစ္စကိုမလုပ်ပါနဲ့"

"ဟာ..ဒီဒီ...ငါက ဘာလုပ်လို့လဲ၊ သူ့ကိုတွေ့တုန်း ကြုံတုန်းအပျော်စိတ်ထားတာ မဟုတ်ဘူး၊ ငါ့ရင်ထဲက တကယ် ကိုချစ်မိသွားတာ၊ သူ့ဘက်ကသာအဆင်ပြေခဲ့ရင် ခေါ်သွားပြီး ရိုးမြေကျပေါင်းသင်းမှာပါ"

"သူက မလိုက်နိုင်ဘူး ဒီမှာနေမယ်ဆိုရင်ရော"

"ဒါကတော့ ညှိယူရမှာပေါ့၊ နင်သွားချင် သွားတော့ နေကျော် လစ်မယ်"





"ဟင်း...ကြည့်လုပ်ကြနော်"

ရန့်ဒီဒီနှင့် အိအိသူတို့ (၂)ယောက်သောင်ကမ်းခြေဘက်ကို လမ်းလျှောက်ထွက်လာကြသည်။

ကျောက်ဆောင်ကြီးတွေနှင့် ပင်လယ်ကမ်းခြေမှာ တကယ် ထိုင် လှပနေသည့် ပန်းချီကားတစ်ချပ် ဖြစ်နေသည်။ ထို့အပြင် အဝေးတွင် လှမ်းပြီး မြင်နေရသော နေနတ်သမီး ကျောက်တောင်ကြီးမှာ ဒေသခံတွေအတွက် ကြောက်စရာ ကောင်းပေမယ့် ရန့်ဒီဒီ တို့အတွက်တော့ နတ်သမီးရုပ်ကလေးလိုမြင်နေမိသည်။

"နတ်သမီးလေးတစ်ယောက် ထိုင်နေသလား မှတ်ရတယ် ရှင်"

"ငါကတော့ ရေသူမလေး အဝတ်လျှော်နေသလို ထင်တာ ဒီဒီရဲ့"

"အိသူ နင်ပြောလိုက်မှပဲ ရေသူမက အဝတ်လျှော်ရတယ်လို့ ရှုထဲနေတဲ့သူက အဝတ်လျှော်မလားဟဲ့ ကတ်တီး ကတ်ဖဲ့"

"ငါမြင်တာကိုပြောတာပဲဟာ"

"ထားလိုက်ပါတော့"

www.burmeseclassic.com



ပင်လယ်လေနုအေးကလေးတွေကို ရှူရှိုက်ရင်းပင်လယ်ပြင်ကြီးကို ငေးမောကြည့်မိကြသည်။

"သိပ်ပြီးလှတဲ့ မြင်ကွင်းလေးပါလား"

"ဟင်..."

ရန့်ဒီဒီတို့ နောက်မှ ကြားလိုက်ရသော အသံကြောင့် လှည့်ကြည့်မိတော့ လူ(၃)ယောက်၊ မျက်လုံးတွေမှာ နီမြန်းပြီး ရန့်ဒီဒီတို့ကို စူးစူးရဲရဲကြည့်လျက်...

"အိသူ..သွားမယ်"

"ဟိုး...ဟိုး...နေကြပါဦးဗျာ၊ စကားလေးပြောချင်လို့ ခဏလောက်ရပ်ပေးပါ"

"ကျွန်မတို့က ဧည့်သည်တွေနော် ရှင်တို့ မရမ်းကားပါနဲ့"

"စကားသံလေးကြားရတာ နားဝင်ချိုစရာကောင်းလိုက်တာ ဒါမျိုးမှ ဘိုစောတို့က ကြိုက်တာ၊ ကိုကိုတို့နဲ့ ပင်လယ်ကျောက်ဆောင်လေးအောက်မှာ စကားတွေပြောကြရအောင်လား၊ လိုက်ခဲ့ပါ"

"ရှင် ဒါ ဘာလုပ်တာလဲ၊ လွှတ်စမ်း"





"မလွှတ်ဘူး..."

ရန့်ဒီဒီလက်ကို အတင်းဆုပ်ကိုင်လာသဖြင့်...

"ကဲ...ဟာ... ဖြန်း"

"ဟာ...မင်းက လက်သံပြောင်တယ်ပေါ့ ဆွဲခေါ်ကွာ"

"ကယ် ကြ..အုံ...ဝု.."

ရန့်ဒီဒီတို့ပါးစပ်ကို အတင်းဆွဲပိတ်ပြီး ကျောက်ဆောင်အတိဆီကို ဆွဲခေါ်ခဲ့ကြသည်။

"ဟေ့ကောင်...ငစော"

"ဟာ....ကြိုး"

"မင်းတို့လောက် အောက်တန်းကျတဲ့ကောင်တွေ မရှိဘူး၊ ကိုယ့်ရွာကိုအလည်လာတဲ့ ဧည့်သည်ကိုမှ စော်ကားဖို့ ကြံတယ်၊ ခွေးစိတ်ပေါက်နေတဲ့ ခွေးရူးတွေ"

"မင်းသိပ်ပြီးတော့ နေရာတကာမပါလာနဲ့နော်၊ ငါလူ မသတ်ချင်ဘူး"

"ဟား...ဟား...ဟား...ငစော မင်းလိုကောင်မျိုး လာလို့ ပါသေခဲ့ရင် ဆယ်ခါပြန်သေပြလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီကိုသာ မင်းသတ်လို့ရမယ်၊ ဘိုစောဆိုတဲ့ အကောင်ကို မင်းသတ်လို့ရမယ်ထင်နေလား"

"ငါဆိုတဲ့ကောင်က အကြောင်းမဲ့လူမသတ်ဘူး၊ သတ်ဖို့အကြောင်းပေါ်လာရင်လည်း စကားသိပ်ပြီးမပြောဘူး၊ သူတို့ကိုပြန်လွှတ်ပေးလိုက်"

"မင်းခိုင်းတိုင်းလုပ်ရမှာလား၊ ကြွက်နီနဲ့ ကြောင်ပါး တစ်ခါတည်းရှင်းပြီး ပင်လယ်ထဲပစ်ချလိုက်"

ကြွက်နီနဲ့ ကြောင်ပါး ခပ်ရှုံ့ရှုံ့ဖြင့် လက်ထဲမှ ဓားကိုယ်စီဖြင့် ဝင်ခုတ်ကြသည်။

"ဝှီး…ဒုတ်…ဒုတ်"

ဓါးခုတ်ချက်တွေမှာ ကျောက်ဆောင်နံရံတွေကို ထိမိပြီး မီးတောက်တွေ ပွင့်သွားပေမယ့် ကြိုးကို ထိမိခြင်းတော့မရှိ…ကြိုးအသာအယာတိမ်းရှောင်ပြီး သူလက်ထဲတွင် ကိုင်ထားသော တုတ်တိုနှင့် ကြောင်ပါးခေါင်းကို ရိုက်ချလိုက်သည်။

"ခွပ်…အား…"

သွေးတွေမှာ မြင်မကောင်းလောက်အောင် ဖြာထွက်သွားသည်နှင့်ကြွက်နီ ဓားကိုကိုင်ပြီး ကြောင်နေချိန်တွင်…

"လူမိုက်လုပ်ချင်ရင် သွေးကောင်းရတယ်ကွ"

"အွတ်…အီး…"

ကြွက်နီ အရိုက်တည့်တည့်ကို တုတ်တိုနှင့် ထိုးချပြီး မျက်နှာကို လက်ပြန်ရိုက်ချသဖြင့် ကျောက်ဆောင်နှင့် ရိုက်မိကာ ခေါင်းတွင်သွေးများ ယိုစီးကျလာသည်။

"ဘုရား…ဘုရား…ဘုရား…"

"အမေ့"

ရန့်ဒီဒီနှင့် အိလူ…'ကြိုး'၏တိုက်ခိုက်ပုံကိုကြည့်ပြီး ကြောက်မိသွားသည်။ ရန်သူပေါ်မှာ နည်းနည်းလေးမှ မသနားတတ်သော…'ကြိုး' …

"ချောက်"

"မင်း ငါ့နားကိုမကပ်နဲ့နော်"

"ငစောရယ် ခြောက်လက်မလောက်ရှိတဲ့ ဓားလေးနဲ့ကွာ…ထိုးလုပ်စားနေတယ်လို့ကွာ၊ ငါတုတ်တိုနဲ့ ရှင်းရမှာ…သလိုဖြစ်သွားမှာပေါ့"







www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်…"

ကြိုး…သူ့လက်ထဲမှ ဘုတ်တိုကို အဝေးသို့ လွှင့်ပစ်လိုက်သည်နှင့် ဘိုစောသည် ကြောင်ပါးလွှတ်ကျသွားသော ဓားရှည်ကို အမြန်ကောက်ယူပြီး လက်နက်မဲ့သွားသော ကြိုးကို ဝင်ခုတ်တော့သည်။

"ဖြတ်…အီး"

ဘိုစော ခုတ်လိုက်သော ဓားချက်ကို ရှောင်လိုက်ပြီး ကြိုး လက်နှစ်ဖက်ဖြင့် ဓားကိုညှပ်လိုက်သည်။

"ဟယ်.."

'ကြိုး'လက်တွင်သွေးများစီးကျလျက်…

"တိရစ္ဆာန်စိတ်ပေါက်နေတဲ့ ကောင်တွေ သေစမ်းကွာ"

"အား…"

"ကြိုး မလုပ်နဲ့…မလုပ်နဲ့"

ဘိုစောရင်ဝကို ခြေဖြင့်ကန်ပြီး လက်ထဲတွင် ပါလာသော ဓားဖြင့် ဘိုစောကို ပစ်စိုက်ရန်ပြင်လိုက်ချိန်တွင် ရန့်ဒီဒီ…'ကြိုး' လက်ကိုပြေးပြီး ဆွဲထားလိုက်သည်။





"ဥပဒေအတိုင်းရှင်းပါရှင်…"

"ဒီကောင်တွေက ဥပဒေနဲ့ မတန်ဘူး၊ လူ့လောကကြီးမှာ မနေသင့်တဲ့ တိရစ္ဆာန်ကောင်တွေ"

"ကျွန်မ မေတ္တာရပ်ခံပါရစေ…'ကြိုး'ရယ်၊ လူမိုက်တစ်ယောက်ကြောင့် ရှင့်ထောင်ထဲကို ပြန်ပြီးမဝင်ပါနဲ့၊ ရွာလူကြီးဆီမှာသူတို့ မိုက်ရိုင်း ယုတ်မာမှုကို ကျွန်မကိုရှင်းပြခွင့်ပြုပါ"

"ချွင်…"

ကြိုးသူ့လက်ထဲမှ သွေးတွေနှင့် ဓားကို အဝေးဆီသို့ ပစ်လိုက်သည်။

"ရှင့်လက်ကို ဒီလက်ကိုင်ပဝါလေးနဲ့ စည်းထားပြီး ဆေးခန်းကိုလိုက်ခဲ့ပါ"

"ရပါတယ် ရွာလူကြီးဆီကိုပဲ အရင်သွားမယ်"

"ကျွန်မတို့ပါ လိုက်ခဲ့ကြပါ့မယ်"

ရန့်ဒီဒီ…'ကြိုး'လက်ဖဝါးလေးကို သူမလက်ကိုင်ပဝါလေးနှင့် စည်းပေးပြီး ထွက်လာခဲ့ကြတော့သည်။

ရန်သူအပေါ်မှာ ရက်စက်မှုစိတ်ဓါတ်မှာ မာကြောသလောက်

www.burmeseclassic.com

www.burmeseclassic.com

---





"ဦးပိုင် ခုကိစ္စ ဘယ်လိုအရေးယူမလဲ"

ဘိုစော ဖခင်သူကြီးဟောင်းဦးသာချို့မှ မျက်နှာ ခပ်တင်းတင်းဖြင့် ပြောလိုက်သော စကားသံမှာမာကြောကြော…

"ဦးသာချို့ ခင်ဗျားက 'ကြိုး'ကို အရေးယူနိုင်းတာလား"

"ဟုတ်တာပေါ့ သူ့ကြောင့်ကြွက်နီနဲ့ကြောင်ပါး အခြေအနေမကောင်းဘူး၊ မြို့ဆေးရုံကို ပို့လိုက်ရပြီ"

"ကြွက်နီနဲ့ကြောင်ပါး ကိစ္စကို မြို့တက်ပြီးကျုပ်ရှင်းမယ်၊ ခင်ဗျားဘာမှပြောစရာမလိုဘူး၊ ပြောစရာလိုတာ ခင်ဗျား သား ထုတ်မှာတဲ့ကိစ္စ၊ ဘယ်လောက်ထိ ဥပဒေမဲ့တယ်ဆိုတာကို ခင်ဗျား သူကြီးလုပ်ခဲ့ဖူးတော့ သိမှာပေါ့ဗျာ၊ မိန်းကလေးတွေက အမှုကို မြို့ထိတက်ပြီးဖွင့်မှာ၊ သိပ်မကြာခင် မြို့ကရဲတပ်ဖွဲ့ဝင်တွေရောက် လာတော့မှာပါ"

"ဘာ…"

"ခင်ဗျားသားကို ခင်ဗျားကိုယ်တိုင်အပ်မလား၊ ဥပဒေအရ ရမ်းထုတ်ရမလားကိုပဲ ခင်ဗျားပြောပါ၊ ကျုပ်တာတွေပြော မနေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့တော့”

“ကျုပ်ကျုပ်သားကို ကျုပ်ကိုယ်တိုင်အပ်ပါ့မယ်၊ ခင်ဗျား ကရော ‘ကြိုး’ဆိုတဲ့ကောင်ကို ဘာလုပ်မှာလဲ”

“ကြိုးကိုဥပဒေ လမ်းကြောင်းပေါ်ကနေကာကွယ်သွားမှာပဲ၊ ခုဖြစ်တဲ့ကိစ္စဟာ ‘ကြိုး’နဲ့ရန်ဖြစ်တဲ့ကိစ္စမဟုတ်ဘူး၊ မိန်းကလေး(၂)ယောက်ရဲ့ ဘဝကို ကယ်တင်ရတာ‥ ‘ကြိုး’နဲ့ ပတ်သက်ပြီး ကျုပ်တို့ဘက်ကတော့ ကာကွယ်ပေးရမှာပဲဗျ၊ ဒါကို ခင်ဗျား ရှင်းချင်တယ်ဆိုရင် ကြိုက်တဲ့ပုံစံနဲ့ရှင်းနိုင်တယ်၊ ကျုပ်သူကြီးရာထူးပြုတ်ချင်ပြုတ်သွားပါစေ၊ အမှန်တရား ဘက်ကပဲ နိုင်နိုင်မာမာ ရပ်တည်မှာ”

“ကျွန်မတို့နှစ်ယောက်ကလည်း ‘ကြိုး’အတွက် ဥပဒေအတိုင်း ရပ်တည်သလို ယုတ်မာခဲ့တဲ့သူတွေကိုလည်း ထိထိရောက်ရောက် အရေးယူနိုင်အောင် လုပ်ရမှာပဲ”

ဦးသာချိုသည့်ဘက်မှ အခြေအနေမကောင်းတော့သည်ကို သဘောပေါက်ပြီး ပြန်ဖို့ပြင်လိုက်တော့သည်။

“ဦးသာချို ခင်ဗျားသားကို နောက်ထပ်သုံးနာရီပဲ စောင့်မယ်၊





သက်ဆိုင်ရာက ရောက်တာနဲ့ ဝရမ်းထုတ်မယ်ဆိုတာကို သိထားပါ”

ဦးသာချိုမကျေနပ်သော မျက်နှာနှင့်ပြန်ပြီး ထွက်သွားလေသည်။

“ကြိုး မင်းဘာမှမဖြစ်စေရဘူး”

“ကျွန်တော့်အတွက် နောက်တစ်ခါ ထောင်ထဲဝင်ရလည်း ကျေနပ်ပါတယ်…ဟီး…ဟီး‥”

“ဟင်…”

‘ကြိုး’ထိုင်နေရင်း အဖျားတက်သလိုဖြစ်လာပြီး ကိုယ်တွေ ခြစ်ခြစ်တောက်ပူလာသဖြင့်…

“ရှင်ဆေးထိုးလိုက်ပါ၊ ဒဏ်ရာက သံဆိပ် တက်နေပြီ”

“ဟုတ်တယ် ‘ကြိုး’ ခေါင်းမမာနဲ့ ဆေးထိုးလိုက်”

သော်လှိုင် ဆေးအိတ်နှင့် ရောက်လာပြီး ကြိုးလက်မှ ဒဏ်ရာကို ဆေးထည့် ပတ်တီးစည်းပေးပြီး ဆေးပါထိုးပေးလိုက်သည်။

“မင်း တဲကို မပြန်နဲ့တော့ ငါ့ဆီမှာပဲ အိပ်ရမယ် ကြိုး”

“ရှင်ဒဏ်ရာနဲ့ လေတိုက်ခံလို့မရဘူး၊ ဒီမှာပဲ အနားယူ



www.burmeseclassic.com

www.burmeseclassic.com

'ကြိုး' တစ်ယောက် ရန့်ဒီဒီတို့ပြောတဲ့အတိုင်း စကားတွေကို ခေါင်းသာညိတ်ပြပြီး မျက်လုံးလေး မှေးစင်းနေတော့သည်။

---------





## အခန်း (၅)

"သူ့ဘဝလေးက စိတ်ဝင်စားဖို့ကောင်းသလို ကြေကွဲ ဝမ်းနည်းဖို့လည်းကောင်းတယ်"

ရန့်ဒီဒီနှင့် အိအိသူကျောက်ငုလေးပေါ်တွင် ထိုင်နေသည်။ ဆောင်ပြင်ပေါ်တွင် နေကျော်၊ မင်းလှိုင်၊ သော်လှိုင်တို့နှင့် ရွာသားတွေမှာ ဘော်လီဘောပုတ်နေကြသည်။

"သူဆိုတဲ့ ဝေါဟာရက 'ကြိုး' ကိုခေါ်တာလား"

"ဟုတ်တယ်"

"နင့်ရင်ခုန်သံတွေ ပုံမှန်တော့ ဟုတ်ပါတယ်နော်"

"အိသူရယ် လူတစ်ယောက်ရဲ့ဘဝကို စိတ်ဝင်စားတိုင်း နှလုံးသားနဲ့ သက်ဆိုင်တယ်လို့တော့ မသတ်မှတ်ပါနဲ့ဟာ၊ 'ကြိုး' ဟာ ငါတို့နဲ့ပတ်သက်ပြီး ဓားတွေ တုတ်တွေကြားမှာ ရင်ဆိုင်ပေးခဲ့တဲ့လူတစ်ယောက်ပါ၊ ဒီအပေါ်မှာတော့ ငါတို့ ဘက်ကနေ အသိအမှတ်တစ်ခုတော့ ပြုပေးရမှာပေါ့၊ ခုငါပြောတဲ့သူ့ဘဝဆိုတာ အသိအမှတ်ပြုခြင်းတစ်ခုထဲမှာပါတယ်၊ သူ့ကူညီခဲ့တာ ငါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း မဟုတ်ဘူးနော်"

"ဒီဒီရယ် ငါ မင်းကို တမင်စတာပါ၊ 'ကြိုး' ဆိုတဲ့ လူက ငါတို့တင်မဟုတ်ဘူး…နေကျော်၊ မင်းလှိုင်နဲ့သော်လှိုင်တို့တောင် လေးစားချီးကျူးနေကြတာ၊ ကဲ…ဆက်ပါဦး သူ့ဘဝလေး"

"သူကအေးချောင်းရွာသားမဟုတ်ဘူး၊ ဘယ်ကလဲဆိုတာ တခြားသူမပြောနဲ့ သူ့ကိုယ်သူတောင်မသိဘူး"

"အယ်…အတိတ်မေ့နေတဲ့လူပေါ့"

"တစ်ရွာလုံးကတော့ သူ့ကိုဒီလိုပဲ သတ်မှတ်ထားကြတာ"

"သူကဒီရွာကို ဘယ်လိုလုပ်ပြီး ရောက်ခဲ့တာလဲ"

"ပင်လယ်ထဲမှာ လေပြင်းမုန်တိုင်းကျပြီး နောက်တစ်နေ့ အေးချောင်းရွာ သောင်စပ်မှာ ဖျဉ်တစ်ချပ်နဲ့ သောင်တင်နေတာကို ဆရာမကြီးတွေ့လို့ ကယ်တင်ထားရာကနေ ဒီရွာမှာ ဘဝဖြစ်နေတာ၊ ခုထိသူဘယ်လိုလူလဲဆိုတာကို မသိဘူး၊ ဆရာမကြီးအိမ်ကနေ ကြီးမေဆီမှာ သားအရင်းလို နေထိုင်ပြီး လုပ်ကိုင်ကျွေးမွေးနေတာ"

"ကြီးမေမှာ သားသမီးမရှိဘူးလား"





"သားတစ်ယောက်ရှိခဲ့ဘူးတယ်၊ ဦးသာချိုသားတစ်ယောက်က သတ်လိုက်လို့သေသွားရတယ်"

"ဦးသာချိုသားတွေက ခပ်ဆိုးဆိုးတွေပဲနော်"

"'ကြိုး' သတ်လိုက်လို့ သေသွားတဲ့ကောင်က အဆိုးဆုံးပဲတဲ့"

"ဟိုတစ်ယောက် ဘိုစောဆိုတဲ့ကောင်ရော၊ ခုရှောင်ပြေးနေတယ်မဟုတ်လား"

"ရွာလူကြီး ဦးပိုင်ကတော့ ရွာကိုလုံးလုံးခြေချခွင့်မပြုဘူး၊ ခြေချတဲ့နေ့ရအောင် ဖမ်းဖို့အမိန့်ထုတ်ထားတယ်၊ ဘေးရွာတွေကိုလည်းအကြောင်းကြားထားတယ်"

"ကြီးမေ သားကို သတ်တဲ့ကောင် ထောင်ကျနေတာပေါ့"

"ထောင်(၇)နှစ်ကျသွားတယ်၊ 'ကြိုး' နဲ့ ရေ့ဆင့်နောက်ဆင့်ကျတာပဲ၊ 'ကြိုး' ကတော့ (၅)နှစ်ပဲကျခဲ့တာ၊ ဒီကောင့်နာမည်က အဂ္ဂလို့ခေါ်တယ်၊ သား(၃)ယောက်ထဲမှာ လက်ရဲဇက်ရဲလို့ပြောတာပဲ ပြန်တောင်လွတ်တော့မယ်လို့ပြောနေကြတယ်"

"ကြိုးက သူ့အထက်အရင်ထောင်ကျသွားတာပေါ့နော်"

"ဟုတ်တယ် အိသူ၊ ကြီးမေသားရဲ့ ချစ်သူကို ဦးသာချို



www.burmeseclassic.com

www.burmeseclassic.com



သားကအမေ့ကျင့်ပြီး နောက်တစ်ယောက်နဲ့ လက်ထပ်တုန်း 'ကြိုး'က သတ်ခဲ့ပြီး (၂)နှစ်ကြာတော့ ကြီးမေရဲ့သားကို အ ဆိုတဲ့ကောင် ပြန်ပြီးသတ်လိုက်တာတဲ့"

"အင်း… ဦးသာချိုသာ လူကြီးဆက်ပြီးဖြစ်နေရင် ဒီရွာ လူတွေတော့မလွယ်လှဘူးနော်"

"သူရဲ့မကောင်းမှုတွေကို ရွာသားတွေက သည်းမခံ နိုင်တော့ မြို့ကိုတက်ပြီးတိုင်ကြတော့မှ ဦးသာချိုကို လူကြီး ရာထူးပြုတ်ပြီး ဦးလေးဗိုင်ကိုတင်ခဲ့ကြတာ"

"ဒီဒီ…'ကြိုး' ဥပမိရုပ်ကိုခန့်မှန်းကြည့်ရတာ လူရ သန့်ထဲကရုပ်ရည်မျိုးနော်"

"ဟုတ်မယ်၊ တည်ကြည်တယ်၊ သွေးအေးတယ်၊ရက်စက် အခါကျရင်လည်း ကြောက်စရာကောင်းတယ်ဟာ.."

"ဟား…ဟား…ဟား… "

"အမေ့…အဲ…ဗုဒ္ဓေါ"

"သခင်မလေး ဒေဝီထိပ်ထားလေးရယ်၊ မောင်တော် ပစ်မသွားပါနဲ့၊ ပြန်ပြီးခေါ်တော်မူပါ၊မောင်တော်လွမ်းလှလွ





င်လယ်ပြင်ကရေတွေတောင် ခမ်းတော့မယ်"

"ဘုရားရေ…ကယ်ပါ"

ရန့်ဒီဒီတို့သားတွင် ဒူးထောက်ပြီး ပြောနေသော အရူး တစ် ယောက်ကို တွေ့လိုက်ရသဖြင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"ကျင်မောင်….မင်းကိုငါပြောတယ် ဒီပစ္စည်းတွေကို မယူ ပါနဲ့ဆိုတာ၊ ခုတော့ သခင်မဒေဝီထိပ်ထား အမျက်တော်ရှလို့ င်းတို့ (၄)ယောက်လုံး သေပြီမဟုတ်လား၊ ဟား…ဟား… ား….ကောင်းတယ်၊ နေနတ်သမီးကျွန်းမှာ ခုတော့ ငါတစ် ယာက်တည်း ဒီပစ္စည်းတွေကို ငါပိုင်ပြီ၊ တူနယ်ဖြောင်…တူနဲ့ ောင်…"

"ဟူး…တော်ပါသေးရဲ့"

ရန့်ဒီဒီနားကနေ သူပြောချင်တာကို ပြောပြီး ကခုန်ထွက် သွားတော့မှ သက်ပြင်းချနိုင်တော့သည်။

"ဒီလူက နေနတ်သမီးကျွန်းကနေ တစ်ယောက်တည်းပြန် ာတ်ခဲ့တဲ့ သူမဟုတ်လား"

"ဟုတ်တယ် အိသူ… သူပြောတဲ့စကားတွေထဲမှာ သခင်မ



www.burmeseclassic.com

www.burmeseclassic.com



ဒေဝီထိပ်ထားဆိုတာရယ်၊ ပစ္စည်းတွေဆိုတာဟာ၊ သူ့တွေကြုံခဲ့တဲ့ ပုံရိပ်အဟောင်းတစ်ခုဖြစ်မယ်"

"အရူးပဲဟာ သူ့ပါးစပ်ထဲတွေ့ရာ ပြောမှာပေ့ါ"

"ဒီလို သတ်မှတ်လို့မရဘူး၊ လူတစ်ယောက် စိတ္တဇ ဝေဒနာ တစ်ခုစွဲကပ်ပုံချင်းမတူကြဘူး၊ တချို့ကတော့ မွေးရာပါ ဦးနှောက် အာရုံကြောပိုင်း အားနည်းပြီး စိတ္တဇရောဂါသည်ဖြစ်ရသလို တချို့ကတော့ မူးယစ်ဆေးဝါး အရက်တွေကို သုံးစွဲမှုများပြီး စိတ္တဇရောဂါသည်ဖြစ်ကြတယ်၊ နောက်တစ်မျိုးကတော့ အမှတ် မထင် ထိတ်လန့်မှုတစ်ခုပေါ်မှာ ရူးသွပ်သွားကြတာ၊ စိတ္တဇ ရောဂါဖြစ်ရခြင်းတွေက အများကြီးရှိပါတယ်၊ ခုသူဖြစ် ပုံကို ကြည့်ရတာ ထိတ်လန့်မှုတစ်ခုကြောင့်ရူးသွပ်သွားရတဲ့ ပုံစံမျိုးပဲ"

"ဒီဒီ…ခန့်မှန်းချက်တာ နီးစပ်တယ်"

"အယ်…သော်လှိုင်"

"နင်တို့ဆီကို အရူးဒူးထောက်ပြီး ပြောနေတာကို တွေလို့ လာခဲ့တာ၊ စောစောက စိတ္တဇရောဂါသည်ကိုငါလေ့လာပြီးပါပြီ ဒီလူဟာ ကြောက်စရာ ထိတ်လန့်စရာတစ်ခုကြောင့် ရူးသွပ်သွား





ရတာ၊ ဒီရောဂါမျိုးကို ဆေးရုံမှာ စနစ်တကျကုသရင် ပျောက် ကင်းနိုင်တယ်"

"သူ့စကားအရဆိုရင် သူဟာ နေနတ်သမီးကျွန်းမှာ ထိတ် လန့်စရာတစ်ခုခုကိုကြုံခဲ့ရတာဖြစ်မယ်"

"သေချာသလောက်ပါပဲ ဒီဒီ…နင်တို့ နေနတ်သမီး ကျောက် ဆောင်ကိုမဖြစ်မနေသွားဖို့ ဆုံးဖြတ်လိုက်ပြီဆို"

"အင်းလေ…နင်ကမလိုက်နိုင်ဘူး မဟုတ်လား"

"ရွာမှာက ဆရာဝန်တစ်ဦးမဖြစ်မနေ ရှိမှဖြစ်မှာဆိုတော့ ရွာကပဲ နင်တို့ကိုစောင့်ရမယ့်ကိန်းဆိုက်နေပြီ၊ တစ်ခုတော့ ငါ ပြောချင်တယ်၊ ခု နင်တို့သွားကြမယ့် ခရီးဆိုတာ အန္တရာယ် ဘတွေကြားနေရတာ ဆိုတော့ အရင်ငါတို့သွားခဲ့တဲ့ ခရီးတွေ လို ခပ်ပေါ့ပေါ့တော့ မသွားကြပါနဲ့၊ နေကျော်နဲ့မင်းလှိုင်၊ မင်းတို့ (၂)ယောက်ကို အထူးသတိတော့ ပေးပါရစေကွာ"

"စိတ်ချသူငယ်ချင်း ငါတို့ခပ်ပေါ့ပေါ့ ပြောဆိုတတ်ပေမယ့် ခရီးကိုတော့ သတိအထူးထားပြီးသွားပါ"

"ဘယ်သူ့ကို လမ်းပြခေါ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုး"

"သူနဲ့ခွေးနွေးပြီးပြီလား"

"ကြိုးနေမကောင်းဖြစ်နေတာနဲ့ မပြောဖြစ်သေးပါဘူး"

"ကြိုးဘက်က လုံးလုံးမလိုက်နိုင်ဘူးဆိုရင်တော့ ငါတို့ ခရီးစဉ်ကို ရပ်သိမ်းရမှာပဲကွာ၊ ဒီကျောက်တောင်ကို သွားရဲတာ သူတစ်ယောက်ပဲရှိတယ်"

"ဟူး…သူ့ဘက်ကငြင်းရင်တော့ ပြန်ဖို့ပဲရှိတော့ တာပေါ့"

"ပြန်ကြရအောင်၊ ဆရာမကြီး ငါတို့ကို ထမင်းစား ဖိတ်ထားတယ် မဟုတ်လား၊ စောစောသွားပြီး ဆရာမကြီးနဲ့ စကားပြောကြရအောင်"

သူငယ်ချင်း(၅)ယောက် ရွာလမ်းကလေးအတိုင်း ပြန် ပြီးဝင်လာချိန်တွင်…

"ဟိုမှာ…ကြိုး"

ရွာထဲမှ တစ်လှမ်းချင်း လှမ်းထွက်လာသော 'ကြိုး'ကိုတွေ့လိုက်ရခြင်းဖြစ်သည်။

"သြော်…ကိုနေကျော်တို့တောင် ပြန်တော့မလိုလား"





"ဟုတ်ကဲ့…'ကြိုး'က နေမကောင်းဘဲ ဘယ်ကိုသွားမလို့လဲ"

"ဘာရယ်မဟုတ်ပါဘူး လမ်းလျှောက်ချင်တာနဲ့ ထွက်လာခဲ့တာပါ"

"ကြိုး…နေကောင်းသေးတာမဟုတ်ဘူး လေစိမ်းအတိုက်ခံပါနဲ့"

"ကျေးဇူးတင်ပါတယ်၊ ဘယ်မှမသွားဘဲနေရတာကို ဘယ်လိုမှမနေတတ်တာနဲ့ထွက်ခဲ့တာပါ"

"ဦးဦးနဲ့ အန်တီတို့ကို ဆရာမကြီးက ခေါ်ခိုင်းလိုက်လို့"

"သြော်…အေးအေး"

"ဦးဦး'ကြိုး'လည်း လိုက်ခဲ့ပါတဲ့"

"လိုက်ခဲ့မယ် ဖိုးတာ၊ မင်းပြန်နှင့် ဦးခေါ်ခဲ့မယ်"

"ဟုတ်ကဲ့"

'ကြိုး'လည်းရှေ့ကိုမဆက်တော့ဘဲ ရန့်ဒီဒီတို့နှင့် ရွာထဲကိုပြီးလိုက်ဝင်ခဲ့သည်။

"'ကြိုး'…နေနတ်သမီး ကျောက်တောင်ကြီးကို အပေါ်ထိ



www.burmeseclassic.com

www.burmeseclassic.com



တက်ဖူးတယ်ဆို''

''တက်ဖူးပါတယ် ဘာဖြစ်လို့လဲ ရန့်ဒီဒီ''

''ရွာကလူတွေပြောတော့ အန္တရာယ်အရမ်းကြီးတယ်၊ ကြား လို့ ဟုတ်လားဟင်''

''ဟုတ်တယ်၊ ပင်လယ်ရေအောက်ထဲကနေ ပါလာတဲ့ သတ္တဝါတွေ ပင်ကိုယ်ဇီဝပေါက်ဖွားမှုဟာ ဆန့်ကျင်ဘက် ပေါက် ဖွားကြီးပြင်းပြီး အန္တရာယ်ကောင်တွေဖြစ်နေတာ

''ကြိုးပြောတာ သိပ်နားမရှင်းဘူး''

''ဒီလို ရန့်ဒီဒီ…ရေအောက်မှာ ဥခဲ့တဲ့ရေသတ္တဝါတစ် ကောင်ရဲ့ဥဟာ ကျောက်တောင်ကြီးနဲ့အတူ အပေါ်ကိုပါလာပြီး အချိန်တန်တော့ ပေါက်ဖွားလာတယ်၊ သူ့ရဲ့ပေါက်ဖွားမှုဟာ ရေအောက်မှာ ပင်ကိုယ်သဘာဝတိုင်း မဟုတ်ဘဲ ကုန်းပေါ်မှာ ပေါက်ဖွားရတာဖြစ်လို့ ကုန်းသတ္တဝါအသွင်ကိုပြောင်းပြီး အချိန် ကုန်းပေါ်မှာ ပေါက်ဖွားတဲ့သတ္တဝါတွေနဲ့ ရောနှော ဆက်နွယ်ပြီး ရေတစ်ပိုင်းကုန်းတစ်ပိုင်း သတ္တဝါကြီးတွေ ဖြစ်ကုန်ကြတာ၊ နှစ် ကာလတွေကြာလာတာနဲ့ အမျိုးအန္တရာယ်ကောင်ကြီးတွေ ဖြစ်





ကုန်ခဲ့ကြတာပဲ၊ ကျုပ်သွားခဲ့တဲ့ အခေါက်တွေမှာ ထူးခြား တဲ့ရေတစ်ပိုင်းကုန်းတစ်ပိုင်း သတ္တဝါ(၅)ကောင် လောက်တော့ တွေ့ခဲ့ရတယ်၊ ဒီထဲကမှ မဖြစ်မနေကိုယ့်ကို အန္တရာယ်ပြုတဲ့ (၂)ကောင်တော့ သတ်ခဲ့ပြီး ကျန်တဲ့ကောင်တွေကိုတော့ ရှောင် တိမ်းပြီး တောင်ပေါ်ကို ရောက်အောင် တက်ခဲ့ရတယ်၊ ခုနှစ်တွေမှာ အန္တရာယ်ကောင်တွေ နေနတ်သမီး ကျောက်တောင်မှာ အရမ်းကို ဆိုးဝါးနေကြတယ်၊ ဒါနဲ့ ဦးလေးပိုင်ကပြောတယ် ရန့်ဒီဒီတို့ နေနတ်သမီးကျွန်းကိုသွားကြမလို့ လာကြတာဆို''

''ဟုတ်တယ်'ကြိုး'…ကျွန်မတို့လာခဲ့ရတဲ့ ခရီးစဉ်ရဲ့ အဓိက ညွှန်ရွယ်ချက်ကတော့ နေနတ်သမီးကျွန်းကိုပါ၊ ခုကြားရတဲ့ သတင်းတွေကြောင့်လှည့်ပြီးပြန်ရမှာကို စိတ်ထဲမှာတစ်မျိုး ဖြစ်နေ တယ်''

''ဦးလေးပိုင်ပြောပြလို့ ကျုပ်သိပြီးပါပြီ ကျုပ်လိုက် ပြီးပို့နိုင် ပါတယ်၊ ဒါပေမယ့် အသက်အန္တရာယ်နဲ့သွားရမယ့် ခရီးတစ်ခု ဆိုတာတော့ သိထားရမယ်၊ စွန့်စားရဲတယ်ဆိုရင် ကျုပ်လမ်းပြ အဖြစ်နဲ့လိုက်ခဲ့မှာပါ၊ စဉ်းစားကြပါဦး''



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ပဲ ကျန်ခဲ့မှာပါ၊ ကျန်တဲ့(၄)ယောက် ဆန္ဒနဲ့ဆုံးဖြတ်ချက်ကတော့ တစ်ထပ်တည်းပါ"

"ဆုံးဖြတ်ပြီးပြီဆိုရင် ခရီးစဉ်အတွက် ပစ္စည်းတွေ ဆောင်းဖို့ပဲလုပ်ကြတာပေါ့ဗျာ"

---

## အခန်း (၆)





"အဂ္ဂမြန်လွှတ်လာပြီတဲ့"

ရွာထဲရှိလူတွေပါးစပ်တွင် ပြောနေကြသော စကားလေးမှာ ရန့်ဒီဒီတို့ဆီကို ရောက်လာတော့၏။ ရန့်ဒီဒီတို့ နေနတ်သမီး အဆောက်တောင်ဆီသို့ ခရီးထွက်ရန်ပြင်ဆင်စရာတွေကို စတင်ပြီး ပြင်ဆင်နေပြီး ဖြစ်သလို 'ကြိုး'တစ်ယောက်လည်း သူ့ဘက်မှ ရှာဖွေသင့်တာတွေကို ရှာဖွေလုပ်ကိုင်ချိန်ဖြစ်သည်၊ ခုလည်းပဲ စက်လှေတွင်တပ်ဆင်မည့် စက်ကို 'ကြိုး'လိုအပ်တာ တွေလုပ်နေသည်။

"ဒီရေလမ်းကြောင်းက စက်မကောင်းလို့မဖြစ်ဘူး၊ ပြီးတော့ ခရီးရှည်ဆိုတော့ စက်ကြံ့ခိုင်မှုအပြည့်လုပ်ထားရမယ်၊ ရန့်ဒီဒီ… ယူချင်ရာခိုင်းတဲ့ပစ္စည်းတွေရော ရပြီလား"

"ဒီနေ့ မော်တော်နဲ့ပါလာမယ်လို့ပြောတယ်'ကြိုး'၊ ဆေးဝါးတွေကတော့ ရန့်တို့မှာ ပြည့်ပြည့်စုံစုံပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေကျော်နဲ့ မင်းလှိုင်မတွေ့ပါလား ရန့်ဒီဒီ"

"ရိက္ခာအတွက် သွားပြီးဝယ်နေကြတယ်"

"ရိက္ခာပိုင်းက ဒီလောက်ကြီး အခက်အခဲမရှိပါဘူး၊ ဟိုမှာ ရှာဖွေတာတ်ရင်မပူရပါဘူး၊ တစ်ခုတော့ရှိတယ်၊ မြို့ပေါ်မှာလိုတော့ အရသာခံပြီးစားသောက်လို့ မရဘူးပေါ့ဗျာ"

"သူ့နေရာကိုရောက်ရင် သူနဲ့လိုက်ဖက်တာကိုပဲ စားကြ မှာပေ့ါ၊ အရေးကြီးတာ ဒီအိသူ"

"အံမာ ငါကဘာအရေးကြီးလို့လဲ"

"နင်က ဟိုနတ် ဒီနတ်တွေ ကိုးကွယ်ပြီး ဟိုဟာ မစား ဒီဟာရှောင်နဲ့လေ"

"ရှောင်လို့ရတဲ့နေရာမှာ ရှောင်တာပေါ့…ရှောင်လို့မ တဲ့နေရာ ကျရင် လူသားတောင်စားချင်စားရမှာပေါ့"

"ယုံပါတယ် ဒီရုပ်က ဘီလူးရုပ်…"

"အေးပေါ့ဟာ… နင်လောက်မချောတော့လည်း အပြော ခံရမှာပေါ့ ဟုတ်တယ်မဟုတ်လား ကြိုး"

"ဟုတ်ချင်ဟုတ်မှာပေါ့"





"ကြိုးစကားက ဘယ်လိုလဲ၊ ဒီဒီလှတာကို အပြည့်အဝ မထောက်ခံဘူးပေါ့"

"အလှတရားဆိုတာ လူတိုင်းမှာရှိကြပါတယ်၊ စစ်မှန်တဲ့ အလှတရားနဲ့ မစစ်မှန်တဲ့အလှတရားပဲ ခြားနားတာပါ"

"အလဲ့··'ကြိုး'ရဲ့အလှတရား ဒဿနကိုရှင်းပါဦး"

"ကျုပ်ကတောသားဆိုတော့ တောအမြင်နဲ့အတွေးအခေါ် လေးပါ မှားကောင်းမှားနိုင်ပါတယ်၊ ပြောကြည့်မယ်နော်"

"ပြောပါဆိုနေမှ"

တစ်ဦးနှင့်တစ်ဦးခင်မင်မှုလေးတွေ ရက်ကြာသည်နှင့် အမျှ စကားပြောဆိုမှုတွေမှာ ရင်းနှီးလာခဲ့ကြသည်။

"အလှတရားအစစ်ဟာ ခန္ဓာကိုယ်ပေါ်မှာမရှိဘူး နှလုံးသား မှာပဲရှိတယ်လို့ ထင်မိထားတယ်၊ ခန္ဓာကိုယ်ပေါ်မှာ ရှိနေကြတဲ့ အလှတရားတွေဟာ အချိန်ကာလနဲ့အမျှ ပျက်စီး သွားကြတာပဲ မဟုတ်လား၊ကျုပ်ပြောတာ မှားသွားသလား မသိဘူး…"

"သိပ်ပြီး ကောင်းတဲ့အယူအဆတစ်ခုပါ 'ကြိုး'၊ ခန္ဓာကိုယ် ပေါ်မှာ ကအလှတရားတွေကို လှပအောင် ပြုပြင်ဖို့က သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အခက်အခဲမရှိပါဘူး၊ နှလုံးသားလှဖို့အတွက်တော့လွယ်လွယ်လေးနဲ့တော့ မရနိုင်ဘူးနော်"

"မေတ္တာတရားအားကောင်းတဲ့ လူတွေအတွက် နှလုံးသားဟာလှနေတတ်ပါတယ်"

"ကြိုးရော မေတ္တာတရား အားကောင်းလား"

"အမှန်တိုင်းပြောရရင် ကိုယ့်ဘဝကို မေတ္တာတရားတွေနဲ့တည်ဆောက်ဖို့ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့်ဗျာ…လူယုတ်မာလူ့အသိုင်းအဝိုင်းတွေပေါ်မှာ မေတ္တာမထားနိုင်ခဲ့ဘူး"

"ဘာတွေများ မေတ္တာမထားနိုင်တာလဲ ကြိုး"

"ဩော်…ဦးလေးပိုင်"

ဦးပိုင်ပခုံးပေါ်မှ မျက်နှာသုတ်ပဝါလေးကို ကွပ်ပျစ်ပေါ်မှာချပြီး ဝင်ထိုင်လိုက်သည်။

"ဘယ်ကပြန်လာတာလဲ ဦးလေးပိုင်"

"ဘယ်ကရှိရမလဲ ဟိုကောင်အဂ္ဂဆီကပေါ့ကွာ၊ တောင်ကလွှတ်တာနဲ့ သူ့ကိုယ်သူလူမိုက်ဘွဲ့ကြီးသွားယူတယ်လို့ မှတ်နေလားမသိဘူး၊ ဦးသန်းအောင်ထန်းရည်ဆိုင်ထဲ ထန်းရည်ဝင်





သောက်ပြီး မိုက်ကြေးခွဲသွားတာကိုသွားပြီး သတိပေးတာ၊ အဂ္ဂဆိုတဲ့ကောင် ရွာကိုဒုက္ခပေးဖို့ပြန်လာပြီထင်တာပဲကွာ၊ 'ကြိုး' မင်းလည်းသတိနဲ့နေကွာ"

"ကျွန်တော့်အတွက် စိတ်ချပါ ဦးလေးပိုင်၊ ဒီကောင်တွေသတ်လို့ ကြိုးမသေစေရပါဘူး"

"မင်းကိုတော့ သားအဖနှစ်ယောက်လုံး ကမ္ဘာမကြေ ဖြစ်နေတာ သေချာတယ်၊ သူ့အစ်ကိုဘိုစောလည်း သက်ဆိုင်ရာကဖမ်းမိသွားပြီဆိုတော့ မင်းနဲ့အဂ္ဂကြားမှာ ရန်ငြိုးကတော့ ပိုပြီးကြီးထွားမှာ သေချာတယ်"

"ဦးလေးပိုင် ကျွန်မအမြင်ပြောရရင် သူတို့ဟာ ဥပဒေအပြင်ဘက်ကနေ ရှင်းစိုင်းနေကြတဲ့သူတွေပါ၊ 'ကြိုး'အတွက်တရားဥပဒေရှိတာပဲ၊ ဦးလေးပိုင် ကာကွယ်ပေးပေါ့"

"ကာကွယ်ပေးရတာ ဦးလေးပိုင်အတွက် တာဝန်မကြီးပါဘူး၊ ခက်နေတာက 'ကြိုး' ဒေါသဖြစ်ပြီဆိုရင် တကယ် ကြောက်စရာကောင်းတဲ့ကောင်၊ ဒါကြောင့် အမြဲသတိပေးပေးနေရတယ် သမီးရေ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးကလည်း စိတ်ကိုသိပ်ပြီးမလွှတ်စေနဲ့လေ"

"အတတ်နိုင်ဆုံးတော့ ထိန်းချုပ်ပါတယ် ရန့်ဒီဒီရယ်"

"မင်းတို့ခရီးထွက်ဖို့ ရက်သတ်မှတ်ပြီးပြီလား"

"ရှေ့လဆန်းလောက်မှသွားမယ် ဦးလေးပိုင်၊ ရာသီဥတုနဲ့ ချိန်ကိုက်ပြီး သွားရမှာ"

"ကိုယ်ကိုယ်တိုင်က မရောက်ဖူးတော့ သူများပြောသံဆိုသံနဲ့ ကြားနေခဲ့ရတာဆိုတော့ 'ကြိုး' မင်းဘက်က သမီးတို့ကို အထူး ဂရုစိုက်ကွာ"

"ကျွန်တော်အသက်ရှင်နေသရွေ့ သူတို့ဘာမှမဖြစ်စေရပါ ဘူးလို့ ကတိပေးပါတယ် ဦးလေးပိုင်"

'ကြိုး'စကားလေးမှာ ရန့်ဒီဒီအတွက် ရင်ဖိုဖွယ်ကောင်းသော စကားလေးပင်ဖြစ်သည်။

"ဦးလေးပိုင် ဦးလေးပိုင်"

"ဟာ…သာကျော် ဘာဖြစ်လာတာလဲ"

"ဟို..ဟို…မြို့က ညွှန့်သည်နှစ်ယောက်ကို အဂ္ဂ ရွာထိပ်မှာ ရန်လုပ်နေတယ်"





"ဘာ.."

"ဟင်.."

"အင်း…အဂ္ဂဆိုတဲ့ကောင် ဓာတ်လမ်းစပြီ"

ဦးလေးပိုင်ထွက်သွားသည့် နောက်ကို ရန့်ဒီဒီနှင့် အိသူ လိုက်သွားပေမယ့် ကြိုးကတော့ လက်မှ ဓါတ်ဆီတွေကို သုတ်ပြီး ကျွန်ရစ်ခဲ့လေသည်။

ရွာထိပ်ကိုရောက်တော့

"အဂ္ဂ…မင်းဒါဘာလုပ်တာလဲ"

"ဟာ…သူကြီးမင်းပါလား၊ ဘာမှမလုပ်ရပါဘူး မိတ်ဆက် နေတာပါဗျာ၊ ဟား…ဟား…ဟား…မြို့ကကောင်တွေ ဘယ် လောက်သွေးကောင်းသလဲဆိုတာကို မေးကြည့်တာ အလကား ကောင်တွေပဲ သူကြီးရဲ့"

"အဂ္ဂ မင်းကိုငါနောက်ဆုံးသတိပေးလိုက်မယ်၊ မင်းအချိုးကို မပြင်ရင် ငါ့အဆိုးမဆိုနဲ့"

"သူကြီးကတော့ အာဏာတွေပြနေပြန်ပြီ၊ မပြင်ဘူးဆိုရင် ရောဗျာ…"



www.burmeseclassic.com

www.burmeseclassic.com



"မပြင်ရင် မပြင်သလို မင်းတွေ့ရမှာပေါ့"

"ဘာလဲ…သူကြီး ဟိုကောင်အရူး 'ကြိုး'အားကိုးနဲ့ သတ္တိ ကောင်းနေတာပေါ့၊ ဒီတစ်ခါ ခွေးမသားကိုသတ်ပြီး ထောင်ထဲ သွားဦးမှာ"

"ဦးလေးပိုင် သွားကြရအောင်ဗျာ"

"မြို့က အခြောက်လေး(၂)ကောင် နေပါဦး၊ ဒီ မဒီလေး (၂)ဦးကို ငါတို့အတွက် လက်ဆောင်ပေးခဲ့ပါလား"

"အဂ္ဂ…မင်းကွာ"

"ဟင်…ဦးလေးပိုင်"

ဦးပိုင်စိတ်ကို မထိန်းနိုင်တော့ဘဲ အဂ္ဂကို လှမ်းပြီးအထိုးတွင် အဂ္ဂမှ ဦးပိုင်ကိုဆောင့်ပြီးတွန်းလိုက်သဖြင့် နောက်သို့လန်ကျ သွားတော့သည်။

"အဂ္ဂ"

"ဟင်…ကြိုး"

ရန့်ဒီဒီနှုတ်ဖျားမှ 'ကြိုး'အမည်လေးကို ခေါ်ရုံပင်ရှိသေး 'ကြိုး'…အဂ္ဂဆီသို့ပြေးပြီး ခုန်ကန်လိုက်တော့သည်။





"ဖြောင်း….အင့်…"

အဂ္ဂနောက်သို့လွင့်သွားပြီး ဖင်ထိုင်ရက်ကျသွားသည်နှင့် အဂ္ဂဘေးမှ နှစ်ကောင်က ကြိုးကိုလက်ထဲမှ တုတ်တွေနှင့် ဝင်ရိုက်ကြသည်။

"ဒိုး..ဖြောင်း…ခွပ်…အိ…အင့်"

ရန့်ဒီဒီတို့ရှေ့တွင် မြန်ဆန်လှသော 'ကြိုး'၏တိုက်ခိုက်မှုကြောင့် တုတ်သမား(၂)ဦး မြေပြင်တွင်မှောက်သွားတော့သည်။

'ကြိုး'မြေပြင်ပေါ်က တုတ်တိုကိုကောက်ယူပြီး အဂ္ဂ ခေါင်းကိုချိန်ရွယ်ပြီး ရိုက်ချဖို့ ပြင်လိုက်သည်။

"ကြိုးမလုပ်ပါနဲ့ ရှင်"

"ကြိုးမလုပ်နဲ့ ဒီကောင်တွေကို ဥပဒေအတိုင်းအရေးယူမယ်"

ထိုအချိန်တွင်အေးချောင်းကျေးရွာမှ လူကြီးတွေပါ ရောက်လာသလို ဦးသာချိုလည်းရောက်လာသည်။

ရန့်ဒီဒီကြိုးလက်ထဲမှ တုတ်ကိုယူပြီး ဘေးသို့ပစ်ချ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးသာချို မင်းသားကတော့ ငါ့ကိုစပြီး စိန်ခေါ်ပြီဆိုတော့ လည်း စိန်ခေါ်သလို လုပ်ရမှာပေါ့"

"ဦးပိုင်ကျုပ် ကျုပ်တောင်းပန်ပါတယ်ဗျာ၊ ဒီကောင်ကို ကျုပ် ကောင်းကောင်းဆုံးမပါ့မယ်၊ နောက်တစ်ခါ ဒါမျိုးမဖြစ်စေရပါ ဘူး၊ ခွေးမသားတွေ မင်းတို့အိမ်ရောက်ရင် ကောင်းကောင်းသိ မယ်"

"ဦးသာချို ခင်ဗျားသားတွေနဲ့ ကျုပ်ဆီကို ညနေကျရင် လာခဲ့ကြပါ"

"ကောင်းပါပြီ လာခဲ့ပါ့မယ်"

ဦးသာချို…အဂ္ဂနှင့်သူ့ကောင်(၂)ကောင်ကိုခေါ်သွားမည် အပြု 'ကြိုး'မှ…

"အဂ္ဂ မင်းနဲ့ငါ ရန်ကြွေးကို အေးချောင်းရွာမှာအဆုံး သတ်မှာ ကို မင်းယုံထား၊ 'ကြိုး'ဆိုတဲ့ကောင် ဘဝမှာ သွေးမြေ မပါဘူး၊ အဖော်မလိုဘူး၊ လက်နက်မလိုဘူး ဆိုတာတော့ သဘောပေါက် ထားဦး"

အဂ္ဂမှ မကျေနပ်သောမျက်လုံးနှင့်သာကြည့်ပြီးထွက်သွား





လေသည်။

"ဒီကောင်ကို ဒီအတိုင်းလွှတ်ထားလို့တော့ မရဘူး၊ ခပ်ရိုင်း ရိုင်းစကားပုံ ပြောရရင် ကိုက်တတ်တဲ့ခွေးကို ကြိုးနဲ့ မချည်ရင် သတ်ပစ်ဖို့ပဲရှိတော့တယ်"

"ကျွန်တော်ကတော့ နောက်မကိုက်ရဲအောင်သွားတွေကို ရိုက်ချိုးပစ်လိုက်ချင်တာ"

"ကြိုးရယ် ဒေါသလေးလျှော့ပါတော့ရှင်"

"ဒီဒီသာ ဝင်ပြီး မတားရင် ဟိုကောင် အဂ္ဂခေါင်း နှစ်ခြမ်း ကွဲသွားမလားဘဲဗျ"

"မင်းလှိုင်…နင်တက္ကသိုလ်မှာသင်ခဲ့တဲ့ ကရာတေး ခါးပတ် နက်က ဘယ်ရောက်သွားပြီလဲ"

"အိုသူ နင်မသိဘူးလား၊ ဝိုက်ဆံပြတ်တာနဲ့ ရောင်းစားလိုက် တာ၊ ဟား…ဟား…ဟား…"

ရယ်သံလေးတွေနှင့်ပဲ အဆုံးသတ်လိုက်ကြပြန်သည်။

N O P Q



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)





"ဓါးပြ…ဓါးပြ…"

"ဟင်…"

ရန့်ဒီဒီတို့ (၅)ယောက်နှင့် 'ကြိုး'…ဦးလေးပိုင်တို့ နေနတ်[…]း ကျွန်းခရီးစဉ်အတွက် တိုင်ပင်စကားပြောနေစဉ် ရွာထဲမှ [...]ဆ်သံကိုကြားလိုက်ရခြင်းဖြစ်သည်။

"ဦးလေးပိုင်…"

"သံချောင်း…မင်းတို့အဖွဲ့တွေ လူစုံပါလား"

"ပါတယ်…ဦးလေးပိုင်"

"ဘယ်သူ့အိမ်မှာလဲ"

"ဆရာမကြီးတို့အိမ်မှာ"

"သွားကြမယ်"

ရန့်ဒီဒီတို့နှင့် သော်လှိုင် နှစ်ယောက်သာ ထားခဲ့ပြီး မင်းလှိုင်[...]ချ်တို့ပါလိုက်သွားကြတော့သည်။

"ဒီကောင်တွေဆီမှာ သေနတ်(၃)လက်ပါတယ်၊ လူ အင်အား[...]ကော့ (၆)ယောက်လောက်ပဲ"

"မင်းတို့ကျေးရွာ ပြည်သူ့စစ်တွေ လမ်းကြောင်းပိတ် ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြီလား"

"ဝိတ်ထားပြီးပြီ ဦးလေးပိုင်….ထွက်ပေါက်တော့ မရှိတော့ဘူး"

ဆရာမကြီးအိမ်နားသို့ရောက်သည်နှင့် ခြံဝန်းတစ်ခုလုံးကိုထွက်ပေါက်မရှိအောင် ဝိတ်ဆို့ထားသည်ကို တွေ့မြင်လိုက်ရသည်။

"အိမ်ထဲကကောင်တွေ မင်းတို့ထွက်ပေါက်မရှိတော့ဘူး လက်နက်ချပြီး အဖမ်းခံပါ"

"ဟား…ဟား…ဟား…မင်းတို့ ငါတို့ကို ဖမ်းတာနဲ့ ဒီမှာတွေ့လား တစ်ယောက်မှကို ချမ်းသာပေးမှာမဟုတ်ဘူး"

"ဟင်…"

ဆရာမကြီးနှင့် လသားအရွယ်ကလေးနှင့် အေးမိတို့ကို သေနတ်နှင့်ချိန်ရွယ်ထားကြသည်။

"ကျုပ်တို့ကို လွှတ်ပေးရင် သူတို့အသက်တွေကို ချမ်းသာပေးမယ်၊ မလွှတ်ပေးရင်တော့ သတ်ပစ်မယ်"

"ဒိုင်း…ဒိုင်း…ဒိုင်း…"





ဓားပြခေါင်းဆောင်လုပ်သူက သေနတ်ကို မိုးပေါ်သို့ ထောင်ပြီး ဖောက်ပြလိုက်သည်။ 'ကြိုး'အခြေအနေကို အကဲခတ်ပြီး အိမ်ဆီသို့ချဉ်းကပ်နိုင်သောနေရာကို ရှာဖွေလိုက်သည်။ ဆရာမကြီးအိမ်ဘက်သို့ ကိုင်းကျနေသော ဝိတောက်ပင်ကြီးကိုတွေ့လိုက်ရပြီး

"ဦးလေးပိုင် ဒီကောင်တွေကို အချိန်ဆွဲထား"

"မင်း…မင်း…ဘာလုပ်မလို့လဲကြိုး"

"ကျွန်တော်အိမ်ထဲကို ရောက်အောင်ဝင်မယ်"

"ကြိုး…"

ဦးပိုင်ခေါ်သံကို လက်ကာပြပြီး 'ကြိုး'ဝိတောက်ပင်ကြီးဆီသို့ ထွက်သွားကာ အပင်ကြီးပေါ်သို့ တက်ခဲ့တော့၏။

"ဟယ်…ဒီဒီနဲ့ အိသူ ဘာလို့လိုက်လာတာလဲ"

"ကြည့်ချင်လို့ပေါ့ဟဲ့…"

"နင်တို့ကတော့ ခက်ပြီ…ဟိုမှာ တွေ့လား သေနတ်တွေနဲ့ အိသူနှင့်ယောက္ခမ မဟုတ်ဘူး၊ လာ…လာ…ဒီသစ်ပင်အောက်မှာလာပြီနေ"

မင်းလှိုင်၊ ရန့်ဒီဒီနှင့် အိသူတို့ သစ်ပင်ကြီးအောက်သို့ ဆွဲခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး 'ကြိုး'လှုပ်ရှားနေသည်ကိုကြည့်၍ နေကြတော့သည်။

"သူကြီး အချိန်မရဘူး ကျုပ်တို့တောင်းဆိုတာကို အဖြေပေးပါ"

"မင်းတို့တောင်းဆိုတာကို စဉ်းစားမယ်၊ ရွာက ရပ်မိ ရပ်ဖ လူကြီးတွေနဲ့ တိုင်ပင်ပြီးတာနဲ့ အကြောင်းပြန်မယ်"

"နာရီဝက်အချိန်ပေးမယ်"

'ကြိုး'တစ်ယောက် ဝိတောက်ပင်ပေါ်ကြီးဆီမှ အမှောင်ထုကိုအားပြုပြီး အိမ်ကြီးနောက်ဘက်ဆီသို့ ဆင်းလိုက်သည်။ အိမ်ကြီးပေါ်တွင် (၄)ယောက် အောက်တွင်(၂)ယောက် အိမ်ကြီးပေါ်မှ(၁)ယောက်ကတော့ နောက်ဖေးပေါက်တွင်ရပ်ကာ စောင့်နေသဖြင့် 'ကြိုး'သည် ဆရာမကြီးအိပ်ခန်းပြတင်းပေါက်ဆီမှ အိမ်ကြီးပေါ်သို့တက်လိုက်ရသည်။

'ကြိုး'အတွက် နာရီဝက်အတွင်း လှုပ်ရှားရမှာ ဖြစ်သဖြင့် အချိန်ဆွဲလို့မရနိုင်တော့ပါ၊ ဆရာမကြီးအိမ်ခန်းထဲမှ ရေနွေးအိုးကလေးကိုယူပြီး ပြတင်းပေါက်မှ အပြင်ဘက်သို့ ပစ်ချလိုက်သည်။





'ခွမ်း…'

"ဟာ…မီးခဲ…ဘာဖြစ်တာလဲ၊သွားပြီးကြည့်စမ်း… အိမ်နားတိုကပ်လာရင် ပစ်သာချလိုက်"

ဓားပြအဖွဲ့ အပြင်ကိုအာရုံစိုက်ချိန်တွင် 'ကြိုး'သူ့ကို ကျောပေးထားသော ဓါးပြကို ပါးစပ်ပိတ်ပြီး အိပ်ခန်းထဲသို့ ဆွဲသွင်းပြီး ဇက်ပိုးကို ရိုက်ချလိုက်သည်နှင့်…

"အခန်းထဲက ဘာသံလဲကွ"

'ကြိုး'ရောက်နေသော အခန်းဆီသို့ ဓားပြနှစ်ယောက် ပြေးပြီးအဝင်တွင် ခြေစုံကန်ချလိုက်သည်။

"ဝုန်း.."

"ဟာ…မင်း…မင်း…"

ဓါးပြခေါင်းဆောင် 'ကြိုး'ကိုမြင်သည်နှင့် သေနတ်နှင့် ပစ်ဖို့ချိန်လိုက်စဉ် 'ကြိုး'ပြေးဝင်ပြီးလုံးထွေးချလိုက်တော့သည်။

"ဒိုင်း…အား…"

ဓားပြခေါင်းဆောင်သေနတ်ကျည်ဆံ 'ကြိုး'နံကြားမှ လွှတ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကွာ"

'ကြိုး'...ခါးပြခေါင်းဆောင် မျက်နှာကို ရိုက်ချလိုက်ချိန်တွင် အပြင်မှာရှိနေကြသော ရွာသူရွာသားတွေက အိမ်ကြီးဆီသို့ အတင်းပြေးဝင်ပြီး ဖမ်းလိုက်ကြတော့သည်။

"တစ်ယောက်မှ မလွတ်စေနဲ့ဟေ့"

ခဏအတွင်းမှာပင်ဓားပြ(၆)ယောက်လုံးကို ဖမ်းဆီးမိလိုက်တော့သည်။

"ကြိုး...ကြိုး"

"ဟာ..."

'ကြိုး'၏အကျီတွင်သွေးတွေမှာ မြင်၍မကောင်းအောင် စွန်းထင်နေသဖြင့် ရန်နဒီဒီတို့ ရင်ထိတ်သွားသည်။

"ကြိုးကို ဆေးခန်းကိုမြန်မြန်ခေါ်သွားကြဟေ့"

ရန်နဒီဒီ...'ကြိုး'နားသို့သွားပြီး သူမအပေါ်အင်္ကျီအစွန်းကိုချွတ်ပြီး 'ကြိုး'ဒဏ်ရာကို စည်းပေးထားလိုက်သည်။

"ရတယ် ရန်နဒီဒီ...နံကြားကို ရှပ်ပြီးထိသွားတာပါ"

"သွေးထွက်များနေတယ် ကြိုး"



ခြေထောက်တွေ ယိမ်းယိုင်လာတော့သည်။

"ကြိုး..."

"ရန်န...ဒီ...ဒီ"

"ကြိုး...မင်းလိုင်...တွဲပါဦး"

'ကြိုး'တစ်ယောက် အရုပ်ကြိုးပြတ်သလို ရန်နဒီဒီ ကိုယ်ပေါ်တွင် ခွေကျသွားတော့၏။

——————



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတစ်ယောက် သတိမေ့နေသည်မှာ တစ်ရက်နှင့် တစ်ည တိတိပင် ရှိနေလေပြီ၊ ရန့်ဒီဒီတစ်ယောက် စိုးရိမ်မှုကို ဟန်ဆောင် ပြီးနေခဲ့ပေမယ့် မရနိုင်သလို ဖြစ်ခဲ့ရသည်။

ကိုယ်နှင့် ခင်မင်ရုံ သံယောဇဉ်လောက်ရှိသော လူတစ် ယောက်ပေါ်မှာ ရန့်ဒီဒီစိုးရိမ်မှုလေးသည် ပိုကဲနေသလို ဖြစ်နေမှာ ကို အတတ်နိုင်ဆုံးဖုံးကွယ်ပြီး နေခဲ့သော်လည်း သူမ နှလုံးသား ထက်မှ ရိုက်ခတ်သံတို့မှာ သောကမီးတောက်လေးတွေပမာ…

"သော်လှိုင် အခြေအနေဘယ်လိုလဲ"

"ပြောရမှာ စိတ်မကောင်းဘူး ဒီဒီ…"

"ဖာယ်…ဘာ…ဘာဖြစ်လို့လဲ သော်လှိုင်"

"ကြိုး…ဒဏ်ရာက သွေးထွက်များပြီး အခြေအနေ အဆိုးဘက်ကိုရောက်သွားပြီ၊ နင်လည်းဆရာဝန်လောင်းတစ်ဦးပဲ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ သွေးဟာရှိသင့်တာထက် မရှိ တော့ဘူးဆိုရင် ဘာဖြစ်တတ်လဲဆိုတာ နင်သိမှာပေါ့"





"သွေးသွင်းတာပဲဟာ"

"သွေးဝင်မှုဟာ ခန္ဓာကိုယ်ထဲက ယိုစီးသွားတဲ့ သွေးတွေကို မဖြည့်ပေးနိုင်တော့ဘူး၊ အရှင်းဆုံးပြောရရင် နောက်ဆုံး အသက် နှလုံးခုန်ဖို့အတွက်လောက်ပဲ ရှိတော့တယ်"

"ဟင်…"

ရန့်ဒီဒီမျက်လုံးထဲတွင် ကြေကွဲမှုတွေမှာ မျက်ရည်ဥအသွင် ကိုပြောင်းလဲလို့နေလေပြီ။

"မင်းလှိုင်…နေကျော်…အိသူ…"

"ဘာ…ဘာလဲ…သော်လှိုင်"

"နင်တို့သူငယ်ချင်းကြီးကို လုပ်ကြပါဦး ငိုတော့မယ်"

"ဟဲ့…ဟဲ့…ဒီဒီ စိတ်ကိုတင်းပါဦးဟာ"

"အိသူရေ တားမနေနဲ့၊ သူ'ကြိုး'နဲ့ပတ်သက်ပြီး ခံစား ချက်တွေက ဟန်ဆောင်လို့မရတော့ဘူး၊ ဒီဒီ…လူတွေမလာခင် ငိုသာချလိုက်"

"နင်တို့အားလုံး ဘာခံစားချက်မှ မရှိဘူးနော်၊ ကိုယ့်ပေါ်မှာ ကောင်းခဲ့တဲ့လူကို ဘာမှမဖြစ်သလိုနေနိုင်ကြတယ်၊ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ကန်းတွေ"

"ကောင်မစုတ် ငါတို့က ကျေးရူးကန်းတာ မဟုတ်ဘူး။ နှင့်ကို သောက်မြင်ကပ်လို့ဟေ့… 'ကြိုး'ဘာမှမဖြစ်ဘူး ဆေးအရှိန်နဲ့မှေးနေတာ၊ နှင်အိပ်ပျော်သွားတုန်းက သတိရလို့ ဆေးတောင်သောက်ပြီးသွားပြီ"

"အယ်…"

"ဒီဒီ…တစ်သက်လုံးယောကျ်ားမယူဘဲ အပျိုကြီးလုပ်မယ့်သူ ဘယ်လိုဖြစ်တာလဲဟ"

"ဘယ်လိုမှ မဖြစ်ဘူးဟေ့…ရင်ထဲကအတိုင်းခံစားလိုက်တာ"

"ပေါ်ပေါ်ထင်ထင်ကြီး ကြေညာလို့ပါလား သော်လှိုင်"

"ဟုတ်ပါ့ကွာ…အိမ်ပြန်ရောက်ရင်တော့ မိဘတွေကို အပြတ်ပြောရမယ်၊ သားသားကိုဒီလိုဟာကြီးနဲ့ ပေးစားဖို့ကိစ္စကို မလုပ်ကြပါနဲ့လို့"

"ကောင်စုတ်…နှင့်လို ဆရာဝန်စုတ်ကို ချေးပေါ်ပေါ်နဲ့ရောင်းတာတောင်မဝယ်ဘူး"





"အလကားတောင်းပြီးမှ ယူမယ့်သဘောပေါ့၊ ဟား…ဟား… ဒီဒီရယ် ဖြစ်မှဖြစ်ရလေခြင်း၊ အရိုင်းကျေးတောသားလေးဆိုမှ ချစ်ခဲ့ရတယ်လို့"

"ရှူး…ဟိုမှာ…လှုပ်နေပြီ"

"အယ်…"

သူငယ်ချင်းတွေပြောချင်ရာတွေကိုပြောပြီးမှ ကြိုးကြားသွားမှာကို စိုးရိမ်မိသွားသည်။

"ဘာ…ခုမှကြောက်တာလည်း သတိရတာနဲ့ တစ်ခါတည်းနှင်သာပြောလိုက်"

"ကောင်စုတ် မင်းလှိုင်…နှင့်ပါးစပ်ပိတ်ထားနော်"

"ကိုသော်လှိုင် ရေသောက်လို့ရမလားဟင်"

"ရပါတယ်…ကြိုး…"

'ကြိုး'သတိရရချင်း ရေတောင်းသဖြင့် ရန့်ဒီဒီသူ့ဘေးမှ ခုံ ခရွက်ကလေးထဲ ရေထည့်ကာ ပေးလိုက်တော့သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော့်ကို ခုလိုကုစိုက် ပေးကြတာကို မမေ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးနဲ့ ကျွန်တော်တို့က သူစိမ်းတွေမှ မဟုတ်တာဘဲ၊ ဆရာမကြီးတောင် စောစောကမှ ပြန်သွားတာ၊ ပြီးရင် ပြန်လာမယ်တဲ့၊ တစ်ရွာလုံးကတော့ စိုးရိမ်ပေးကြပါတယ်"

"သြော်…ရန်နဒီဒီတို့ကိုတောင်းပန်ရဦးမယ်"

"ဘာကိုလဲ ကြိုး"

"ကျွန်တော့်ကြောင့် ခရီးစဉ်ကိုရွှေ့ဆိုင်းရတာကိုပါ"

"ရပါတယ်ရှင်၊ 'ကြိုး' ဒဏ်ရာရတာ ကောင်းမြတ်သော အလုပ်ကြောင့်ရတာပဲလေ၊ ဒဏ်ရာသက်သာပြီး သွားနိုင်တော့မှ သွားကြတာပေါ့"

ရန်နဒီဒီရင်ထဲမှ စိုးရိမ်မှုတွေနှင့် လောင်ကျွမ်းနေသော သောကမီးကလေးတွေခုမှပင်ငြိမ်းသွားရတော့သည်။

"ကြိုး သတိရပြီလားကွ"

"ဟုတ်ကဲ့ ဦးလေးပိုင်နဲ့ ဆရာမကြီးထိုင်ပါ"

ဦးပိုင်နှင့် ဆရာမကြီးတို့ ရောက်လာပြီး 'ကြိုး' ဘေးတွင် ဝင်ပြီး ထိုင်ကြသည်။

"လူလေး သက်သာလား"





"ဟုတ်ကဲ့ ဆရာမကြီး"

"အေးကွယ်…လူလေး…ဘုရားကယ်လို့ ပွတ်ကာသီကာသေး အသက်ဘေးကနေလွတ်ခဲ့ရတာ၊ တစ်ခုခုသာ ဖြစ်ခဲ့ရင် ဆရာမကြီးဖြေလို့ရမှာတောင် မဟုတ်ဘူးကွယ်၊ မင်းကြီးမေကို နည်းပြောပြထားရတယ်၊ မင်းသတိလာရင်တော့ စားဖို့ဆိုပြီး ကြော်လှော်နေတာနဲ့ ထားခဲ့ရတယ်"

"ဦးလေးပိုင် ဓားပြတွေ နောက်ကြောင်းကို သိခဲ့ပြီလား"

"ကိုင်းတောရွာဘက်က ကောင်တွေကွ"

"ဒီလောက်အဓားကြီးကို လာရဲတာအံ့သြဖို့ ကောင်းတယ်"

"ကြိုးရေ…ခုကိစ္စမှာ ငါတို့ရွာခံကောင်တွေ ပတ်သက်နေတာသေချာတယ်၊ ဘယ်သူဘယ်ဝါဆိုတာကို သက်သေမခိုင်သေးလို့ လွှတ်ထားတာပေါ့"

"ကိုင်းတောက ဘယ်သူတွေလဲ"

"ချစ်စံ ခေါင်းဆောင်တဲ့အဖွဲ့"

"ချစ်စံ ဆိုတာ ဟုတ်ပြီ…ဦးသာချို့တူတော်မောင်ပဲ၊ ရွာကိုအဝင်အထွက်တော့ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

တင်မဟုတ် သေးဘူး၊ ပင်လယ်ထဲမှာ ငါးဖမ်းစက်လှေတွေကို ဓါးပြတိုက်တာ လုယက်မှုတွေလည်း ဒီလူကြီး ပါဝင်ပတ်သက်နေပြန်တယ်၊ သက်ဆိုင်ရာအဖွဲ့တွေရဲ့ ငါတို့ကျေးရွာပူးပေါင်းပြီးတော့ ဖော်ထုတ် နိုင်ဖို့ကို ကြိုးစားရတော့မယ်''

''ဦးသာချို့က ခုမှမဟုတ်ရဘူး၊ သူ လူကြီးဖြစ်ကတည်းက ဒီကိစ္စတွေကို လုပ်ကိုင်ခဲ့ကြတာ၊ အင်း...အမှန်တရားဆိုတာ တစ်နေ့တော့ပေါ်လာရမှာပေါ့ကွာ...''

N O P Q





## အခန်း(၉)

'ကြိုး'ဒဏ်ရာသက်သာလာပြီ ဖြစ်သဖြင့် သောင်ပြင်တွင် ရုံးဒီဒီနှင့် လမ်းလျှောက်ထွက်လာခဲ့သည်။

''ကြိုးကို ရန့်မေးချင်တာလေးတစ်ခုရှိတယ်၊ မေးရ မလား ဟင်''

''မေးနိုင်ပါတယ် ရန့်ရယ်''

''ကြိုးဟာ အတိတ်ကို လုံးလုံးသတိမရတဲ့ လူတစ်ယောက် လို့ပြောနေကြတယ်၊ ဟုတ်လား..ဟင်..''

''လူတွေပြောနေတာကို မပြောဘဲ ရန့်စိတ်ထဲမှာရော အတိတ် မေ့နေတဲ့သူလို့ ထင်ထားလို့လား''

''ရန့် ပွင့်ပွင့်လင်းလင်းပြောမယ်နော်၊ 'ကြိုး'ဟာ အတိတ်မေ့ နေတဲ့သူ မဖြစ်နိုင်ပါဘူး၊ အတိတ်ကို တမင်မေ့ထားသူတစ်ဦးပဲ ဖြစ်ရမယ်''

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တခြားသူဆိုရင်တော့ တို့ခေါင်းညိတ်နိုင်မှာမဟုတ်ဘူး၊ ရန့် ကိုတော့ ခေါင်းညိတ်လိုက်ပါတယ်၊ တို့ခုလိုဘဝမျိုးကို တမင်နေခဲ့ သူတစ်ဦးပါ၊ တို့ဘယ်သူဘယ်ဝါဆိုတာကို ဆရာမကြီးမှလွဲရင် ဘယ်သူမှမသိကြပါဘူး"

"ကြိုးခုလိုဘာလို့နေတာလဲဟင်၊ ပြောပြလို့ရရင်ပြော ပြပါလား"

"ရန့် ဟိုနားက ကျောက်ဆူကြီးပေါ်မှာ အတူတူထိုင်လို့ရမလား"

"ရပါတယ် ကြိုးရယ်၊ ခွင့်တောင်းစရာမလိုတဲ့ ကိစ္စလေးပါ"

"ဒါဆို ထိုင်ကြရအောင်"

"အင်း…"

နှစ်ဦးသား ပင်လယ်ပြင်ကြီးရဲ့ နောက်ခံကောင်းကင်ကြီး ပေါ်မှာ ပြေးလွှားနေသော တိမ်တိုက်တွေကိုကြည့်ရင်း…

"မိန်းမတစ်ဦးရဲ့ ရက်စက်ခြင်းကို လက်စားမချေချင်လို့တို့ ဘဝကို ခုလို ဇာတ်မြှုပ်ခဲ့ရတာပါ၊ တို့နာမည်ရင်းက အာရုံနိုင် (မိုင်းလော့)တစ်ဦးပါ"

"အယ်…"





ကြိုး၏ အရည်အချင်း အဆင့်အတန်းမှာ မယုံနိုင်လောက် အောင်ပင်…

"ဖိုးဘွားတွေက တစ်ဦးတည်းသော သားတစ်ယောက်တည်းကို မွေးဖွားပြီး အင်္ဂလန်မှာဘဝကို ပြောင်းရွှေ့ပြီးနေထိုင်ခဲ့ကြတယ်၊ တို့ကတော့ မြန်မာပြည်ကို ခင်တွယ်သူဆိုတော့ အင်္ဂလန်မှာ ဆယယာဉ်မှူးဘဝနဲ့ (၀)နှစ်လောက် နေပြီး မြန်မာပြည်ကိုရောက် ခဲ့တယ်၊ မြန်မာပြည်မှာ ဘိုးဘိုးနဲ့ ဘွားဘွား တို့ရှိနေတာမို့ သူတို့နဲ့ နေထိုင်ပြီး မြန်မာ့လေကြောင်းလိုင်းတစ်ခုမှာ လေယာဉ်မှူးတာဝန် ကို လုပ်ခဲ့ရင်းနဲ့……တို့ဘဝရဲ့ နာကျင်ခြင်း သင်္ကာရာဇ်ပေါ်ဆီကို တောင် ပြီးရောက်ခဲ့ရတယ် ဆိုရမှာပေါ့ ရန့်ရယ်"

သောင်ကမ်းကို ရိုက်ခတ်လာသော လှိုင်းဂယက်လေးတွေနဲ့ အတူ 'ကြိုး'၏အတိတ်ဆီသို့ ရောယှက်ကာလိုက်ပါသွား တော့သည်။

\- - - - - -



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံမှ လေယာဉ်မှူး အာရုံနိုင်မောင်းနှင်လာသော လေယာဉ်ကြီးသည် ထိုင်းနိုင်ငံ ဘန်ကောက်လေဆိပ်တွင် ရပ်နားသွားစဉ်…

"အာရုံရေ ဘယ်လဲကွ"

အာရုံနိုင်နှင့်အတူ လေယာဉ်တစ်စီးတည်း တာဝန် ထမ်းဆောင်သူ တွဲဘက်လေယာဉ်မှူးအောင်မော် လေဆိပ်ရုံးခန်းထဲမှ လှမ်းခေါ်ရင်းထွက်လာသည်။

"ဘယ်ရယ်မဟုတ်ပါဘူးကွ၊ ဘန်ကောက်မြို့ထဲကို ဈေးဝယ် စရာလေးရှိလို့ သွားမလို့အောင်မော်"

"ငါလည်း ပျင်းနေတာနဲ့ အတော်ပဲ၊ လိုက်မယ်ကွာ"

လေဆိပ်ရုံးခန်းထဲမှ အတူတူထွက်လာပြီး အငှားကား တစ်စီးနှင့် မြို့ထဲဘက်ကို ထွက်လာခဲ့ကြသည်။



သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အာရုံ…တို့ လေယာဉ်က ဘန်ကောက်မှာ တစ်ပတ် လောက်ကြာဦးမှာနော်"

"အင်း…လေယာဉ်အင်ဂျင်ပိုင်းကို စိတ်မချလို့ စစ်ဆေး မယ်လို့ပြောတာပဲကွာ"

"မင်းခုပစ္စည်းထွက်ဝယ်တာ ချစ်သူအတွက်လား"

"မဟုတ်ရပါဘူးကွာ၊ နှလုံးသားနဲ့ ပတ်သက်ရင် အိပ်မက် ကောင်း မမက်ဖူးသေးပါဘူး"

"သေချာရဲ့လား အာရုံရယ်၊ အင်္ဂလန်မှာ ဒီလောက် အကြာ ကြီးနေခဲ့တာတောင် ချစ်သူတစ်ယောက်မှ မထားခဲ့ဘူးဆိုတာ တော့ သိပ်ပြီးမဖြစ်နိုင်ဘူးနော်"

"ပြောပြလို့ မယုံတော့လည်း မတတ်နိုင်ဘူးကွာ၊ အချစ်ဆို တာကို ငါ့နှလုံးသားထဲမှာ ပုံရိပ်မထပ်သေးတာ အမှန်ပဲ"

"အင်း…မင်းနှလုံးသားကတော့ လူပျိုကြီးဘက်ကို ပို့ပေး နေပြီနဲ့တူတယ် ကိုယ့်လူ…"

"ပို့ပေးတော့လည်း သွားလိုက်ရုံပဲပေါ့ကွာ…"

"လူတစ်ယောက်ရဲ့ ဘဝမှာ အချစ်ဆိုတာမဖြစ်မနေ ရှိရမယ့်





သဘာဝတစ်ခုပေါ်မှာတော့ ရှောင်လွှဲမနေနဲ့အာရုံရေ"

"ရှောင်လွှဲတာတော့ မဟုတ်ဘူး ဖြစ်ပေါ်ခြင်းမရှိသေးတာပဲ ရှိသေးတာပါ"

တက်ကြွစီးလာသော အငှားကားလေးမှာ စတိုးဆိုင်ကြီး တစ်ခုရှေ့တွင်ထိုးရပ်ပြီးဖြစ်သောကြောင့် ကားပေါ်မှဆင်းပြီး စတိုး ဆိုင်ထဲသို့ ဝင်ခဲ့ကြတော့သည်။

အာရုံနိုင်ဝယ်ခြမ်းချင်သော ပစ္စည်းတွေကို ဝယ်ယူပြီး စား သောက်ဆိုင်တစ်ခုဆီသို့ အောင်မော်ခေါ်သဖြင့် ဝင်ခဲ့ကြရင်း…

"အာရုံ…ဟိုစားပွဲကိုကြည့်စမ်း…"

အောင်မော်လှမ်းပြီး ပြလိုက်သော စားပွဲတစ်ခုတွင် မြန်မာမိန်း ကလေးတစ်ဦး၊ အမျိုးသားတစ်ဦးနှင့် ထိုင်းလူမျိုး (၃)ဦးကိုတွေ့ လိုက်ရသည်။

"ဘန်ကောက်မှာ ဒီမြင်ကွင်းတွေက ဘာမှမဆန်းတဲ့ ကိစ္စပဲ အောင်မော်ရယ် အဆန်းတကြယ်လုပ်လို့"

"ဆန်းတော့မဆန်းဘူး ခုငါပြတဲ့ မိန်းကလေးက ဆန်းနေ တာကို ပြောချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကသိလို့လား"

"ဒီမိန်းကလေး နာမည်က နှင်းသစ္စာလို့ ခေါ်တယ်၊ ငါ
ကျောင်းနေဖက်"

"ဒါဆို သူငယ်ချင်းတွေပေ့ါ"

"တစ်ကျောင်းတည်း အတူတူတက်ခဲ့ရတာကလွဲပြီး စကား
တောင် ကောင်းကောင်း မပြောဖူးပါဘူး"

"ဒီမိန်းကလေးနဲ့ ပတ်သက်ပြီး မင်းပြောချင်တာက ဘာလဲ"

"နှင်းသစ္စာဟာ ကျောင်းသူဘဝတုန်းက စာတော်တဲ့
ပြီးတော့ မိခင်မုဆိုးမကြီးနဲ့ အတူ ဘဝကိုရုန်းကန်ခဲ့ရရှာ
မြန်မာဆန်ဆန်နေတတ်ပြီး တစ်ကျောင်းလုံးမှာ ယဉ်ကျေးသိမ်
တဲ့သူပါ၊ ဘာကြောင့်ခုလိုအခြေအနေမျိုးကို ရောက်ခဲ့သလဲဆို
ကို စဉ်းစားလို့မရဘူးကွာ"

"ဒါကတော့ သူ့ဘဝကပေးလာတဲ့ သမိုင်းကြောင်း အတို
လျှောက်ရတာနေမှာပေါ့"

အာရုံနိုင်တို့(၂)ယောက် စားသောက်ပြီး အပြင်ထွက်
မှောင်စပြုနေလေပြီ။





"ဒီလမ်းမကြီးပေါ်မှာ လမ်းလျှောက်ပြီး သွားကြမယ်"

ဘန်ကောက်မြို့၏ညခင်းလေးကို မြင်တွေ့နေရသော တံတား
လေးပေါ်သို့ တက်ခဲ့ကြပြီး ကြည့်နေချိန်တွင်…

"ဟိုမှာ ဘာဖြစ်နေလဲ မသိဘူး"

"ဟင်…"

ထိုင်းလူမျိုး(၃)ဦးမှ မိန်းကလေး(၁)ဦးကို ကားပေါ်သို့
အတင်းဆွဲတင်နေသည်ကို မြန်မာလူမျိုးတစ်ဦးဘေးကနေရပ်
ကြည့်နေသောကြောင့် စိတ်ထဲမှာ ခံပြင်းသွားသည်။

"အာရုံ…သူတို့ကိစ္စနဲ့သူတို့ပဲကွာ ထားလိုက်"

အောင်မော်က အာရုံလက်ကို ဆွဲပြီး ကျောပေးစဉ်…

"အစ်ကို… အစ်ကိုတို့ ကယ်ပါဦး"

"ဟင်…"

မိန်းကလေးက သူတို့(၂)ယောက်ဆီသို့ အပြေးကလေး
ရောက်လာသည်။ နောက်မှလည်းပြေးလိုက်လာကြရင်း မြန်မာ
တစ်ယောက်မှ…

"မင်းတို့ကိစ္စမဟုတ်ဘူး ကိုယ့်လမ်းကို ကိုယ်သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လမ်း ငါတို့သွားနေကြတာပဲ၊ ဒါပေမယ့် အနိုင်ကျင့်တဲ့ကိစ္စတွေကိုတော့ ခေါင်းမရှောင်တတ်တာ မွေးရာ ပါဇာတိစရိုက် တစ်ခုဖြစ်နေတာတော့ ဆိုးတယ်"

"မဒီ…နင်ခု ပြန်လာခဲ့နော်"

"မဇိုက်ဘူး မလိုက်ဘူး…နင်ငါ့ကို ပြောတုန်းက တစ်မျိုး ခုပုံစံကတစ်မျိုးဖြစ်နေတယ် ဖေယျ"

"မင်းတို့ဖယ်စမ်းကွာ"

ဖေယျဆိုသည့်လူက မိန်းကလေးကို အတင်းဝင်ဆွဲဖို့ပြင် လိုက်သောကြောင့်…

"သူ မလိုက်ချင်တာကို မခေါ်နဲ့ကွာ"

"မင်းတယ်လျှာရှည်တဲ့ကောင်ပဲ၊ ရှေ့ကဖယ်မလား မဖယ် ဘူးလား"

"မဖယ်ဘူးဆိုရင်ရော"

"အာရုံ"

အောင်မော်က ရန်ပွဲဖြစ်မှာကိုစိုးရိမ်ပြီးသတိပေးပေမယ့်…

"မဖယ်ရင်ဖယ်အောင် လုပ်ရမှာပေါ့ ကဲကွာ…"





ဖေယျသူ့ခါးကြားမှ ခါးမြှောင်နှင့်ဝင်ပြီး ထိုးသဖြင့် အာရုံနိုင် ဖွတ်ကာသီကာလေးရှောင်ပြီး အရှိက်တည့်တည့်ကို လက်သီး ခပ်ပြင်းပြင်း ထိုးချလိုက်သည်။

"အွတ်…"

ဖေယျခွေပြီးကျသွားသည်နှင့် ထိုင်း(၃)ကောင် အာရုံနိုင်ကို တစ်ပြိုင်နက်တည်း ဝင်ပြီးတိုက်ခိုက်ကြသည်။

"ယီး…ယား…အူး…"

ပြေးဝင်လာသော (၃)ယောက်တိုက်ခိုက်မှုတွေကို နောက်ဆုတ် ပြီး ရှောင်တိမ်းကာ…

"ဒါ မြန်မာရဲ့ခြေကန်ကွ…"

"ဖြောင်း…အီး"

"ဒါက‥လက်သီး"

"ခွပ်…အား"

"ဒါ…မြန်မာရိုးရာ ဒူးပျံ"

"ဒုတ်‥ အင့်"

မာကျူရှီမီးရှောင်ဖြာကျနေသော ကတ္တရာလမ်းမကြီး ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် (၃)ယောက်လုံး ခြေကားယားလက်ကားယားနှင့် မှောက်နေတော့၏။ ဖေယျ နောက်ကြောင်းပြန်ပြီး ပြေးဖို့ပြင်တော့ အာရုံနိုင် ရင်ဘတ်အကျီစကိုဆွဲပြီး....

“မင်းတို့လို ကိုယ့်လူမျိုးအပေါ်မှာ တာဝန်မဲ့တဲ့ကောင်တွေကို လက်သီးတစ်ချက်တည်းနဲ့ ဆုံးမရတာ အားမရဘူး”

“ဖြောင်း...အား...သေပါပြီ”

“အာရုံ...”

“အစ်ကို...”

အောင်မော်နှင့် မိန်းကလေးလှမ်းပြီး တားလိုက်ခြင်းကြောင့် ဖေယျဆီ နောက်ထပ်လက်သီး မရောက်ခဲ့တာတောင်နှာခေါင်းတွင် သွေးတွေက မြင်မကောင်းအောင် ကျနေတော့သည်။

“ဟိုမှာ ထိုင်းရဲတွေ လာနေပြီ လစ်ကြမယ်”

အောင်မော်လှမ်းပြီးပြောလိုက်သောကြောင့် တံတားကြီးအောက်ဘက်ကို လှေကားထစ်အတိုင်း ဆင်းပြေးခဲ့ကြတော့သည်။

“ဟူး...မောလိုက်တာ”

နောက်မှလိုက်လာခြင်းမရှိသောကြောင့် ပလက်ဖောင်းဘေးရှိ





အုတ်ခုံကလေးပေါ်တွင် ထိုင်တော့မှ သူမကို သတိပြုမိလိုက်တော့သည်။

မိန်းကလေးမှာ အောင်မော်ပြောသော နှင်းသစ္စာ ဖြစ်နေသည်။

“မင်း...နှင်းသစ္စာမဟုတ်လား”

“ဟုတ်ပါတယ်..ဟင်...နင်...အောင်မော်နော်”

“ဟုတ်တယ်....နင်ခုဘယ်ကို သွားမှာလဲ”

သူမ အောင်မော်အမေးကို မဖြေဘဲ မျက်နှာလေးကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ငိုရှိုက်နေတော့သည်။

“နှင်းသစ္စာ နင်ငိုနေလို့ မရဘူး၊ ငါတို့ဘာဆက်ပြီး ကူညီရမလဲဆိုတာကိုပြော”

“ငါ ဘယ်ကိုသွားရမှန်း မသိပါဘူးဟာ၊ ထိုင်းမှာ ဝင်ငွေကောင်းကောင်းရတယ်ဆိုတာနဲ့ ဘန်ကောက်မှာ အလုပ်လာပြီး လုပ်တာ၊ ဒီရောက်တော့ အလုပ်ရှင်က မတရားချေးနဲ့ခိုင်းတာ မလုပ်နိုင်တာနဲ့ ဖေယျနဲ့တွေ့ပြီး သူက အလုပ်ကောင်းရှာပေးမယ် ဆိုတာကို ယုံခဲ့တယ်၊ ဒီနေ့လယ် အလုပ်ရှင်နဲ့ တွေ့ပေးမယ်ဆိုပြီး ငါ့ကိုသူ့တို့လက်ထဲ ထည့်လိုက်တာ၊ ဒီကအစ်ကိုနဲ့ နင်ကိုတွေ့လို့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဘဝကံကောင်းခဲ့တာပါ"

"ပထမလုပ်တဲ့အလုပ်ကို ပြန်သွားလို့မရဘူးလား"

"မရတော့ဘူး၊ အလုပ်ရှင်မိန်းမကိုငါ ပုလင်းနဲ့ ရိုက်ပြီးထွက်ပြေးခဲ့တာ"

"ဟူး… နင့်ဇာတ်လမ်းက မလွယ်ပါလား၊ အခုရော ဘယ်လိုလုပ်ကြမလဲ၊ အကြံပေးပါဦး"

"ဒီအခြေအနေရောက်မှတော့ မျက်နှာလွှဲလို့လည်း မကောင်းတော့ဘူး၊ ဒီညတော့ လေဆိပ်က ဟိုတယ်မှာ ထားပြီး မနက်ကျမှ ဆက်ပြီး စဉ်းစားကြတာပေါ့၊ ခုချက်ချင်းဆုံးဖြတ်လို့မှမဖြစ်နိုင်တာ"

"ဘယ်လိုသဘောရလဲ နှင်းသစ္စာ"

"အစ်ကိုတို့ သဘောပါပဲ"

"ဒါဆိုသွားကြစို့"

အောင်မော်အငှားကားတစ်စီးကို တားပြီး လေဆိပ် ဟိုတယ်ဆီသို့ ပြန်လာကာ နှင်းသစ္စာကို ဟိုတယ်တွင်ထားခဲ့ပြီး လေဆိပ်ရုံးသို့ ပြန်လာခဲ့ကြတော့သည်။





"ကိုအောင်မော်တို့ လေယာဉ်မှူးရုံးခန်းကို သွားလိုက်ဦး"

"ကိုမောင်မောင် ဘာကိစ္စပေါ်လာပြန်ပြီလဲဗျ"

"မနက်ဖြန်ဘန်ကောက်ကနေ မြန်မာပြည်ကို ပြန်မယ့်လေယာဉ်မှာ တွဲဖက်ကပ္ပတိန်နဲ့ သွားရမှာ"

"ဟာ…ဗျာ…ဟိုကပ္ပတိန်က ဘာဖြစ်လို့လဲ၊ သွားပြီး ပြောရမယ်"

"ပြောလည်းမထူးဘူး၊ သူ့ကပ္ပတိန် ကိုကျော်မြင့် အစာအိမ်ဖြစ်လို့ ဆေးရုံကို အရေးပေါ်တင်လိုက်ရပြီ၊ ဒီမှာ တွဲဖက်ဆိုလို့ ခင်ဗျားတို့ (၂)ယောက်ပဲရှိတာလေ"

"ဟူး…အခု"

"မင်း ဘာပြောမလဲဆိုတာ ငါသိတယ်၊ နှင်းသစ္စာ ကိစ္စအတွက် ငါပဲလုပ်ကိုင်ပေးလိုက်ပါ့မယ်"

------



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး ဆုံစည်းခြင်းမကောင်းပေမဲ့ ကံကြမ္မာ နိမ့်ဆင်းတဲ့ ဓာတ်ကွက်ထဲမှာ ငြင်းဆန်လို့မရတော့ လည်းကခဲ့ရဦးမဟုတ်လား…

"မင်း ဒီမှာဆက်ပြီးနေမယ်ဆိုရင်တော့ အလုပ်တစ်ခုခု ကိုဆက်ပြီးရှာပေါ့ နှင်းသစ္စာ"

"ကျွန်မ ဒီမှာဆက်ပြီးမနေချင်တော့ပါဘူး၊ မြန်မာပြည်ကို ပြန်ချင်ပါပြီ၊ ခုဧယျှနဲ့ အလုပ်စကားပြောတာလည်း အပြန်ခရီး စရိတ်ရဖို့ပါ၊ မြန်မာပြည်မှာ ဘယ်လိုပဲလုပ်ကိုင် စားရစားရ ကျွန်မလုပ်ကိုင်ပြီး ရပ်တည်တော့ပါမယ်၊ ဒီမှာတော့ ဆက်ပြီး နေချင်တော့ဘူး"

"မင်းထွက်လာတာ အောက်လမ်းကလား"

"ကျွန်မ တရားဝင်လာခဲ့တာပါ"

"မင်းပြန်ဖို့အတွက် ငါစီစဉ်ပေးမယ်"


သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…တကယ်ပြောတာလား အစ်ကို…ကျေးဇူးတင်လိုက်တာအစ်ကိုရယ်၊ ဒီကျေးဇူးကို ကျွန်မတစ်သက်မမေ့ပါဘူး"

"ကိုယ်လူမျိုးတစ်ဦး ဒုက္ခရောက်နေတာကိုတော့ အတတ်နိုင်ဆုံးကူညီတဲ့သဘောပါ၊ မင်းဒီမှာ (၃)ရက်လောက် နားနေရင်းနဲ့စောင့်ပေါ့၊ မင်းအတွက်လေယာဉ်လက်မှတ်အတွက် ငါစီစဉ်ပြီးပြန်ပေါ့"

"ဟုတ်ကဲ့…အစ်ကိုနာမည်က အာရုံနိုင်နော်၊ အစ်ကိုဟာမြန်မာလူမျိုးပီသတဲ့လူတစ်ယောက်ပါ"

"မင်းက ဘာကိုကြည့်ပြီးပြောတာလဲ"

"ကျွန်မဒီမှာတွေ့ခဲ့ရတဲ့ ကျွန်မတို့လူမျိုးတော်တော်များများဟာ အတ္တ လောဘတရားတွေနဲ့ ကိုယ့်လူမျိုးအချင်း ချင်းမှာ ရိုင်းပင်းကူညီဖို့ဆိုတာ မရှိကြတော့ဘူးအစ်ကို"

"ဒီကိုရောက်နေတဲ့ မြန်မာလူမျိုးအားလုံးတော့ မဖြစ် နိုင်ဘူးကွာ၊ မြန်မာစိတ်ဓာတ် မြန်မာသွေးနဲ့ မျိုးချစ်စိတ် ရှိတဲ့လူတွေလည်းရှိကြပါတယ်၊ မင်းတွေ့ခဲ့ရတဲ့ လူတွေဟာ စရိုက်လမ်းပေါ်မှာလျှောက်နေကြတဲ့ လူတွေဖြစ်နေကြလို့ပါ"





"ဒီလိုပဲ ကျွန်မသတ်မှတ်လိုက်ပါ့မယ်အစ်ကို"

အာရုံ…သူမကို ညထဲက ဝတ်ထားသော အဝတ်အစားနှင့်ပဲတွေ့ရသဖြင့်…

"မင်းနဲ့ငါ ဈေးဘက်ကို သွားကြရအောင်"

"ဘာလုပ်မလို့လဲဟင်"

"မင်းအဝတ်အစားတွေအတွက် စီစဉ်ပေးချင်လို့ပါ"

"ကျွန်မဘဝ တစ်လျှောက်လုံးမှာ ကံအကောင်းဆုံးနေ့ကိုဆိုင်လိုက်ရသလိုပါပဲ အစ်ကို"

"ရှေ့ဆက်ပြီး ကံကောင်းခြင်းလမ်းမပေါ်ကို မင်း ဆက်ပြီးလျှောက်နိုင်အောင် ကြိုးစားပါ"

နှင်းသစ္စာဆိုသော မိန်းကလေးနှင့် ခင်မင်မှုရခဲ့ခြင်းသည် အာရုံနိုင်ဘဝအတွက်တော့ ရာဇဝင်ရိုင်းတစ်ခုကို ရေးဖို့ခဲ့သည် ကို မသိခဲ့တာ အမှန်ပင်…။

နှင်းသစ္စာဘဝလေးကို ဘန်ကောက်တွင် (၃)ရက်အထိ အနီးစောင့်ရှောက်ရင်းနှင့် ဆုံစည်းမှုမှာပြီးဆုံး သွားခြင်းမရှိခဲ့ပါ၊ နိုင် မြန်မာပြည်ပြန်ရောက်ပြီး ဘွားဘွား ကျွန်းမာရေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တင်ပြီး ဘွားဘွားနားတွင်နေသောအချိန်…။

“သားရေ”

“ဗျာ…ဘိုးဘိုး”

ဘိုးဘိုးလှမ်းပြီးခေါ်သဖြင့် ဘွားဘွားကို ခုတင်ပေါ်တွင် စော ကလေးလှမ်းပေးပြီး ဘိုးဘိုးဆီကို ထွက်လာခဲ့သည်။

“ငါ့မြေးလည်း မင်းဘွားဘွားကြောင့် ပင်ပန်းနေပြီ၊ ခွင့်ဘယ် နှစ်ရက်ရလဲ”

“(၁၀)ရက်ပဲရတယ် ဘိုးဘိုး၊ ခုဂျပန်ကနေ ဝယ်ထား လေယာဉ်ကြီးတွေကို သားတို့ပဲကိုင်တွယ်ရမှာဆိုတော့ ခွင့်အရှ ကြီးမပေးဘူး”

“အင်း…ဘိုးဘိုးကလည်း ကုမ္ပဏီတစ်ဖက်နဲ့ အလုပ်မျာ တာဆိုတော့ မင်းဘွားဘွားကို အချိန်ပြည့်မပြုစုနိုင်ဘူး ဖြစ် တယ်၊ ဆရာဝန်ကြီးဦးစည်မောင်ကတော့ အကြံပေးထားတယ်”

“ဘာများလဲ ဘိုးဘိုး”

“မင်းဘွားဘွားကို စိတ်ချရတဲ့ သူနာပြုဆရာမတစ်ဦး ထားစေချင်တယ်”





“ကျွန်တော်လည်း စဉ်းစားမိပါတယ်၊ ခက်တာက ငွေကြေး သက်သက်နဲ့ ပြုစုတာမျိုးကိုတော့ မဖြစ်စေချင်ဘူး၊ ဘွားဘွား ရောဂါက လူကြီးရောဂါဆိုတော့ အောက်ခြေသိမ်းကအစ မိသားစု လို ပြုစုတဲ့သူကိုပဲ လိုချင်တယ် ဘိုးဘိုး”

“ဒါကတော့ ရှာရမှာပေါ့၊ ဆရာဝန်ကြီးကလည်း ဘိုးဘိုးတို့ သားတို့ ပြောတဲ့လူမျိုးကို ရှာမှာပါ၊ သားကလည်း ရှာကြည့်ဦး လေ”

“ဟုတ်ကဲ့…ဩော်…ဘိုးဘိုး အပြင်သွားစရာရှိသေးလား”

“ဒီနေ့ကတော့ နားရက်ပဲ လူလေးကိစ္စရှိလို့လား”

“ဟုတ်ကဲ့…ရုံးချုပ်ကို ခဏလေးသွားချင်လို့ပါ”

“သွားလေကွယ်၊ မင်းဘွားဘွားနားမှာ ဘိုးဘိုး စောင့်နေပေး ပါ့မယ်”

ဘိုးဘိုးကိုထားခဲ့ပြီး အာရုံ…ကားတစ်စီးဖြင့် ရုံးချုပ်ဆီသို့ ထွက်ခဲ့တော့သည်။ ရုံးချုပ်တွင် လုပ်ကိုင်စရာတွေ ပြောစရာရှိတာ တွေကိုပြောဆိုပြီး ပြန်ပြီးအထွက်တွင် အောင်မော်နှင့်တိုးလေသည်။

“အာရုံရေ မင်းနဲ့ငါက တစ်ရုံးထဲမှာ အတူတူလုပ်နေကြလို့ပဲ

www.burmeseclassic.com



နော်၊ တစ်ယောက်နဲ့ တစ်ယောက် တွေ့ရခဲလေခြင်း၊ ဒါနဲ့ မင်း ဘွားဘွား သက်သာလား”

“လူကြီးရောဂါဆိုတော့ အကောင်းကြီးမဟုတ်ဘူး၊ ကောင်းတဲ့အခါ ကောင်းလိုက် မကောင်းချင်ရင် ချက်ချင်းကြီး ဖြစ်တော့တာပဲ၊ အစားအသောက်နဲ့ ဆေးထိုးတာတွေ မှန်နိုင်မှဖြစ်တာမို့ ဒီလိုပဲဂရုစိုက်နေရတာပေါ့ အောင်မော်၊ မင်းကိုမေးမယ် မေးမယ်နဲ့ ခုမှပဲမေးရဦးမယ် မင်းနဲ့ နှင်းသစ္စာ ဆုံဖြစ်သေးလား”

“သူ မြန်မာပြည်ကိုပြန်ရောက်ပြီး တစ်ခါတော့ ငါ့အိမ်ကို ရောက်လာတယ်၊ မင်းကိုကျေးဇူးတင်တဲ့ အကြောင်းတွေတော့ လာပြီးပြောပါတယ်၊ သူလည်းသင်တန်း တစ်ခုတက်နေတယ် လို့ပြောတယ်၊ ဘာသင်တန်းလဲဆိုတာတောင် မေးချိန်မရလိုက်ပါ ဘူးကွာ၊ ရုံးချုပ်က အရေးတကြီးခေါ်တာနဲ့ စကားဖြတ်ပြီး သွားခဲ့ရတာ၊ ဒီထဲကမတွေ့ဖြစ် တော့ပါဘူး”

အာရုံနိုင်နှင့် နှင်းသစ္စာ မဆုံဖြစ်ခဲ့တော့တာကို ရေတွက်မည် ဆိုရင် (၅)လဝန်းကျင်လောက်ရှိတော့မည်။

တစ်ဦးနှင့် တစ်ဦး တွေ့ရမည့်အကြောင်းတွေမရှိတာကြော





ရယ်၊ နှင်းသစ္စာလိပ်စာကို မသိတာကြောင့်လည်းပါမည်။

တစ်ခါတလေတော့ သတိရမိပေမယ့် ရိုးစင်းစွာ သတိရခြင်း တစ်ခု ပင်ဖြစ်သည်။

နှင်းသစ္စာသည် အာရုံနိုင်အတွက် ရင်ခုန်သံဖြစ်ခဲ့စေသော သူတစ်ယောက်တော့မဟုတ်ခဲ့ပါ၊ ဘိုးဘိုးကတော့ သူ့ကိုအိမ် ထောင်ချပေးဖို့ ပြောဆိုသံတော့ကြားပေမယ့် အတိအလင်းတော့ မဟုတ်။

“ဟင်...”

အာရုံနိုင်အပြန်လမ်းတွင် ကားမှတ်တိုင်ဆီသို့ မျက်လုံးအမှတ် မထင်လှမ်းကြည့်လိုက်သောအခါသူမှာပြုံဝတ်စုံလေးနှင့် နှင်းသစ္စာ ကို လှမ်းပြီးတွေ့လိုက်ရပေမယ့် ရေရေရာရာမဟုတ်သောကြောင့် ကားကို ကားမှတ်တိုင် ခပ်လှမ်းလှမ်းတွင် ရပ်ပြီး ကားမှတ်တိုင် ဆီသို့ လျှောက်လာခဲ့သည်။ အနားသို့ရောက်မှ...

“နှင်းသစ္စာ...”

“ဟင်...ကိုအာရုံနိုင်”

သူမမျက်နှာလေးတွင် အံ့သြဝမ်းသာခြင်းတွေနှင့်...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားမလို့လဲ…အစ်ကို"

"ဘယ်ကိုမှ မဟုတ်ဘူး၊ နှင်းသစ္စာနဲ့ တူပါတယ်ဆိုပြီး ကားပေါ်က ဆင်းပြီးလာကြည့်တာ"

"ကိစ္စရှိလို့လား အစ်ကို"

"နှင်းသစ္စာ အချိန်ရလားဟင်"

"ရပါတယ်"

"စကားနည်းနည်းပြောချင်တယ် ကားပေါ်သွားကြရအောင် အစ်ကိုလိုက်ပို့ပေးပါ့မယ်"

"သွားလေ အစ်ကို"

နှင်းသစ္စာနှင့်အတူ ကားဆီသို့ပြန်လာပြီး အအေးဆိုင်တစ် ဆီသို့ မောင်းထွက်လာခဲ့သည် အအေးသောက်ရင်းနှင့်…

"နှင်းသစ္စာ ခုဘယ်မှာအလုပ်ဝင်နေလဲ"

"စိတ်ရောဂါ ဝေဒနာသည်တစ်ဦးကို အနီးကပ်ပြုစုပေးတာ ဒီနေ့ပြီးသွားပြီလေ"

"တခြားဆေးခန်း ဆေးရုံမှာရော အလုပ်ဝင်နေတာရော လား"





"ဆေးခန်းတစ်ခုမှာတော့ ညပိုင်းကျူတီ ဝင်ပေးရတယ်၊ ့တိုင်းတော့ မဟုတ်ပါဘူး တစ်ပတ်မှာ (၂)ရက်လောက်ပါပဲ၊ လည်း ကျွန်မအလုပ်မရှိမှာစိုးလို့ ဆရာဝန်ကြီးက သနားပြီး ဝ်နိုင်းထားတာပါ"

"ကိုယ်မင်းဆီက အကူအညီလေးတစ်ခုလောက် တောင်းချင် ယ်"

"အစ်ကိုရယ် အကူအညီဆိုတဲ့စကားကိုပြောစရာ မလိုပါဘူး၊ ျန်မဘာလုပ်ပေးရမလဲသာ ပြောလိုက်ပါ၊ အစ်ကို့ကျေးဇူးတွေကို ျန်မ ဆပ်လို့မကုန်ပါဘူး"

"နှင်းသစ္စာ…ကျေးဇူးတရားကြီးနဲ့ မင်းဘဝကို ကြိုးချည် သလိုတော့ မဖြစ်စေနဲ့ကွာ၊ ကိုယ်ခု အကူအညီတောင်းတာ သစ္စာအတွက်ရော ကိုယ့်အတွက်ပါ အဆင်ပြေစေမယ့် ကိစ္စ းတစ်ခုပါ"

"ဟုတ်ကဲ့ ပြောပါ အစ်ကို"

"ကိုယ့် အသွားတစ်ယောက် နာတာရှည်ရောဂါသည်လေး အတွက် နှင်းသစ္စာအနီးကပ်ပြုစုပေးနိုင်မလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မိခင်ကြီးလို သဘောထားပြီး ပြုစုပေးပါ့မယ်"

"ကျေးဇူးတင်တယ်ကွာ၊ တခြားသူနာပြုဆရာမ တွေရှိမ မယ့် ကိုယ့်ဘွားဘွားပေါ်မှာ မိသားစုလိုသဘောထားပေးနိုင်သူ ပဲဖြစ်စေချင်လို့ပါ"

"နှင်းသစ္စာ သူနာပြုဆရာမအလုပ်ကို နှလုံးသားနဲ့ လုပ်ကိုင် တာပါ အစ်ကို၊ ငွေကြေးအပေါ်မှာ အမိကမထားပါဘူး"

"ကိုယ်နဲ့မင်းကြားမှာ ငွေကြေးကိစ္စကို ခေါင်းထဲမှာ ထည့် မထားပါနဲ့၊ အပြေလည်ဆုံးဖြစ်အောင် စီစဉ်ပေးပါ့မယ်"

"အစ်ကိုကောင်းသလိုပေါ့၊ ကျွန်မဘာယ်နေ့စပြီး ဝင်ရမလဲ ဆိုတာကိုသာပြောပါ"

"ဖြစ်နိုင်ရင် မနက်ဖြန်ကစပြီးဝင်စေချင်တယ်၊ ကိုယ်ခွင့် (၃)ရက်ပဲကျန်တော့ ကိုယ်ရှိနေစဉ် ဘွားဘွားနဲ့ နှင်းသစ္စာကြား မှာပိုပြီးရင်းနှီးစေချင်တယ်၊ ခု…နှင်းသစ္စာ အိမ်သိရအောင် ကိုယ် လိုက်ပို့ပြီး မနက်ဖြန်မနက်ကျရင်လာပြီးခေါ်မယ်နော်"

အာရုံနိုင်ကို အလှပဆုံးအပြုံးလေးနှင့်သာ နှင်းသစ္စာ ခေါင်း လေးညိတ်ပြလိုက်တော့သည်။



ပြုပြင်လို့မရနိုင်သော နောင်တတစ်ခုဖြစ်ခဲ့မယ်ဆိုရင် အာရုံနိုင် နှင်းသစ္စာကိုဘွားဘွားအတွက်ငှားရမ်းမိမှာ မဟုတ်ခဲ့ပါလေ။

------



www.burmeseclassic.com

www.burmeseclassic.com



နှင်းသစ္စာဟာ ဟန်ဆောင်ကောင်းသော ဝံပုလွေတစ်ကောင် ဆိုတာကိုပင် မရိပ်မိခဲ့ကြ။ အားလုံးက နှင်းသစ္စာသည် သိမ်မွေ့နူးညံ့လှသော သိုးကလေးတစ်ကောင်ဟု ထင်မှတ်ထားခဲ့ကြသည်။

ဘွားဘွား၏ကျန်းမာရေးတင်မက ဘိုးဘိုးအတွက် ဝေယျာဝစ္စတွေကိုပါ နှင်းသစ္စာမလစ်လင်းခဲ့၊ ထို့အပြင် အိမ်ကြီးရဲ့ သန့်ရှင်းရေးနှင့် စားရေးသောက်ရေးတွေကိုပါ ပါဝင်ခဲ့သဖြင့် ဘွားဘွားရော ဘိုးဘိုးတို့နှုတ်ဖျားပေါ်မှာ နှင်းသစ္စာတစ်ယောက် ရောက်ရှိခဲ့တော့သည်။

အာရုံနိုင်ကတော့ (၁၀)ရက်မှတစ်ခါ အိမ်ကိုရောက်ပြီး တစ်ခါတလေ တစ်လလောက်မှ အိမ်ကိုပြန်ရောက်တတ်သည်။ အာရုံနိုင်ပြန်ပြီးရောက်တိုင်း နှင်းသစ္စာရဲ့ကောင်းသတင်းတွေကို နားမဆန့်အောင်ကြားကြားနေတတ်သည်။

"လူလေးက လူရွေးတော်တယ်"





"ဗျာ..."

ဘိုးဘိုးစကားကို အာရုံနိုင် နားမလည်နိုင်အောင်ဖြစ်သွားသည်။

"ဘိုးဘိုး ဘာကိုပြောတာလဲ"

"ဘာကိုပြောရမလဲကွ၊ နှင်းသစ္စာလေးကို ဘိုးဘိုးတို့ အိမ်ပေါ်ကိုရောက်အောင်ခေါ်ခဲ့တာကို ပြောတာကွ"

"ဒါကတော့ ဘိုးဘိုးရယ် သူနဲ့သားကြားမှာ ရှိခဲ့ကြတဲ့ ဆတနာတွေပေါ်မှာ ရောင်ပြန်ဟပ်ကြတာပါ"

"လူလေးကိုပြောစရာရှိတယ် တခြားတော့မဟုတ်ဘူး၊ ဘိုးဘိုးတပည့် တစ်ယောက်ရဲ့ သမီးလေးနဲ့ သားကိုနေရာ ချပေးထားချင်တယ်၊ လူလေးအသက်ကလည်းမငယ်တော့ဘူးနော်၊ ဘိုးဘိုးနဲ့ ဘွားဘွားသက်ရှိထင်ရှားလူ့လောကကြီးမှာ ရှိနေတုန်း မြင်သွားချင်တယ်၊ လူလေး ဘွားဘွားဆန္ဒကလည်း ဒီလိုပဲရှိနေတယ်၊ လူလေးမှာ ချစ်သူရှိနေရင်တော့ ပြောနော်"

"သားမှာ မရှိပါဘူး ဘိုးဘိုး၊ သားကိုတော့ အချိန် နည်းနည်းလောက် ပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်နည်းနည်းဆိုတဲ့ သားဟာ နှစ်ရှည်တော့ မတောင်းနဲ့ကွာ"

"သားကိုတစ်လလောက် စဉ်းစားခွင့်ပြု"

"ကောင်းပြီ၊ တစ်လပြည့်တာနဲ့ သားဆီက တိကျတဲ့ အဖြေတစ်ခုကိုဘိုးဘိုးကြားချင်တယ်"

"စိတ်ချပါ ဘိုးဘိုး..."

"အစ်ကိုနဲ့ ဘိုးဘိုး သံပရာရည်ရောက်ပြီ"

"ဩော်...သမီးလေး ရောက်နေတာကိုး"

အာရုံနိုင်တို့ စကားကောင်းနေကြသဖြင့် နောက်တွင်နှင်းသစ္စာ ရောက်နေသည်ကို သတိမပြုမိလိုက်ကြပါ...။

"နှင်းသစ္စာ"

"ရှင်"

"ကိုယ်တို့အိမ်မှာ လုပ်ကိုင်ရတာအဆင်ပြေရဲ့လား၊ ပြောစရာရှိရင် ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြောနော်"

"အစ်ကို တို့အိမ်မှာ ကျွန်မနေရတာ ကိုယ့်မိသားစုဘဝထဲမှာ နေရသလိုပဲ၊ နှင်းသစ္စာမိခင်ကြီးကွယ်လွန်ပြီးကတည်းက ကျွန်မ





ဘဝမှာ မိသားစုဆုံစွာနေထိုင်ခြင်းကို ကင်းဝေးခဲ့ရပါတယ်၊ ခုလိုမိသားစုဘဝလေးနဲ့ ပြန်ပြီးနေရတာ အရမ်းကို ပျော်ရွှင်မိခဲ့တယ်၊ ဒီကနေ အလုပ်ပြီးဆုံးသွားမှာကို တွေးပြီးတောင် စိတ်မကောင်းဖြစ်မိခဲ့တယ်"

"သမီးလေးနေချင်သပဆိုအချိန် သတ်မှတ်ချက်မထားဘဲ နေပါ"

"ဘိုးဘိုးဆီက ဒီစကားကိုကြားရတာ သမီးရင်မှာပြောပြလို့ တောင်အောင်ကြည်နူးမိပါတယ်၊ ဒါပေမယ့် သမီးကို ခေါ်လာတာ အစ်ကိုဆိုတော့ အစ်ကို့သဘောမပါဘဲ သမီးမနေချင်ပါဘူး၊ နောက်တစ်ခုကတော့ သမီးဟာ ငွေကြေးနဲ့လုပ်ကိုင်နေသူ ဖြစ်လို့ သမီး ပျော်သလောက်နေပြီး ငွေကိုယူနေသလိုလည်း မဖြစ်ပါစေနဲ့ ဘိုးဘိုးရယ်၊ ကျွန်မကို အစ်ကိုနေခွင့်ပြုမယ်ဆိုရင် ငွေကြေးမပါတဲ့ နေထိုင်ခြင်းမျိုးပဲ နေခွင့်ပြုပါ"

"နှင်းသစ္စာဘဝကို ဒီမှာပျော်တယ်လို့ သတ်မှတ်ထားခဲ့ရင် နေနိုင်ပါတယ်"

"အယ်...အစ်ကို...အတိုင်းအဆမရှိ ဝမ်းသာမိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သိုးခြံရာနှင့် ဝဲပုလွေခြံလှမ်းလေးမှာ ယဥ်ယဥ်လေးနှ ဝင်ရောက်ခဲ့လေပြီ။ အိမ်ကြီး၏ မိသားစုဝင်တစ်ဦး ဖြစ်သွားတဲ့ နှင်းသစ္စာတစ်ယောက် မိသားစုအိမ်မှုတာဝန်ကြီးကို ယူခဲ့တော့ သည်။ အိမ်ကြီးမှာ နှင်းသစ္စာသဘောအတိုင်း ဖြစ်စေခဲ့သည်အထိ ဘိုးဘိုး၊ ဘွားဘွားတို့မှာ ယုံကြည်စွာအပ်နှံခဲ့ကြသည်။ ငွေကြေး သုံးစွဲမှုပေါ်မှာလည်း စိတ်ချစွာငွေကို သုံးစွဲစေခဲ့သည်။

နှင်းသစ္စာတစ်ယောက် ငွေကြေးပိုင်းနှင့် တခြားသော ကိစ္စ တိုင်းမှာ အမှားအယွင်း အတိမ်းအစောင်းမရှိစွာနေထိုင်ခဲ့သူ တစ်ဦး.....

အာရုံနိုင်နှင့် နှင်းသစ္စာကြားတွင် ရှိသော သံယောဇဉ်ကြိုး ကတော့ ဘာမှပြောင်းလဲခဲ့ခြင်းမရှိခဲ့ပါ။ အာရုံနိုင်ဘဝတွင် ညီ မလေးတစ်ယောက်ရထားသလိုပဲ ခင်တွယ်မိသည်။ နှင်းသစ္စာ ရင်ထဲမှ ခံစားချက်ကိုတော့ အာရုံနိုင်မလေ့လာမိခဲ့ပါ။ သူ့စိတ်နှင့် တန်းတူလို့ပဲသဘောထားခဲ့ခြင်းကြောင့် အာရုံနိုင်၏ ကံကြမ္မာ အရွေ့အပြောင်းတစ်ခုဖြစ်စေဖို့ စတင်ခဲ့သည်။ နောက်နေ့မှာတော့ ဘိုးဘိုးကို အာရုံနိုင်ကတိပေးထားသည့်တစ်လပြည့်သော နေ့





ကလေးပင်ဖြစ်သည်၊ ထို့နေ့တွင် နှင်းသစ္စာတစ်ယောက် သူနှင့် ဘိုးဘိုး စကားပြောနေသောနေရာနှင့် သိပ်ပြီးမဝေးသောနေရာ လေးတွင် ပြတင်းပေါက်ခန်းဆီးလေးတွေကို တပ်နေချိန်...

"လူလေး ဒီနေ့တစ်လပြည့်တဲ့နေ့နော်"

"ဘိုးဘိုးကတော့ နာရီပိုင်းတောင်အကျော်ခံမယ့် ပုံမပေါ် ဘူး"

"နာရီပိုင်းမပြောနဲ့ စက္ကန့်တောင်အကျော်မခံနိုင်ဘူး၊ ငါတို့ အတွက် သိပ်ကိုအရေးကြီးတယ်"

"သားဆုံးဖြတ်ပြီးပါပြီ"

"ဟော...ဘယ်လိုဆုံးဖြတ်လဲ"

"ဘိုးဘိုး ဖြစ်စေချင်တဲ့ဆန္ဒတွေအတိုင်းပါပဲ"

"ဒါမှ...ငါ့မြေးလေးကွ"

"တစ်ခုတော့ တောင်းဆိုချင်တယ်၊ သားနဲ့ လက်ထပ်မယ့် သူကိုတော့ တွေ့ဆုံခွင့်ပေးပြီး စကားပြောခွင့်တော့ပြုပါ၊ တစ် ယောက်ဆန္ဒကိုတစ်ယောက်ပွင့်ပွင့်လင်းလင်းပဲ ပြောဆိုဆွေးနွေး ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ··ဘိုးဘိုး စီစဉ်ပေးမယ်၊ ခုကောင်မလေးက သူငယ် ချင်းတွေနဲ့ ဘုရားဖူးသွားနေတယ်၊ ပြန်ရောက်တာနဲ့ သားနဲ့ တွေ့ဖို့ကိစ္စကို စီစဉ်ပေးမယ်၊ ဟူး···ခုမှပဲ သက်ပြင်းချနိုင်တော့ တယ်၊ သမီး···သစ္စာရေ"

"ရှင်···ဘိုးဘိုး"

"လာပါဦးကွယ်"

"ဟုတ်ကဲ့"

နှင်းသစ္စာ သူတို့ရှေ့တွင် ဝင်ထိုင်လိုက်သည်။

"ဘိုးဘိုး သံမီးသစ္စာကိုပြောပြထားတဲ့ သမီးကိုကို ကိစ္စခု သဘောတူလိုက်ပြီ၊ သမီးရော"

"သမီးကတော့ ခုချက်ချင်းကြီးတော့ သဘောမတူနိုင်ဘူး"

"ဟေ····ဘာဖြစ်လို့လဲ"

"သမီး ယောက်မကို တစ်ခါမှ မတွေ့ဖူးဘဲနဲ့တော့ သဘော မတူနိုင်သေးပါဘူး၊ တော်ကြာ သမီးအစ်ကိုကိုအနိုင်ကျင့်မယ့်သူ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"အေးပါ····အေးပါ····မင်းအစ်ကိုနဲ့ မတွေ့ခင် သူညီမနဲ့





ရင်ဆုံပေးပြီးတွေ့ရမှာပေါ့ကွာ"

"အစ်ကိုနဲ့ ဘိုးဘိုး ထမင်းစားကြတော့လေ၊ သမီး အားလုံး ပြင်ဆင်ပြီးပြီ"

"နှင်းသစ္စာပါ တစ်ခါတည်း ဝင်စားလိုက်လေ"

"ဟင့်အင်း···· ဘွားဘွားကို ဆေးတိုက်ပြီးမှပဲ စားတော့ မယ်"

"နှင်းသစ္စာ"

"ရှင်····အစ်ကို"

"ကိုယ် အိမ်ထောင်ပြုတာကို တကယ်သဘောတူတယ် လား"

"အင်း···ပြောရရင် ခံစားချက်က (၂)ခုဖြစ်နေတယ်"

"ဘယ်လို(၂)မျိုးလဲ ပြောပါဦး"

"ကိုယ့်အစ်ကိုတစ်ယောက်ကို တခြားသူပိုင်ဆိုင်သွားမှာကို ဖြစ်နေတယ်၊ ဒါပေမယ့် အစ်ကို့အသက်အရွယ်နဲ့ အချိန်ဟာ အိမ်ထောင်ပြုဖို့ကောင်းနေပါပြီ၊ တူလေး တူမလေးတွေကို ကျွန်မ ပြီး ထိန်းချင်ပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ကွယ်”

------





ယုံကြည်ခြင်းကိုအသုံးချသော တောင်ချောက်ထဲသို့ ဝင်ရောက်သော နေ့ကလေးဆီသို့...ထိုနေ့က ဘွားဘွား ဒေါ်ခင်တင့်နှင့် ဘိုးဘိုး ဦးအောင်ကျော်တို့နှစ်ဦး တရားပွဲတစ်ခုကိုသွားနေပြီး အာရုံနိုင်မှာလည်း လေယာဉ်ရုံးချုပ်မှ အပြန်နောက်ကျသဖြင့် ဧည့်ခန်းတွင် ထိုင်နေသည်။

“အစ်ကို...ရေချိုးဦးမလား”

“မချိုးတော့ဘူး နှင်းသစ္စာ”

“အမောပြေ အအေးသောက်မလား၊ ကော်ဖီသောက်မလား”

“သံပရာရည်ပဲဖျော်ကွာ ထမင်းပြင်မနေနဲ့၊ ကိုကိုအပြင်က စားခဲ့တယ်”

“အစ်ကို အရက်သောက်ထားလားဟင်”

“သူငယ်ချင်းရာထူးတက်လို့ ဧည့်ခံတာနဲ့ နည်းနည်းတော့ သောက်ခဲ့တယ်”

“အရက်ကိုအကျင့်လုပ်ပြီး မသောက်ပါနဲ့ အစ်ကိုရယ်”

“အေးပါကွာ”

ဆိုဖာနောက်မှီကို မှီပြီး မျက်လုံးလေးကို မှိတ်ထားမှ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ရှိဝေဝေဖြစ်လာသည်။ သတိလက်လွတ်မူးနေခြင်း တော့မဟုတ်…

"အစ်ကို သံပရာရည်လေး သောက်လိုက် ပြီးရင် အိပ်တော့လေ၊ ဘိုးဘိုးနဲ့ဘွားဘွားကို ကျွန်မစောင့်နေဦးမယ်"

"နှင်းသစ္စာ အစ်ကိုအရက်သောက်တာကို ဘိုးဘိုးနဲ့ဘွားဘွား မသိစေနဲ့ဦး"

"အစ်ကိုရယ် ကျွန်မကပြောပါ့မလား၊ သူတို့မလာခင် ဝင်ပြီးသာ အိပ်နေလိုက်"

နှင်းသစ္စာ ဖျော်ပြီးလာပို့သော သံပရာရည်လေးကို သောက်ပြီး စက္ကန့်ပိုင်းတွင်…

"ဟာ"

ခေါင်းတစ်ခုလုံးရီဝေခြင်းတွေမှ သတိလစ်သလိုဖြစ်လာပြီး ထိုင်ရာမှထလိုက်ရာ…

"ဝုန်း…"

"အစ်ကို…"

နှင်းသစ္စာ သူ့လက်မောင်းကိုတွဲထားသည်ကို သတိပြုမိသေး



"နေ…နေ…နှင်းသစ္စာ…ကိုယ်သွား…သွားလို့ရတယ်"

"အစ်ကို သွားလို့မရပါဘူး ခုတောင် ရှေ့ကို စိုက်နေပြီ၊ ကျွန်မ ပခုံးကို ဖက်ပြီးလိုက်ခဲ့"

စိတ်ထဲကငြင်းဆန်နေပေမယ့် ခန္ဓာကိုယ်ကြီးမှာ လျှပ်လို့ပင် မရအောင်ဖြစ်နေပြီ နှင်းသစ္စာပခုံးလေးကို အားပြုပြီး အခန်းဆီသို့ လိုက်လာခဲ့ပြီး ခုတင်ပေါ် အရောက်တွင် လောကကြီးဘာဆိုဘာကို တကာယ်ပင်မသိတော့ပေ။

------



www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေမာယာ၏ အောင်ပွဲအခမ်းအနားတွင် ဘာကိုမှ ငြင်းချက်မပေးနိုင်သူမှာ အာရုံနိုင် …

"မင်းဘယ်လို ဆုံးဖြတ်မှာလဲ လူလေး‥"

ဘိုးဘိုး၏ အမေးစကားမှာ အေးစက်သယောင်ရှိပေမယ့် သူ့ဘက်မှ အများအပြွင်းရှိလို့မရဘူးဆိုတာတော့ သဘောပေါက်မိသည်။ ပြီးတော့ ဘွားဘွား၏ စကား…

"လူလေး ဘွားဘွားတို့ မြန်မာလူမျိုးတွေဟာ ဘာသာတရားနဲ့ ယဉ်ကျေးမှုကို တန်ဖိုးထားကြတယ်၊ ပြီးတော့ ဘယ်လိုလူတန်းစားပဲဖြစ်ဖြစ် ကိုယ့်ကြောင့်နစ်နာမှုတွေဖြစ်ရမှာကို ဘွားဘွား မလိုလားဘူးကွယ်၊ ငါ့မြေးလေးကို ဘွားဘွား ငယ်ငယ်လေးကတည်းက သဘောကျတာတစ်ခုရှိတယ်၊ အများရဲ့အပြစ်ဒဏ်ကိုလည်း သတ္တိရှိရှိခံရဲတဲ့သူဖြစ်လို့ပဲ"

သူဘာတွေဖြစ်ခဲ့သလဲ ဆိုတာကို ပြန်စဉ်းစားမိရင် အဖြေမထွက်၊ ကိုယ့်ကိုယ်ကိုလည်း ဘယ်လိုမှ ယုံကြည်နိုင်လို့လည်း မရ။





သူတကယ်ပဲ နှင်းသစ္စာပေါ်မှာ အများကျူးလွန်ခဲ့မိသူလား၊ နှင်းသစ္စာကရော သူကျူးလွန်တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပြီလား။

"ခု လူလေးကို ဆုံးဖြတ်ခိုင်းတာ သမီးသစ္စာကနေ ဖွင့်ပြောလို့ ဆုံးဖြတ်ခိုင်းတာမဟုတ်ဘူး၊ သမီးသစ္စာဘက်ကနေ တစ်ခွန်းမှ မပြောဘူး၊ ဘိုးဘိုးနဲ့ ဘွားဘွား ကိုယ်တိုင်ဆုံးဖြတ်ချက်ချပြီးမှ လူလေးကို ဆုံးဖြတ်ချက်ချခိုင်းတာ လူလေး"

"သားမှားခဲ့ပြီလို့ ဘိုးဘိုးနဲ့ဘွားဘွား သတ်မှတ်ပြီးမှ တော့ သားဘက်ကနေ ငြင်းဆန်ဖို့ မလိုတော့ပါဘူး၊ သားအမှားကိုသား တာဝန်ယူပါတယ်"

"လူလေးဆီက ဒီစကားပဲကြားရမယ်ဆိုတာကို ဘွားဘွား ကြိုပြီးသိပြီးထားပါ၊ နှင်းသစ္စာလေးဟာ ဆင်းရဲနွမ်းပါးတာက လွဲပြီး ဘာမှအပြစ်ပြောစရာမရှိတဲ့ ကလေးမတစ်ယောက်ပါ"

"မင်္ဂလာကိစ္စကို လူလေးဘယ်လိုစဉ်းစားထားလဲ"

"ခုလောလောဆယ် သားအလုပ်က နားလို့မရသေးဘူး ဘိုးဘိုး၊ အထူးလေကြောင်းလိုင်းတစ်ခုကို ဖျသန်းပေးရမှာဆိုတော့ သားပြန်ရောက်တော့မှပဲ စီစဉ်စေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီညနေ ဘိုးဘိုး"

"အေးလေ သားပြန်ရောက်မှပဲ မင်္ဂလာကိစ္စကိုလုပ်ကြတာ
ပေါ့၊ ဘိုးဘိုးတပည့်နဲ့ ပြောထားတဲ့ကိစ္စကိုမျက်နှာ ပူပူနဲ့ပဲ ဖျက်
တော့မှာပေါ့ကွာ"

"သားတောင်းပန်ပါတယ်"

"အများတစ်ခုရယ်လို့ သဘောမထားဘဲနဲ့ ဖူးစာဆုံသင့်တဲ့
သူကို ကံကြမ္မာကနေ ရွေးချယ်လိုက်တယ်လို့ပဲသဘောထားလိုက်··"

- - - - - -





မင်္ဂလာရက်ကို ရွေးချယ်လိုက်ပြီဖြစ်သည်။

မင်္ဂလာအခမ်းအနားကို နှင်းသစ္စာဘက်မှ အကျဉ်းချုံးလေး
သာလုပ်ဖို့တောင်းဆိုခဲ့သောကြောင့် အာရုံနိုင်တို့အိမ်မှာပင်
အရင်းနှီးဆုံးမိတ်ဆွေလောက်နှင့်သာလုပ်ဖို့ဆုံးဖြတ်လိုက်ကြသည်။

အာရုံနိုင်စိတ်ထဲတွင် နှင်းသစ္စာနှင့် ပတ်သက်ပြီး သံသယ
များစွာရှိနေဆဲ···

"မင်းစိတ်ထဲမှာ နှင်းသစ္စာနဲ့ ပတ်သက်ပြီး သံသယရှိနေ
တယ်ပေါ့ဟုတ်လား"

"ဟုတ်တယ် အောင်မော်··ငါ မိုခနိသော်ညွှန့်ခံတဲ့နေ့က
သောက်ခဲ့တဲ့အရက်ဟာ မူးဖို့မပြောနဲ့ ခေါင်းထဲမှာ ရီဝေဝေတောင်
မဖြစ်ဘူး၊ ဟိုတယ်ကနေအိမ်ကိုတောင် ကားမောင်းပြီးပြန်လာ
ခဲ့တာပဲကွာ၊ သတိလက်လွတ်စရာ အကြောင်းမှမရှိတာပဲ၊ သံပရာ
ရည်သောက်ပြီးမှ ခေါင်းထူလို့မရတဲ့အပြင် ဘာမှမသိဖြစ်သွား
တာကို စဉ်းစားလို့မရတာ"



www.burmeseclassic.com

www.burmeseclassic.com



“နှင်းသစ္စာဘက်က သူ မင်းကျူးလွန်ပါတယ်လို့ ဖွင့်ပြောလိုက်လား”

“ဖွင့်ပြောရင် ငါ့ဘက်ကနေ စဉ်းစားစရာအကြောင်းတစ်ခုဖြစ်လာနိုင်တယ်၊ ခုသူ့ဘက်က ဖွင့်မပြောတော့ အဘိုးနဲ့ အဘွားတို့ဘက်ကနေပိုပြီးအားကောင်းသွားတာပေါ့၊ တစ်ဖက်က ကြည့်ရင် နှင်းသစ္စာရဲ့ ရိုးသားခြင်းနဲ့ အနစ်နာခံသလို ထင်ရပေမယ့် လုပတဲ့ ဝန်ခံခြင်းတစ်ခုကိုပေးသလို ဖြစ်နေတယ်”

“အာရုံ…မင်း သံသယကို ဖြေရှင်းဖို့အချိန်က ကြားမှာ တစ်ရက်ပဲ ရှိတော့တာ ဘယ်လိုရှင်းမလဲ”

“ရှင်းလို့လည်းမရတော့ပါဘူးကွာ၊ အဘိုးနဲ့ အဘွားကို ခေါင်းညိတ်ပြီးမှတော့ နှင်းသစ္စာဟာ ငါ့ဖူးစာရှင်လို့ပဲသတ်မှတ်ရတော့မှာပေါ့ကွာ၊ ဒါတွေခေါင်းထဲကထုတ်လိုက်တာပဲကောင်းပါတယ်၊ ပြန်ကြရအောင်၊ ဘိုးဘိုး…ကုမ္ပဏီဘက်ကို ဝင်ရဦးမယ်”

“ငါ့ကားကို ယူသွားပါလား”

“မယူတော့ဘူး အောင်မော်…ကုမ္ပဏီမှာ ဘိုးဘိုးကားရှိတယ်၊ ကုမ္ပဏီပဲ လိုက်ပို့ပေး”





“အင်း…”

အောင်မော်မောင်းလာသော ကားမှာ ဟိုတယ်တစ်ခုရှေ့သို့ ဖြတ်သွားစဉ်ဟိုတယ်ထဲသို့ မောင်းဝင်သွားသော ကားတစ်စီးကိုတွေ့လိုက်ရာ…

“ဟင်…”

“ဘာဖြစ်တာလဲ အာရုံ”

“အောင်မော် ဟိုတယ်ထဲကိုပြန်ကွေ့ပြီးမောင်း …. ကားတစ်စီးပေါ်မှာ နှင်းသစ္စာနဲ့ လူတစ်ယောက်၊ ဒီကောင့်ကို ငါတွေ့ဖူးတယ်၊ ဟုတ်ပြီ..ထိုင်းမှာ နှင်းသစ္စာကို ထိုင်းကောင်တွေလက်ထဲကို အတင်းထည့်ပေးနေတဲ့ဓေယျ”

“ဟာ…ဟုတ်လို့လား”

“မလွဲနိုင်ပါဘူး…အောင်မော်ရာ”

ဟိုတယ်ထဲသို့ ကားလေးမောင်းဝင်လာခဲ့တော့၏။ ဟိုတယ်သို့ ရောက်ပြီး ကောင်တာသို့ သွားစဉ်…

“ဟော့…အာရုံ…”

“ဟာ…ကျော်စိုးမောင်”



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မန်နေဂျာမှာ အာရုံနိုင်နှင့် ကျောင်းနေဘက်သူငယ်ချင်းဖြစ်နေသည်။

"ဘာကိစ္စရှိလို့လဲအာရုံ"

"စောစောက ဝင်လာတဲ့ အမျိုးသားနဲ့ အမျိုးသမီးအခန်းကို သိချင်လို့"

"အခန်း(....)မှာ ဘာဖြစ်လို့လဲ"

"သူတို့ ဒီမှာတည်းတာ ကြာပြီလား"

"အမျိုးသားကတော့တည်းနေတာ တစ်လလောက်ရှိပြီကွ... အမျိုးသမီးကတော့ တစ်ပတ်ကို တစ်ခါလောက်တော့လာပြီး တွေ့တယ်၊ ငါတို့ကို လင်မယားဆိုပြီး ပြောထားတာပဲ"

နှင်းသစ္စာ သူ့အစ်မဝမ်းကွဲဆီကို တစ်ပတ်တစ်ခါလောက် စားစရိတ်ထောက်ပါရစေဆိုပြီး ပြန်နေတာကို သိပေမယ့် လေးလေးနက်နက် သတိမပြုမိ...

"သူတို့အခန်းကို သွားချင်တယ် ဖြစ်မလား၊ သိပ်ကို အရေးကြီးနေလို့ ကျော်စိုးမောင် ငါ့ကိုကူညီပါ"

"ငါ့ဝန်ထမ်းကောင်လေးနဲ့ လိုက်သွားလိုက်၊ သူတို့ကိုအခုရက်





နဲ့ စားသောက်စရာသွားပြီးပို့စရာရှိတယ်၊ ဟိုမှာ လာနေပြီ"

အစားအသောက်ပို့မယ့် ဝန်ထမ်းလေးနှင့်အတူ လိုက်ပါသွားပြီးနောက် အခန်းတံခါးမှ လူခေါ်ဘဲ(လ်)ကိုနှိပ်လိုက်သည်။

"ကျွိ..."

အခန်းတံခါးပွင့်သည်နှင့် အာရုံနိုင်အခန်းထဲကို ဝင်လိုက်သည်

"ဟင်..ကို..အာ...ရုံ...နိုင်"

"ဟာ..."

"မင်းဘာပြောချင်သေးလဲ နှင်းသစ္စာ၊ မင်းရဲ့လုပ်ပတဲ့ ထောင်ချောက်တွေကို တစ်ခါပဲခံမယ်"

"ကျွန်...ကျွန်မ...ရှင်းပြတာကို နားထောင်ပေးပါ"

"နောက်ကျသွားပြီ နှင်းသစ္စာ၊ မင်းရှင်းပြရမှာ ငါ့ကို မဟုတ်ဘူး သက်ဆိုင်ရာကို ခုငါနဲ့အေးဆေးဆေးဆေး လိုက်ခဲ့ကြ"

"ကဲကွာ..."

"ဗိုး..."

ဖေယျ အမှတ်မထင်သူ့ကို ထိုးလိုက်ပေမယ့် ဗိုက်ဆာနားမှကပ်ပြီး ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း…အင်း…"

အာရုံနိုင် လက်ပြန်ရိုက်ချလိုက်သဖြင့် ဧယျ နရံသို့ကပ်သွားချိန်တွင် နှင်းသစ္စာပြေးထွက်ရန် ကြိုးစားစဉ်…

ဧယျမှ နှင်းသစ္စာကို လှမ်းပြီး ဆွဲလိုက်သည်နှင့် နှစ်ယောက်လုံး လုံးထွေးသွားကာ ကြမ်းပြင်တွင်လဲကျသွားသည်။

"ဟာ…"

ဧယျလက်ထဲမှာ ဓားမြှောင်က နှင်းသစ္စာ့ရင်ဝဆီသို့ စိုက်ဝင်သွားတော့သည်။

"ဖြောင်း…အား…"

အာရုံ…ဧယျ မျက်နှာကို ခြေဖြင့်ကန်လိုက်တော့သည်။

"အစ်·ကို· နှင်း··သ··စ္စာ··ကို ခွင့်လွှတ်ပါ"

"နှင်းသစ္စာ…"

အာရုံနိုင်ခေါ်သံကို နှင်းသစ္စာမကြားနိုင်တော့ ခေါင်းကလေးကျိုးကျသွားတော့သည်။ သိပ်မကြာ သက်ဆိုင်ရာ တာဝန်ရှိ သူများရောက်လာပြီး ဧယျနှင့် သူ့ကိုပါခေါ်ဆောင်သွားတော့သည်။ သူ၏ ကံကြမ္မာအဆုံးသတ်ကတော့ ပြီးဆုံးခဲ့ပြီ မဟုတ်လား။



------

"နောက်တော့ရော ဘာတွေ ဆက်ပြီးဖြစ်ခဲ့လဲ ကြီး"

"ဒီအမှုနဲ့ ကိုယ်လည်း ထောင်(၁)နှစ်ကျခဲ့တယ် "



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကိုယ်တိုင် မပတ်သက်ခဲ့ပေမယ့် ပါဝင်ပတ်သက်မှု ရှိခဲ့သူ အဖြစ်နဲ့ကျခဲ့တာ၊ ကိုယ်ထောင်ကျပြီး သိပ်မကြာဘူး ဘွားဘွားဆုံးသွားတယ်၊ ဘိုးဘိုးကတော့ ကိုယ်ထောင်ကလွတ်တဲ့နေ့မှာပဲ နှလုံးရောဂါနဲ့ ထပ်ပြီးဆုံးသွားတယ်၊ ကိုယ့်ဘဝရဲ့ ကြေကွဲခြင်းတွေက ဆက်တိုက်ဖြစ်သွားရတယ်ရှင့်"

"ဖေယျဆိုတဲ့လူနဲ့ နှင်းသစ္စာက ဘယ်လိုပတ်သက်ကြတာလဲ"

"ကိုယ်ထောင်ထဲရောက်မှသိရတာတော့ သူတို့(၂) ယောက်က လင်မယားတွေ၊ ဘန်ကောက်မှာ သဘောထား ကွဲလွဲပြီး ကိုယ့်ကို နှင်းသစ္စာကအယုံသွင်းပြီး မြန်မာပြည်ကို ပြန်ခဲ့တယ်၊ သူနာပြုသင်တန်းတက်ပြီး သူ့ဘဝကို ရပ်တည်နေတုန်း ဖေယျ မြန်မာပြည်ကို ခိုးဝင်ပြီး နှင်းသစ္စာနဲ့ ပြန်ဆုံပြီး ကိုယ့်ကို အပိုင်ဖမ်းဖို့ ကြံစည်ခဲ့ကြတာ"

"တကယ်ကိုအကြံကြီးကြတာပဲနော်၊ 'ကြိုး'ကရော ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာတာလဲ"

"ကိုယ်လည်း သူငယ်ချင်း ငါးဖမ်းစက်လှေနဲ့ စိတ်ပြေရာ





ပြေကြောင်းလိုက်ပါရင်း ပင်လယ်ထဲမှာမုန်တိုင်းမိပြီး အသက်မသေဘဲ ဒီရွာလေးကို ရောက်ခဲ့တာပဲ၊ ဒီရွာကိုရောက်တော့ ဆရာမကြီးဆီမှာ နေထိုင်ရင်းနဲ့ ကြိုးမေဆီကို ရောက်ခဲ့ရာကနေ လူသတ်မှုနဲ့ထောင်ထပ်ပြီး ကျသွားတာပဲ"

"ရန်ကုန်ကို မပြန်တော့ဘူးပေါ့"

"စိတ်ထဲမှာ ပြန်ချင်တဲ့ ဆန္ဒတွေရှိခဲ့ရင် ပြန်မယ်လေ၊ ဘယ်အချိန်ဘယ်အခါပြန်မယ်ဆိုတာတော့ မစဉ်းစားထားပါဘူး ညနေခင်းပြီး ပြန်ကြရအောင်နော်"

"အင်း..."

ပင်လယ်နေဝန်းကြီးမှာ ညနေခင်းလေပြေကလေးတွေနှင့် သာယာလေးတစ်ပုဒ်...။

------



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)





နေနတ်သမီးကျောက်တောင်ဆီသို့ ခရီးထွက်ဖို့အတွက် ပစ္စည်းတွေကို စက်လှေပေါ်တွင် တင်နေသည်။ မင်းလှိုင်ရောက်လာပြီး…

"ဒီဒီ…ကိစ္စတစ်ခုကတော့ ထူးနေပြီ"

"ဘာကိစ္စလဲဟ"

"ဟို ငါပြောတဲ့ ဦးဓေယျနိုင်ဆိုတဲ့ လူကြီးရွာကို ရောက်နေတယ်"

"ဟင်..အယ်…"

"သူတို့လာတဲ့ပုံက ရှေးဟောင်းသင်္ဘောကြီး တစ်စီးကိုရှာဖွေဖို့တဲ့"

"သူ့အလုပ် သူလုပ်တာပဲဟာ လုပ်ပါစေ၊ ကိုယ်နဲ့မှ မသက်ဆိုင်တာ၊ ခုဘယ်မှာ တွေ့ခဲ့တာလဲ"

"ဦးသာချို အိမ်ဘက်မှာ၊ ဒီလူတွေနဲ့ ပေါင်းပြီးလုပ်ကိုင်မယ့်သဘော၊ ငါတို့ခရီးစဉ်ကညသေချာသွားပြီလား"

"ကြိုးကတော့ ဒီည ရာသီဥတုနဲ့ သွားမယ်လို့ပြောတယ်"

"ခုသူရော"



www.burmeseclassic.com

www.burmeseclassic.com



"စက်လှေအတွက် ပစ္စည်းတွေသွားပြီး ဝယ်နေတယ်၊ ဟိုမှာ လာနေပြီ"

"ရန်နီရေ ကိုယ်တို့ ခပ်စောစောသွားကြမယ်"

"ဘာဖြစ်လို့လဲ ကြိုး"

"ရာသီဥတုကို သိပ်ပြီးမကြိုက်လို့ ခပ်စောစော ထွက်တာ ပိုပြီးကောင်းလိမ့်မယ်"

"ကြိုး သဘောပဲလေ"

"နောက်တစ်နာရီလောက်ဆို သွားကြမယ်၊ ယူစရာရှိတာတွေကို ယူပြီးကြပြီလား"

"ယူပြီးသွားကြပြီ၊ မင်းလှိုင်..အိသူနဲ့...နေကျော်တို့ကို သွားပြီးပြောတော့ဟာ၊ သူတို့ကိုယ်သူတို့ မင်္ဂလာဧည့်ခံပွဲသွားမယ်များမှတ်နေလား မသိဘူး"

"ကောင်မစုတ် ဘာအတင်းပြောနေတာလဲ၊ ခုသွားမယ်ဆိုရင်တောင်ရပြီ"

"လူစုံရင် ဒီက ခဏလေးစောင့်၊ ကိုယ်ပစ္စည်းတစ်ခုသွားပြီးယူလိုက်ဦးမယ်"





"အင်း..."

'ကြိုး' ကမ်းပေါ်သို့ အပြေးကလေးတက်သွားပြီး သိပ်မကြာ၊ အိတ်ရှည်ကြီးတစ်ခုကို လွယ်ပြီး ပြန်ရောက်လာသည်။

"ဘာတွေလဲ ကြိုး"

"တောင်ပေါ်တက်ဖို့ စတီးကွင်းကြိုးတွေနဲ့ ဒူးလေး တစ်လက်ပါ၊ ခရီးစပြီး ထွက်ပြီ..."

"ဒုတ်...ဝူး...ဝူး..."

ရန်နီဒီဒီစက်လှေကြီး အေးချောင်းရွာကမ်းလေးဆီမှ စတင်ပြီး ခွာခဲ့လေတော့သည်။

"ခုလို ရေစုန်နဲ့ဆိုရင် ငါးနာရီမောင်းရင်တော့ ရောက်ပြီ၊ ကိုယ်တို့ခုသွားမယ့်ခရီးမှာ အန္တရာယ်တစ်ခုတော့ ကပ်ပါလာပြီ"

"ဟင်...ဘယ်လိုအန္တရာယ်လဲ ကြိုး"

"ဦးသာချိုနဲ့ အဂ္ဂတို့လည်းနေနတ်သမီးတောင်ကို သွားကြမလို့တဲ့"

"ဟယ်..."

"ကိုယ်ကြားရတဲ့ သတင်းကတော့ မြို့က လူတစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း(၅၀၀)လောက်က ရွက်လှေကြီး တစ်စီးကို ရှာဖို့တဲ့"

"ရွက်လှေရှာတာ ရေအောက်မှာ မရှာဘဲ နေနတ်သမီး ကျောက်တောင်မှာရှာရတာလဲ"

"ရွက်လှေက နေနတ်သမီးတောင်ပေါ်မှာ ရောက်နေလို့ပေါ့ ..."

"ကြိုး တကယ်ပြောနေတာလားဟင်"

"ဟုတ်တယ် ရန့်၊ ကိုယ်တောင်ပေါ်ကိုတက်တုန်းက တောင်ရဲ့ အပေါ်ဆုံးရောက်ခါနီးနေရာမှာ ကျောက်တွေနဲ့ ကပ်ပြီးနေတဲ့ ရှေးဟောင်းရွက်လှေတစ်စီးရဲ့ ဦးပိုင်းတစ်ခုကို တွေ့ရတယ်"

"အံ့သြစရာပဲနော်"

"ပင်လယ်ရေမျက်နှာပြင် အောက်ကနေ ကျောက်တောင်ကြီးအဖြစ်နဲ့ အပေါ်ကို တက်လာခဲ့တာဖြစ်မယ်"

"ကြိုးပြောတာ ဖြစ်နိုင်တယ်၊ ကျွန်တော့်ဆရာလည်း ဒီအတိုင်းပဲပြောဘူးတယ်လေ၊ ဒီရွက်လှေကြီးထဲမှာ အဖိုးတန်တဲ့ ရတနာ သေတ္တာတွေပါသွားတယ်ဆိုတော့ ဦးဇေယျနိုင်တို့ အတွက် သူဌေးဖြစ်ကိန်းပဲနော်"





"ရေအောက်မှာသာရှာလို့လွယ်မယ်၊ ခုကျောက်တောင်ကြီး ပေါ်မှာတော့ ရွက်လှေကြီးထဲ ဝင်ဖို့ကတော့ မလွယ်လှဘူး ....။ နှစ်ပေါင်းရာချီပြီးဖြစ်တည်နေတဲ့ ကျောက်တွေကို ထုခွဲဖို့ဆိုတာ လွယ်တဲ့ကိစ္စမှမဟုတ်တာပဲ"

"သူတို့က ဘယ်လိုပုံစံမျိုးနဲ့ ကျောက်တွေကို ဖယ်ထုတ်မလဲ မသိဘူး"

"ငါ့အထင်တော့မိုင်းနဲ့ ခွဲမလား မသိဘူး"

"မိုင်းနဲ့ခွဲရင် အားလုံးဒုက္ခရောက်သွားမယ်၊ ကျောက်တောင်ကြီးအောက်ခြေပိုင်းဟာ တုန်ခါမှုအားလုံးကို ခံနိုင်မှာမဟုတ်ဘူး၊ အားလုံး...သေတွင်းထဲကို သွားသလိုဖြစ်သွားမှာ"

"ရန့်ရေ ကိုယ့်သေတွင်းထဲတိုးဝင်တဲ့ထဲမှာ ငါတို့တော့ လိုက်ပြီး မဝင်နဲ့နော်"

"အခြေအနေကိုစောင့်ပြီး ကြည့်ကြတာပေါ့ကွာ"

"ဖြန်း...ဝုန်း...ဝုန်း..."

ပင်လယ်ရေလှိုင်းကလေးတွေမှာ ခပ်ပြင်းပြင်းလေး ထိုး ခတ်လာသည်ကိုသတိပြုမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲမှာ ထင်တဲ့အတိုင်းတော့ဖြစ်ပြီ"

"ကြိုး…ဘာထင်ထားလို့လဲ"

"ဒီနေ့ မနက် ကိုယ် ပင်လယ်ပြင်ဘက်ကို လမ်းလျှောက်ထွက်တော့၊ ရေပြင်အနေအထားက တစ်မျိုးဖြစ်နေတယ်၊ ပင်လယ်ငှက်တော်တော်များများ ကမ်းတွေဆီကို အသိုက်ပြောင်းတဲ့ပုံစံမျိုးနဲ့ အုပ်စုလိုက်လာနေကြတယ်၊ ဒါဟာ ပင်လယ်ရေအောက်မှာရှိတဲ့ တုန်ခါမှုတစ်ခုဖြစ်ပေါ်မယ့် အခြေအနေတစ်ခုပဲ"

"ဘုရား… ဘုရား…ဘုရား…ရေအောက်မီးတောင်ပေါက်ကွဲတာမို့လား မသိဘူး"

"မီးတောင်ပေါက်ကွဲမယ့် လက္ခဏာနဲ့တော့ ခပ်ဆင်ဆင်ပဲ"

"ကြိုး အခြေအနေမကောင်းရင် ပြန်ပြီးလှည့်မလား"

"ခုချိန်မှာ ပြန်ပြီးလှည့်ရင် မမီတော့ဘူး"

"ဝုန်း…"

"အမေ့…ဘုရား…."

ပင်လယ်ရေပြင်မှာ တစ်စတစ်စနှင့် ပိုပြီးကြမ်းလာတော့သည်၊ ရန့်ဒီဒီလှမ်းပြီး တွေ့နေရသော လှိုင်းလုံးကြီးတွေကို မကြည့်





ရဲအောင်ပင် ဖြစ်နေသည်။

"ရန့်တို့အားလုံး ခေါင်းတွေငုံ့ပြီးနေကြ၊ လှိုင်းရိုက်ပြီး ဝါသွားမယ်"

"ဝုန်း…"

လှိုင်းလုံးကြီးတွေမှာ စက်လှေကိုကျော်ပြီး ကျနေတော့သည်၊ 'ကြိုး'မှာတော့ လှိုင်းလုံးကြီးတွေကို အန်တုလျက် လှော်ခြောက်ရာတို အားစိုက်ပြီး မောင်းနေတော့သည်။

"ဒီဒီရေ… ဒီတစ်ခါတော့ သွားပြီထင်တယ်"

"အိသူ…."

ရန့်ဒီဒီ၊ အိသူလက်မောင်းလေးကိုဆုပ်ကိုင်ပြီးထားလိုက်သည်။ ပင်လယ်ပြင်ကြီးမှာ လှိုင်းလုံးကြီးတွေမှလွဲပြီး ဘာတိုမှ မမြင်ရတော့ပါ။

'ကြိုး'သိပ်ပြီးမဝေးလှသော ကျောက်ဌူကြီးတစ်ခုဆီသို့ ရောက်အောင်မောင်းနေရသည်။ သူတို့အတွက် ကံကောင်းခြင်း ကျောက်ဌူကြီးပင်ဖြစ်သည်။

ထိုကျောက်ဌူကြီးသာမရှိခဲ့ရင် သူတို့(၅)ယောက်၏ အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်မှာ ရှိမှာမဟုတ်တော့ပေ··။

"ဝုန်း···ဒုန်း···"

"ဟယ်···"

ကြိုး စက်လှေကိုစက်သတ်ပြီး လှေဦးမှ ကြိုးကို ကိုင်ကာ ရေထဲသို့ ခုန်ဆင်းသွားတော့သည်။ ပြီးမှ ကြိုးစကို ကျောက်ငူ တစ်ခုတွင်ခိုင်အောင်ချည်ပြီးမှ ကမ်းပေါ်သို့ တစ်ယောက်ချင်း ဆွဲတင်သည်။

"ဟို···ကျောက်ငူကြီးအောက်ကို ဝင်နေကြ"

ကြိုးပြတဲ့ ကျောက်ငူကြီးမှာ ဂူကြီးတစ်ခုလို ပင်ဖြစ်နေပြီး သိပ်အကျယ်ကြီးမဟုတ်၊ လူ(၅)ယောက် နေလို့ရတဲ့ နေရာတစ်ခု ပင်လယ်လှိုင်းကြီးတွေမှ ရိုက်ခတ်တဲ့ရေတွေကတော့ ကျောက် ဆောင်ကြီး ကျော်ပေးထားသလိုဖြစ်နေတာမို့··· လေနှင့်ရေဒဏ် မှ သက်သာခဲ့ကြတော့သည်။

"ကြိုးရယ်"

ရန့်ဒီဒီ···ကြိုးကိုကြည့်ပြီး သနားမိတယ်၊ လှိုင်းကြီးတွေ ရိုက်ခတ်နေသည့်ကြားမှ ပစ္စည်းတွေကို တစ်ယောက်တည်း ဆယ်





ယူနေရသည်။ မင်းလှိုင်နဲ့ နေကျော်တို့ကို အရွှေရာယ်များသော ကြောင့် မသယ်နိုင်း···၊ ပစ္စည်းအားလုံးစုံတော့မှ····

"ကြိုး အဝတ်အစားလဲလိုက်ပါလား"

ရန့်ဒီဒီတို့ အားလုံးရေစိုပေမယ့် 'ကြိုး'လောက်တော့ ရွှဲရွှဲနစ် နစ်ကြီး ဘယ်သူမှမရှိကြ···

"ပင်လယ်ထဲမှာ (၃)ရက်တောင် မျောခဲ့တဲ့ လူပဲ၊ ဒီလောက် အစိုကတော့ ဘာမှမဖြစ်လောက်ပါဘူး"

"ကြိုး·· ဒီနေရာလေးက စိတ်ချရပါ့မလား"

"ဒီကျောက်ငူက အုံ့ဖွယ်ထဲမှာ တစ်ခုအပါအဝင်ပဲ ပင်လယ် မှာ ရေဘယ်လောက်ကြီးကြီး တခြားကျောက်ဆောင် ကျောက်ငူ တွေသာ မြုပ်သွားမယ်၊ ဒီကျောက်ငူကြီးက ဘောကြီးတစ်ခုလို ရေပေါ်ကိုပြန်ပြီးတက်လာသလားမှတ်ရတယ်၊ စိတ်ချပြီးသာနေ မိုးရွာရင်တောင် နေလို့ရတယ်"

"အဲတော့ ပြောကာမှ မိုးစက်တွေ ကျလာပြီ"

"ဟီး···အီး···ချမ်းလိုက်တာ"

အိသူကိုယ်ကလေး တုန်တုန်ယင်ယင် ဖြစ်နေသလို ရန့်ဒီဒီတို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပင်လယ်အအေးဒဏ်ကို အလူးအလဲခံနေရတော့သည်။

“ဒီဒီ…နှင်ပါတ်ဘူးမယူလာဘူးလား”

“ခရီးဆောင်ပါတ်ဘူးထဲမှာ လိုရမယ်ရဆိုပြီး ရေနွေးထည့်လာခဲ့တာ၊ လှေဝမ်းထဲမှာ ထည့်ထားတာ”

‘ကြိုး’…ရန်နဲ့ဒီဒီတို့ကို ဘာမှမပြောတော့ပဲ မိုးရေထဲကို ထွက်သွားပြီး စက်လှဆီသို့ သွားတော့သည်။

“ဝေါ…ဝုန်း…”

“ဟယ်…ကြိုး”

ကြီးမားလှသော လှိုင်းလုံးကြီးနှင့် လေကြမ်းကြီး အောက်တွင် ကြိုးတစ်ယောက် လွင့်စင်သွားသည်ကို တွေ့လိုက်ရသည်။

“ဒုက္ခပါပဲဟာ သူ…သူ…ပင်လယ်ထဲ ပြုတ်ကျသွားပြီ ထင်တာပဲ”

အားလုံး စိတ်မကောင်းစွာနှင့် ကြည့်၍နေကြတော့သည်။

“ဟယ်…ဟိုမှာပြန်ပြီး တက်လာပြီ”

မင်းလှိုင်လည်းမနေသာတော့ဘဲ ကြိုးရှိရာကို ထွက်မည်အပြု…





“ကိုမင်းလှိုင် မလာနဲ့၊ ငါလာလို့ရတယ် လေက အရမ်းကြမ်းနေတယ်”

‘ကြိုး’လှမ်းပြီးအော်ပြောသောကြောင့် မင်းလှိုင်ပြန်ပြီး ထိုင်နေလိုက်ရသည်။ ခဏအကြာတွင် ‘ကြိုး’လက်ထဲတွင် ခရီးဆောင်စတီးပါတ်ဘူးကြီးကို ကိုင်လျက်ရောက်လာတော့သည်။

“ကြိုးရယ်…ရန်တို့ကြောင့် ကြိုးတစ်ခုခုဖြစ်ရင် ဘယ်လိုမှဖြေလို့ရမှာမဟုတ်ဘူး”

“ရန်တို့ကို ကျောက်ဂူကြီးမှာထားပြီး ကိုယ်ကျဆုံး လို့မဖြစ်သေးပါဘူး၊ ရေနွေးသောက်လိုက်ဦး”

ရေနွေးပူပူလေးကို တစ်ယောက်တစ်ခွက်စီသောက်လိုက်တော့မှ ကိုယ်ထဲမှ နွေးထွေးသွားတော့သည်။

“ကိုယ်တို့ ဒီအတိုင်းဆိုရင် ဒီမှာညအိပ်ရဖို့များပြီ၊ လှိုင်းက ကြမ်းသထက် ကြမ်းနေတယ်”

ကြိုးမှ အိပ်ဖို့ပြောတော့ ကျောက်ဂူလေးထဲတွင် (၅) ယောက်လုံးအိပ်ဖို့ကမဖြစ်နိုင်…

“ကြိုးရေ ငုတ်တုတ်ပဲ အိပ်ကြရမယ့် ကိန်းပဲဟေ့”



www.burmeseclassic.com

www.burmeseclassic.com

ခုခရီးစဉ်က အမှတ်တရပဲဟော့"

ရန့်ဒီဒီအတွက်တော့ အားလုံးထက်ပိုပြီး အမှတ်ရဆုံး ဖြစ်နေသည်။

------

**ဇာတ်သိမ်းခန်း**

တစ်ညလုံး အိပ်စက်လို့မရနိုင်သဖြင့် ယူဆောင်လာသော မီးအိမ်လေးကို ထွန်းပြီး မိုးလင်းခါနီးမှ ရန့်ဒီဒီမှေး ပျော်သွား





တော့သည်။

"အယ်..."

ရန့်ဒီဒီ ပါးပြင်ဆီသို့ ရေစက်ကလေးတွေ ကျတော့မှ မျက်လုံးလေးကို ဖွင့်ကြည့်တော့ ကောင်းကင်ကြီးမှာ လင်းလက်နေလေပြီ။ သူ့ဘေးတွင် အိပ်သူကလည်းအိပ်ပျော်လျက်...မင်းလှိုင်နှင့် နေကျော်တို့သည်ကျောက်နံရံကို မှီပြီးအိပ်ပျော်နေသည် 'ကြိုး' တစ်ယောက် တော့မတွေ့၊ ရန့်ဒီဒီလိုက်ပြီးရှာတော့ ကျောက်ဂူစပ်တွင် မတ်တတ်ရပ်နေသော 'ကြိုး'ကို တွေ့လိုက်ရသည်။

"ကြိုး"

"သြော်...ရန့်တောင် နိုးပြီလား ကိုယ်တို့ စက်လှေကတော့ ညက လှိုင်းရိုက်ချက်တွေနဲ့ ပျက်စီးသွားပြီ"

"ဟင်..."

"ခရီးဆက်ဖို့ကတော့ မစဉ်းစားနဲ့တော့ ရန့်၊ ပင်လယ်ကြီး အခြေအနေက မကောင်းဘူး၊ ကိုယ်တို့ ဒီကနေ အမြန်ဆုံးခွာနိုင်အောင် ကြိုးစားရမယ်"

"စက်လှေမရှိဘဲ ဘယ်လိုလုပ်မလဲ ကြိုး"



www.burmeseclassic.com

www.burmeseclassic.com



"ငါးဖမ်းစက်လှေတစ်စီးစီးကို စောင့်ရတော့မှာပေါ့"

"ဟိုမှာ စက်လှေကြီး တစ်စီးလာနေတယ်"

စက်လှေကြီးမှာ ရွာဘက်ဆီကို သွားနေခြင်းမဟုတ်၊ ပင်လယ်ပြင်ဘက်ဆီသို့ ဦးတည်ပြီး ခုတ်မောင်းနေခြင်း ဖြစ်သည်။

"ကိုယ်တို့ဆီမှာ မှန်ဘီလူးပါလာသေးလား"

"အင်း…နေကျော်ယူလာတယ်"

"သွားပြီး ယူရအောင်"

နေကျော်တို့ကိုပါ နိုးပြီး 'ကြိုး' မှန်ဘီလူးကိုယူကာ အဝေးမှလာနေသော စက်လှေကို ကြည့်လိုက်သည်။

"ရန့်ရေ အန္တရာယ်စက်လှေပဲ ဦးသာချို့နဲ့အဂ္ဂတို့ စက်လှေနေနတ်သမီးကျောက်ဆောင်ကို သွားကြမလို့ထင်တယ်၊ ကိုယ်တို့ကို မတွေ့ပါစေနဲ့…"

ကျောက်ဂူထဲကို ပြန်ပြီးဝင်ကာ ပုန်းလျှိုးနေလိုက်သည်။ ဦးသာချို့တို့ စက်လှေကြီး ကျောက်ဂူကြီးကို ကျော်သွားပြီးတော့မှ အပြင်သို့ပြန်ပြီး ထွက်ခဲ့ကြတော့သည်၊ ရန့်ဒီဒီတို့ ရောက်နေသောနေရာမှာ နေနတ်သမီးကျောက်တောင်ကြီးနှင့် သိပ်ပြီးမဝေး…





"လောဘစိတ်နဲ့ အန္တရာယ်ကို မမြင်ကြတော့ဘူး"

"ကြိုး…ဘာတွေဆက်ပြီး ဖြစ်မှာလဲဟင်"

"ပင်လယ်ရေပြင်ကြီးထဲမှာ ကိုယ်တို့ခုရောက်နေတဲ့ နေရာမှာအောက်ရေလှိုင်းတွေရိုက်နေတာကိုကြည့်ရင် နေနတ်သမီးကျောက်တောင်ကြီး အောက်ခြေပိုင်းတွေ ပြိုကျနေပြီထင်တယ်"

"ရှင်…"

"ဟာ…"

"ကိုယ်တို့ခုနေတဲ့ ကျောက်ဂူတောင် ဒုက္ခပေးနိုင်တယ်၊ ပင်လယ်ထဲကစက်လှေတစ်စီးမှ မတွေ့ရတော့ကံကြမ္မာသဘောပဲလို့သဘောထားရတော့မှာပဲ။ နောက်ဆုံးအချိန်ထိတော့ ရင်ဆိုင်ပြီး အန္တရာယ်ကိုကျော်ဖြတ်ရမှာပဲ၊ စိတ်ဓာတ်တော့မကျကြပါနဲ့"

"ကြိုးရေ ဟိုမှာ ဘာကြီးလဲမသိဘူး"

"ဟာ…ဒါလှေတစ်စီးမှောက်ပြီး မျောလာတာ…"

ကျောက်ဂူနှင့် သိပ်ပြီးမဝေးသော နေရာတွင် မှောက်နေသောလှေတစ်စီးကို တွေ့လိုက်ရသဖြင့် 'ကြိုး' အင်္ကျီကိုချွတ်ကာ ရေထဲခုန်ဆင်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား…ဘုရား…ဘုရား….'ကြိုး' ဘာမှမဖြစ်ပါစေနဲ့"

ရန့်ဒီဒီမျက်တောင်ပင်မခတ်နိုင်ဘဲ 'ကြိုး' ကို လိုက်ကြည့်ရင်း ဆုတောင်းနေမိသည်။

'ကြိုး' တစ်ယောက် လှေကြီးကိုတစ်ယောက်တည်း ကျောက်ဂူနားဆီသို့ ဆွဲလာ၏ လှိုင်းတွေရိုက်ခတ်လိုက် မြုပ်သွားလိုက်နှင့် ကြားမှရောက်အောင်ဆွဲလာခဲ့သည်။

"ဝှန်း…"

လှေကြီးကို ပခုံးဖြင့် ရေထဲမှထမ်းပြီး ပက်လက်လှန်လိုက်သည်နှင့်…

"ကိုမင်းလှိုင်နဲ့ နေကျော်ရေ…ရေတွေကို ခပ်ထုတ်ဟေ့"

"ရန့်တို့ပါ ခပ်ထုတ်ပေးမယ်"

ရန့်ဒီဒီနှင့် အိသူပါ လှေထဲကို ဆင်းပြီး ရေတွေကိုခပ်ထုတ်ကြတော့သည်။ တစ်နာရီခန့်ကြာအောင် မောရမှန်းမသိဘဲ လုပ်ကိုင်လိုက်သဖြင့် ရေတွေကုန်သလောက် ဖြစ်သွားသည်။

"ကိုယ်တို့အတွက် ကံကောင်းတာပဲ၊ လှော်တက်ကို အောင်မှာ ကြိုးနဲ့ချည်ထားတယ်၊ နို့မိုဆိုရင် လက်နဲ့ယက်ပြီး သွားရမှာ





အားလုံးလှေပေါ်ကို တက်ကြတော့…"

ရန့်ဒီဒီတို့လှေပေါ်ကို ရောက်သည်နှင့် ကြိုးဟာ အားစိုက်ပြီး ကျောက်ဂူကြီးဆီမှ လှော်ထွက်ခဲ့တော့သည်။

ရန့်ဒီဒီတို့ နောက်တွင် နေနတ်သမီး ကျောက်တောင်ကြီးမှာတဖြည်းဖြည်း ဝေးပြီးကျန်ခဲ့တော့သည်။

"ဝှန်း…"

"အမေ့…"

"ဟာ….ဒီလူတွေ"

ကြောက်မက်ဖွယ်ကောင်းသော ပေါက်ကွဲသံကြီးနှင့်အတူ လှမ်းပြီးမြင်လိုက်ရသော မြင်ကွင်းမှာ ထိတ်လန့်စရာတစ်ခုပင် ဖြစ်တော့သည်။

ဦးသာချို၊ အင်္ဂနှင့် ဦးဇေယျနိုင်တို့ လောဘရဲ့သားကောင် အုပ်စုမှ ထင်ထားတဲ့အတိုင်း ကျောက်တောင်ကြီးကို မိုင်းတပ်ပြီး ခွဲလိုက်ခြင်းကြောင့် အောက်ခြေပြိုနေသော နေနတ်သမီး ကျောက်တောင်ကြီး ပြိုကျသွားတော့သည်။

ရန့်ဒီဒီတို့အေးချောင်းရွာနားဆီသို့ ရောက်လုလုတွင် နေနတ်



www.burmeseclassic.com

www.burmeseclassic.com

ကြပြီဖြစ်သည်။

ရမ္မက်၏နောက်သို့ လိုက်သွားကြသော လူတစ်စု ကံကြမ္မာသည်လည်းအဆုံးသတ်ခဲ့လေပြီ…။

------

အေးချောင်းရွာ၏ ကမ်းနံဘေးတွင် ရွာသူရွာသား တွေနှင့် သော်လှိုင်၊ ဦးလေးပိုင်တို့ မြင်ကွင်းဆိုးကြီးကို ကြည့်နေကြရင်း





ရန့်ဒီဒီတို့ကိုတွေ့မှ…

“ဟူး…. ငါကတော့ မင်းတို့အားလုံးသွားပြီလို့မှတ်တာ၊ မြို့ကို ပြန်ရင် ငါတစ်ယောက်တည်းဆိုပြီး တွေးနေတာ”

“သော်လှိုင်…မင်းလှိုင်ဆိုတဲ့ကောင်က ဘယ်တော့မှ ရေနစ်မသေဘူး မေခလာနဲ့ အမျိုးတော်တယ်”

“ခွေးကောင် ခုမှ ဘာသတ္တိကောင်းနေတာလဲ၊ ဟိုညကတော့ ဒင်းရုပ်မှာ သွေးတစ်စက်မှမရှိဘူး”

ကမ်းပေါ်မှ အားလုံးပျော်ရွှင်ရယ်မောနိုင်ကြတော့သည်။ ‘ကြိုး’ တစ်ယောက်ကတော့ သူသယ်လာတဲ့ လှေကလေးကို ကမ်းပါး သို့ဆွဲတင်နေသည်

“ကြိုး”

“ရန့်”

“ကြိုး..မြို့ကို မပြန်တော့ဘူးလား”

“ပြန်ချင်ပါတယ်..ခေါ်မယ့်သူ မရှိဘူးလေ”

“ရှိမယ်ဆိုရင်ရော”

“ရိုးရိုးခေါ်လို့မရဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခေါ်ရမလဲ ပြောကြည့်"

"ခိုင်မာတဲ့ ကြိုးလေးတစ်ချောင်းနဲ့ တုပ်နှောင်ပြီး ခေါ်မှဖြစ်မှာ"

"ခေါ်ရမှာရှင်...ကဲ..စပြီးတုပ်ပြီ"

"ဘာကြိုးနဲ့လဲ"

"တစ်ဘဝလုံးမဖြတ်တောက်နိုင်တဲ့ နှလုံးသားကြိုးနဲ့လေ"

"ဟိုး....လူကြီး ဟိုမှာလူတွေနဲ့နော်"

"ဘယ်သူမှမမြင်ဘူးလို့ သဘောထားလိုက်ပေါ့"

မင်းလှိုင်လှမ်းပြီးအော်လိုက်တော့မှ ဆုပ်ကိုင်ထားသော လက်လေးကို လွှတ်လိုက်တော့သည်။

*ပရိသတ်များကိုအစဉ်လေးစားလျက်*

ရွှေဘဝင်



BURMESE CLASSIC
www.burmeseclassic.com